နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်စဉ် (၁) မှ (၁၆) ထိ

ဆုံးဖြတ်တော်မူခဲ့သော

# အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း

## (အကျဉ်းချုပ်)



၁၁

ပြုစုသူ - ဦးညွန့်မောင်

(မဟာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း IDF မှ

စီစဉ်ထုတ်ဝေသည်။

၂၉၄ . ၁၁၁
၂-၄၀
ညီ၈

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့
အမှတ်စဉ် (၁) မှ (၁၆)

# အာဓမ္မဝါဒ ဝိနိစ္ဆယကျမ်း
## (အကျဉ်းချုပ်)

ဦးညွန့်မောင်
(ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(ငြိမ်း)

ဓမ္မဒါန လှူဒါန်းလိုသူများ ဆက်သွယ်ရန်

အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဗိဟာင်ဒေးရှင်း ( IDF )
၁၀၇၄၊ဗိန်မဟာရ်အောင်ဘုရားလမ်း၊ ၇-ရပ်ကွက်၊ သာကေတ။ ဖုန်း-၀၉၅၁၂၈၃၃၀
( နိုင်ငံအနှံ့၊ ဒေသအနှံ့ အိမ်တိုင်း၊ ကျောင်းတိုင်းသို့ ဤဓမ္မစာအုပ်များ ပြန့်ပွားရောက်ရှိစေရန်
စီစဉ်ခြင်း၊ လှူဒါန်းခြင်းဖြင့် သာသနာပြုကုသိုလ်ကိုဆောင်ရွက်ကြပါစို့.)
ကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီးများသို့ ဓမ္မဒါနလှူဒါန်းပါသည်။
ဆက်သွယ်၍ အလှူခံယူတော်မူနိုင်ကြပါသည်။

## ပုံနှိပ်မှတ်တမ်း

သာသနာရေးဦးစီးဌာန
ဘာသာရေးစာပေခွင့်ပြုချက်စာအမှတ် -
၁၁၉/ ၀၁/ (ပုံနှိပ်) သသန -၁၀ (၂. ၁၁. ၂၀၁၀) ဖြင့်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်အတွက်
ဦးဝင်းနိုင် (ညွှန်ကြားရေးမှူး)
ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ သာသနာရေးဦးစီးဌာနမှထုတ်ဝေ၍
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်)
(မြ - ၀၇၀၅၇) အမှတ် ၁၄၇၊ ၅၁လမ်း၊ ၁၀-ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်တွင် ရိုက်နှိပ်သည်။
၁၃၇၂ ခု၊ ပြာသိုလ။ ၂၀၁၁-ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်၊ အုပ်ရေ- ၂၀၀၀


## ဓမ္မဒါန


**Dhamma Beams Publishing House**

727-A,Marga 4th Street, 12-Block
South Okkalapa TSP, Yangon.,Myanmar.
P.O Box-191, C.P.O, Yangon; Tel; 095127330
Website; www.dhammacakka-idf.org

# အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း

ဦးညွန့်မောင် (ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ် )

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း သို့မဟုတ် သာသနာတော်သမိုင်းအတွက် ကောင်းမှုတော်တစ်ခု | ၅ |
| ၁။ | ကျောက်သဘော်ဝါဒ | ၁၃ |
| ၂။ | လူသေလူဖြစ်ဝါဒါနုဝါဒ (သမ္မဒိဋ္ဌိသုတေသန၊ ရွှေအဘိဓမ္မာ) | ၂၁ |
| ၃။ | ကြောင်ပန်းတောရဝါဒ | ၄၃ |
| ၄။ | ကျောက်ပုံကောရဝါဒ | ၅၁ |
| ၅။ | ဦးမာလာဝရ(ရေတာရှည်)ဝါဒ | ၆၃ |
| ၆။ | ဓမ္မနီတိဝါဒ | ၆၇ |
| ၇။ | မိုးညို(မြောက်ဥက္ကလာပ)ဝါဒ | ၇၃ |
| ၈။ | ထွန်တုံးလက်ကျန်ဦးထင်ဝါဒ | ၈၀ |
| ၉။ | သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ | ၉၃ |
| ၁၀။ | နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာဝါဒ | ၉၆ |
| ၁၁။ | စမ်းကလေးဝါဒ | ၉၈ |
| ၁၂။ | မိုးကုတ်ဝိနိစ္ဆယ | ၁၀၅ |
| ၁၃။ | ဘိက္ခုနိဘာဝါဘာဝဝါဒ | ၁၁၃ |
| ၁၄။ | အောင်ဆန်းတောရဝါဒ | ၁၁၇ |

၁၅။ မိုးညှင်းမြို့အရှေ့ရိပ်သာခေမိန္ဒဝါဒ ၁၂၃
၁၆။ မြစ်ကြီးနားဝိစိတ္တသာရဝါဒ ၁၄၁
၁၇။ ဆူးလေဦးမြင့်သိန်းဝါဒ ( ညွှန်ကြားလွှာ-၅၀) ၁၅၁
၁၈။ ဦးမြတ်သိန်းထွန်းဝါဒ ( ညွှန်ကြားလွှာ-၅၂) ၁၅၃
၁၉။ ဉာဏစာဂီဝါဒ ( ညွှန်ကြားလွှာ-၃၇) ၁၅၄
၂၀။ ၁၉၈၃ ခုနှစ် မိုးပြာဂိုဏ်း အမှုဟောင်း ၁၅၇
၂၁။ အဓမ္မဝါဒဝိနိစ္ဆယဆိုင်ရာညွှန်ကြားလွှာများ ၁၆၂
၂၂။ အဓမ္မဝါဒနှင့်စပ်လျဉ်း၍ညွှန်ကြားလွှာ(နမူနာ) ၁၆၅
(ဆူးလေဦးမြင့်သိန်း)
၂၃။ ဆုံးဖြတ်ပြီးသောအဓမ္မဝါဒများအား ဟောကြား
ရေးသား ဖြန့်ဝေနေမှုကို တားမြစ်ရန်ကိစ္စ ၁၆၉
(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ထုတ်ပြန်ချက်)
၂၃။ ဆုံးဖြတ်အပ်ပြီးသောအဓမ္မဝါဒစာရင်း(ပူးတွဲ) ၁၇၃
၂၄။ ဆုံးဖြတ်အပ်ပြီးသောအဓမ္မဝါဒများအား
ဟောကြား ရေးသားဖြန့်ဝေနေမှုကို တားမြစ်ရန်ကိစ္စ ၁၇၈
(ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ထုတ်ပြန်ချက်)
၂၅။ အဓမ္မဝါဒများအား ရှုမြင်ဆင်ခြင်ခြင်း ၁၈၁
( ဓမ္မစက္က ဦးမောင်မောင်)

**(ဓမ္မနှင့်အဓမ္မ)**

မြတ်စွာဘုရား၊ ဟောပြထားသည့်၊ တရားဒေသနာ၊
ချိန်စက်ကာဖြင့်၊ ညီရာများကို၊ **"ဓမ္မ"**ဆိုသော်
ဘာကို **"အဓမ္မ"**ဆိုမည်နည်း။ ဓမ္မ

## အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း သို့မဟုတ်

## သာသနာတော်သမိုင်းအတွက် ကောင်းမှုတော်တစ်ခု

IDF

ဤအဓမ္မဝါဒဝိနိစ္ဆယကျမ်းသည် သာသနာတော်သမိုင်း၏ လိုအပ်ချက်အရ ပေါ်ပေါက်လာရသော ကျမ်းစာအုပ်တစ်အုပ် ဖြစ်သည်။

ယနေ့မှစ၍ နောင်ခေတ်အဆက်ဆက် ကျရောက်လာနိုင်သည့် သာသနာ့အန္တရာယ်များကို ကြိုတင် တားဆီးကာကွယ်နိုင်ရေးအတွက် ခံတပ်ငယ်တစ်ခု တည်ဆောက်လိုက်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ (မူရင်းပိဋကတ်တော်များနှင့် မူရင်းအဓမ္မဝါဒ ဆုံးဖြတ်ချက် ကျမ်းစာအုပ်များကတော့ သာသနာတော်၏ မဟာ ခံတပ်ကြီးများ ဖြစ်ကြသည်။)

အဓမ္မဝါဒဝိနိစ္ဆယကျမ်းသည် အထူးညွှန်းဆိုဖွယ် မလိုလောက်အောင် အနှစ်သာရအားဖြင့် ပြည့်စုံပြီး ဖြစ်သည်။ ရွှေအတုပေါ်လာခြင်းသည် ရွှေအစစ်အတွက် အန္တရာယ်ကျရောက်စေသကဲ့သို့ ဓမ္မအတုအယောင်များ ပေါ်ပေါက်လာခြင်းသည် ထေရဝါဒသာသနာတော်ကြီးအတွက် ဘေးအန္တရာယ်ကျရောက်စေနိုင်ပါသည်။ ထို့ကြောင့် ရွှေအစစ်နှင့်အတုကို ခွဲခြားနိုင်ရန်အတွက် မှတ်ကျောက်တင် စစ်ဆေးရသကဲ့သို့ ဓမ္မနှင့်အဓမ္မကို ကွဲပြားစွာ ခွဲခြားနိုင်ရေးအတွက်မှာလည်း ပိဋကတ်တော်မှတ်ကျောက်တင်ပြီး ဝိနိစ္ဆယစစ်ဆေးဆုံးဖြတ်ချက်များနှင့် တိုက်ဆိုင်ကြည့်မှသာလျှင် အမှန်နှင့်အမှား ကွဲပြား ထင်ရှားနိုင်ပေလိမ့်မည်။

ယနေ့ခေတ် သာသနာတော်ကြီး၏ အခြေအနေကို ရှုထောင့်ပေါင်းစုံက သုံးသပ်မှုများပြုကြသော်လည်း အခြေအနေမှန်ကို ယထာဘူတကျကျ သုံးသပ်ရှုမြင်နိုင်မှုမှာ အားနည်းနေသေးသည်။ မြန်မာနိုင်ငံသည် ထေရဝါဒငါးနိုင်ငံတွင် ဦးဆောင်နိုင်ငံဖြစ်ပါသည်။ သို့သော်လည်း ထေရဝါဒအဆုံးအမများကို ဆန့်ကျင်ဝေဖန်သော ပုဂ္ဂိုလ်၊ အဖွဲ့ အများဆုံးနိုင်ငံလည်း ဖြစ်နေသည်။

ယနေ့ထိ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ ဖွဲ့စည်းပြီး **ဓမ္မ-အဓမ္မဆုံးဖြတ်ချက်များ** ချမှတ်ခဲ့ရသည်မှာ စုစုပေါင်း ၁၆-ခု ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး မဖွဲ့စည်းမီအချိန်က ဝါဒထူထောင်ဖြန့်ဝေနေကြသော အဖွဲ့များကိုလည်း ပြန်လည်စစ်ဆေးသုံးသပ်ပြီး အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခဲ့ရသည်။

အဓမ္မဝါဒီများကလည်း မသိနားမလည်သူများကို စည်းရုံးကာ **အဓမ္မဝါဒီမျိုးဆက်သစ်များ**ကို မွေးထုတ်ပေးလျက်ရှိကြသည်။ အယူဝါဒရေးရာနှင့်ပတ်သက်သည့် မျက်ကန်းယုံကြည်မှုမှာ ပြုပြင်ရခက်ခဲတတ်သည့် သဘာဝရှိသည်။ မိမိအယူနှင့် ဆန့်ကျင်မှုများကို တိုက်ခိုက်ဖျက်ဆီးရန်လည်း ဝန်မလေးတတ်ကြ။

လောကတွင် လူလိမ္မာနှင့်လူမိုက် လူဦးရေချင်း ယှဉ်ကြည့်လိုက်လျှင် လူမိုက်က ပိုများသည်ဟု ဆိုရိုးရှိသည်။ အနာခံနိုင်မည့်သူထက် အသာစံချင်သည့်သူက ပိုများသည်မှာ သဘာဝပင်။

> **လူလည်း သက်သာ၊ သူများလည်း အထင်ကြီး၊ နေချင်သလိုလည်း နေခွင့်ရမည့် ဝါဒလမ်းစဉ်မျိုးသည် အဓမ္မဝါဒီတို့အတွက် သည်းခြေကြိုက် မဟာဒသနလမ်းစဉ်ကြီး ဖြစ်သည်။**

အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ခံထားရသော အဖွဲ့အစည်းများ

သည် တစ်ခဏတာမျှ ငုပ်လျှိုးနေပြီးနောက် မိမိတို့၏ဝါဒကို မသိမသာ ပြန်လည်ဖော်ထုတ် လှုံ့ဆော်လာကြသည်။ တရားသင်တန်းများဖွင့်ကြသည်။ ခေတ်အခြေအနေ၏ အားနည်းချက်များကို ပစ်မှတ်ထား တိုက်ခိုက်ကြသည်။

ဤနည်းအားဖြင့် ပညာတတ် အသိုင်းအဝိုင်းနှင့် လူငယ်များ၏ စိတ်ပါဝင်စားမှုကို ရယူနိုင်ခဲ့ကြသည်။ မိမိတို့၏ အတွေးအခေါ် ဒဿနဝါဒများကို **ဗုဒ္ဓဘာသာခေါင်းစဉ်အောက်တွင် အကာအကွယ်ယူပြီး ဖြန့်ချိသည်။** အဓမ္မဝါဒပိုင်းရပ်စ်ပိုးများဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာကို ဖျက်ဆီးပါသည်။

ထေရဝါဒဟူသည့် ဝေါဟာရကိုပင်းပြကာ ရှေးမထေရ်ကြီးများ အစဉ်အဆက် စောင့်ထိန်းလာခဲ့သော ပိဋကတ်တော်များကို ဝေဖန်တိုက်ခိုက်သည်။ သံဂါယနာတင်ပုဂ္ဂိုလ်များကို အပြစ်တင်သည်။ အဋ္ဌကထာကျမ်းပြု ဆရာတော်ကြီးများကို ပစ်ပယ်ရှုတ်ချသည်။ ၃၁-ဘုံ မယုံကြည်ရေးကြေညာချက်များ ထုတ်ပြန်သည်။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်တွင် ဟောကြားတော်မူသည့်တရားဟုဆိုကာ အဘိဓမ္မာတရားတော်များကိုပင် ကြံစည်တီထွင် ပေါင်းစပ်ထားသောတရားများဟု ဝေဖန်ကြသည်။

ထိုအယူအဆ ဝါဒဖြန့်ချိမှုများသည် ယခုအခါ ပိုမို၍ ကျယ်ပြန့်လာသည်။ ရုပ်ဝါဒဆန်ဆန်အတွေးအခေါ်များဖြင့် ပစ္စုပ္ပန်အမြင်များကို ဦးစားပေး ဟောပြောကြသည်။ သူတို့သည် ယနေ့ခေတ် အိမ်အရောက်ဈေးရောင်းသည့် အရောင်းဝန်ထမ်းများနှင့် တူလှသည်။ အိမ်ရှင်က ခပ်ကြမ်းကြမ်းပြောလည်း အပြုံးမပျက်၊ နှင်ထုတ်လည်း ထွက်မသွားဘဲ သူတို့ဝါဒပြန့်ပွားရေးကို ဇွဲကောင်းကောင်းဖြင့် ဟောပြောတတ်ကြသည်။

**ထိုကဲ့သို့သော စည်းရုံးရေးဗျူဟာတွင် အားနာပါးနာဖြင့် လက်ခံရင်း အဓမ္မဝါဒီဖြစ်မှန်းမသိ ဖြစ်သွားသူများလည်း များများလာပါသည်။** တချို့ဆိုလျှင် ဘာသာရေးအဖွဲ့အစည်းများ၊ ဓမ္မသာကစ္ဆာတရားဆွေးနွေးပွဲများထိ တက်ရောက်ပြီး ပြဿနာများကို မေးခွန်းထုတ် ဆွေးနွေးတတ်ကြသည်။ မျက်မြင်ရုပ်ဝါဒ အတွေးအမြင်များကို အခြေခံထားသဖြင့် **ဘာသာရေးအခြေခံ အားနည်းသူများ**မှာ ဝိစိကိစ္ဆာ ဇဝေဇဝါ ဖြစ်ကာ စိတ်ယိမ်းယိုင်သွားတတ်ကြသည်။

ယနေ့ခေတ်တွင် လူအများစုသည် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို စိတ်ပါဝင်စားလာကြသည့် ခေတ်ကာလဖြစ်သည့်အားလျော်စွာ ဘာသာရေးစာပေများ လေ့လာခြင်း၊ တရားတော်များ နာယူခြင်း၊ တရားရိပ်သာများတွင် ဝင်၍တရားရှုမှတ်အားထုတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လာကြသည်။

ထိုကဲ့သို့ ရခဲလှစွာသော ဒုလ္လဘတရားများနှင့် ဆုံစည်းခွင့်ရကြသော်လည်း ဆရာပေါင်းမှား၍ အဓမ္မဝါဒများကို ဗုဒ္ဓတရားတော်များဟု ထင်မှတ်မှားကာ လက်ခံယုံကြည်သွားလျှင်ဖြင့် **"ထိုင်နေ အကောင်းသား၊ ထသွားမှ အပေါက်ကျွံကျသည်"** ဆိုသကဲ့သို့ ဤဘဝသာမက သံသရာတစ်လျှောက်လုံးအတွက်ပါ ဆုံးရှုံးမှုများ ဖြစ်ရပေလိမ့်မည်။

ကျေးဇူးရှင်မိခင် ဖခင်များကို သတ်ဖြတ်ခြင်း ဟူသည့် ပဉ္စာနန္တရိယကံသည် မဟာအဝီစိငရဲတွင် ကျခံရသော်လည်း ကမ္ဘာပျက်သော့အခါ ငရဲပြည်ပါ မီးလောင်သွား၍ လွတ်မြောက်ခွင့် ရရှိနိုင်သေးသည်။ အယူမှားကို ယုံကြည်လက်ခံမိသော **မိစ္ဆာဒိဋ္ဌိအဓမ္မဝါဒီ**များအတွက်မူ ဤကမ္ဘာပျက်လျှင်သော်မှ စကြဝဠာ

နောက်ကျောပြင်ရှိ ကမ္ဘာများတွင် ရွှေ့ပြောင်း၍ ဆက်လက်ခံရသည်အထိ အပြစ်ကြီးမားလှပေသည်။

ထို့ကြောင့် **သာသနာ့အန္တရာယ် မိစ္ဆာဒိဋ္ဌိရန်စွယ်များကို သတိပြုကာ နိုးနိုးကြားကြား ကာကွယ်နိုင်ရန်အတွက် နှိုးဆော်သောအနေဖြင့် ဤကျမ်းစာအုပ်ကို စီစဉ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။**

နောက်ထပ် ရည်ရွယ်ချက်တစ်ခုလည်း ရှိသေးသည်။ အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်းအနေဖြင့် လောကဟိတနှင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသအနှံ့သို့ ရောက်ရှိခဲ့သည်။ ဒေသခံဘာသာရေးအဖွဲ့အစည်းများ၊ ဆရာတော်များနှင့် သာသနာရေးကိစ္စများကို ဆွေးနွေးလျှောက်ထားပါသည်။ အဓမ္မဝါဒများနှင့်ပတ်သက်၍ ပြောကြားကြသည့်အခါ အဓမ္မဝါဒ အဖွဲ့အစည်းများအကြောင်း ကြားဖူးကြသော်လည်း မည်သည့် အယူဝါဒများက အဓမ္မအယူအဆဖြစ်ကြောင်း အသေအချာ မသိကြသည်ကို တွေ့ရှိရသည်။

အမှန်တွင်လည်း အဓမ္မဝါဒဆုံးဖြတ်ချက် ကျမ်းစာအုပ်များကို မဖတ်ဘူး၊ မလေ့လာဘူးလျှင် အဓမ္မဝါဒအယူအဆများကို ကြိုတင်သိရှိနိုင်ရန် မဖြစ်နိုင်ပေ။ ထိုကျမ်းစာအုပ်များကို ဖတ်ရှုခွင့်ရရှိရန်မှာလည်း စာအုပ်ပေါင်း ၁၆-အုပ်မျှရှိခြင်း၊ ဝယ်ယူရရှိရန် ခက်ခဲခြင်း၊ တချို့စာအုပ်များမှာ စွယ်စုံကျမ်းပမာ အရွယ်အစား ထုထဲခြင်းစသော အကြောင်းအရာ အမျိုးမျိုးကြောင့် အခက်အခဲများ ဖြစ်နေကြရသည်။

ထိုလိုအပ်ချက်များကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းနိုင်ရန်၊ အဓမ္မဝါဒနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို လူတိုင်း ဖတ်ရှု

နိုင်ရန်၊ ဓမ္မဒါနလှူဒါန်းလိုသူများလည်း အဆင်ပြေစေရန် ရည်ရွယ်၍ အဓမ္မဝါဒဆုံးဖြတ်ချက် အကျဉ်းချုပ်ကို စီစဉ် ကောက်နုတ်ထုတ်ဝေရန် စိတ်ကူးရခဲ့ပါသည်။ အရှင်ဣန္ဒာစရိယာဘိဝံသ(မစိုးရိမ်စာသင်သား)နှင့် တွေ့ဆုံစဉ် ပြောကြားဖြစ်ခဲ့သည်။ ဆရာတော်ကလည်း "သာသနာတော်အတွက် အကျိုးများမည့်ကိစ္စတစ်ရပ်"ဟု ဝမ်းမြောက်စကားဖြင့် အားပေးတိုက်တွန်းခဲ့သည်။ မှတ်မှတ်ရရ အချိန်ကာလအားဖြင့် ၂၀၁၀-ခုနှစ်၊ မတ်လ (သင်္ကြန်မတိုင်မီ) က ဖြစ်သည်။

များမကြာမီမှာပင် ဆရာတော်က ဝမ်းမြောက်ဖွယ် သတင်းစကားတစ်ခုကို ပြောကြားလာသည်။ သာသနာရေးဦးစီးဌာနမှ (အငြိမ်းစား ညွှန်ကြားရေးမှူး) ဆရာဦးညွန့်မောင် (ဓမ္မစရိယ၊ ဘီအေ၊ အာရ်အယ်လ်)သည် အဓမ္မဝါဒများနှင့် ပတ်သက်သော ဆောင်းပါးများကို ဓမ္မရတနာမဂ္ဂဇင်းတွင် ရေးသားလျက်ရှိကြောင်းနှင့် ထိုဆောင်းပါးစာမူများကို စုပေါင်း၍ စာအုပ်ထုတ်ရလျှင် ကောင်းမည်ထင်ကြောင်း အကြံပေးသည်။

ထိုအကြံပြုချက်အတိုင်း ဆရာကြီးထံမှ စာမူများကို စုဆောင်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ သို့ရာတွင် ဆရာကြီး၏ ကျန်းမာရေး အခြေအနေအရ စာမူများကို ၂၀၁၀-ခုနှစ်၊ ဩဂုတ်လတွင်မှ လက်ခံရရှိခဲ့သည်။ ထိုအခြေအနေတွင် ကျွန်တော်က ဓမ္မသင်တန်းများကိစ္စဖြင့် ဒလမှတ်ပုံတေးသို့အသွား ကယ်ရီဆိုင်ကယ်မှောက်ပြီး လက်ရိုးများ ကျိုးကြေဒဏ်ရာဖြင့် ဆေးကုသမှုများ ခံယူနေရသည်။ ထိုသို့သော အခြေအနေများကြောင့် အမြန်ဆုံး ထုတ်ဝေရမည့် စာအုပ်မှာ ကြန့်ကြာနေခဲ့ရသည်။

သို့သော်လည်း ထိုကြန့်ကြာမှုကပင်လျှင် ပိုမိုပြည့်စုံသော

အကျိုးတစ်ခု ရရှိခဲ့ပါသည်။ မူလက ဆောင်းပါးပေါင်းချုပ်ပုံစံဖြင့် ထုတ်ဝေရန် စိတ်ကူးခဲ့ရာမှ ယခုအခါ ပိုမိုပြည့်စုံသော အနှစ်ချုပ်ကျမ်းစာအုပ်ငယ်အဖြစ် စီစဉ်နိုင်ခဲ့သည်။ နောက်ဆက်တွဲအဖြစ် ဝိနိစ္ဆယညွှန်ကြားလွှာများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ နောက်ဆုံးညွှန်ကြားလွှာများကိုပါ အချိန်မီ ထည့်သွင်း ဖော်ပြခွင့် ရရှိခဲ့ပါသည်။

**ဤကျမ်းစာအုပ်တွင် ဝိနိစ္ဆယဆုံးဖြတ်ချက်များကို အနှစ်ချုပ်သာ ဖော်ပြနိုင်ပါသည်။ သို့ရာတွင် ဓမ္မနှင့်အဓမ္မများကို အတိုင်းအတာတစ်ခုအထိ နားလည်သဘောပေါက်အောင် ဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်။ အဓမ္မဝါဒတို့၏ အတွင်းသရုပ် အရှုပ်အထွေးများကိုလည်း သုံးသပ်ပိုင်းခြား သတိထားနိုင်လာပါလိမ့်မည်။**

ထိုအသိတရား ပညာဉာဏ်များကပင်လျှင် အကောင်းနှင့် အဆိုး၊ အမှားနှင့်အမှန်၊ ကုသိုလ်နှင့်အကုသိုလ်ကို စိစစ် နားလည် ကျင့်သုံးနိုင်စေမည့် အခြေခံဓမ္မများအဖြစ် ဘဝတွင် လက်ငင်းလက်တွေ့ အကျိုးပြုပါလိမ့်မည်ဟု မေတ္တာစကားလက်ဆောင်ပါးလိုက်ပါရစေ ဓမ္မမိတ်ဆွေများ ခင်ဗျား။

**ဘာသာ၊ သာသနာသွေး နွေးထွေးကြပါစို့**

**ဓမ္မစက္က ဦးမောင်မောင်**
အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း (IDF)
၂၀၁၁ ဇန္နဝါရီလ

International Dhammacakka Foundation

## သာသနာဖျက်အန္တရာယ်များဖြစ်ပေါ်လာခြင်း

ယနေ့ ထေရဝါဒသာသနာတော်ကို

ဆန့်ကျင်တိုက်ခိုက်လျက်ရှိသော

အဓမ္မဝါဒများ၏ အတွင်းသရုပ်ကိုကြည့်လျှင်

အများစုသည်

၃၁-ဘုံနှင့် ဘဝသံသရာကို လက်မခံသော

ရုပ်ကြမ်းဝါဒနှင့် ဆက်စပ်နေသည်ကို

တွေ့မြင်နိုင်သည်။

တစ်ချိန်က တိုးတက်သော

အတွေးအမြင်သစ်အဖြစ်

ကွန်မြူနစ်ရုပ်ဝါဒ ပေါ်ပေါက်ခဲ့ရာ

အလွန်နက်နဲသော ဗုဒ္ဓတရားတော်များကို

ရုပ်ဝါဒအယူအဆနှင့် ကိုက်ညီအောင်

ကြံ့စည် တွေးခေါ်ခဲ့ကြရာမှ

သာသနာဖျက်အန္တရာယ်များ ဖြစ်ပေါ်

လာခဲ့ရသည်ဟု လေ့လာတွေ့ရှိရသည်။

အဓမ္မဝါဒများကို ရှုမြင်ဆင်ခြင်ခြင်းစာတမ်းမှ . . .

International Dhammacakka Foundation

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁) ၏ ဆုံးဖြတ်ချက်

## ကျောက်သဘော်ဝါဒ

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၁) က ၁၃၄၂ - ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ - ရက်၊ ၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၄ - ရက်၊ တနင်္လာနေ့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချသည်။

### စောဒကပုဂ္ဂိုလ်များ

| | |
|---|---|
| ၁။ **ဦးကောသလ္လ** | ပဓာနနာယကဆရာတော်၊ ရွှေသိမ်တော်စာသင်တိုက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း။ |
| ၂။ **ဦးပဏ္ဍိတ** | သာသနဓဇသိရီပဝရဓမ္မာစရိယ၊ မြောင်ကျောင်းတိုက်၊ အေလမ်း၊ ဒေးဝန်းအရှေ့ပိုင်း၊ မန္တလေးမြို့။ |
| ၃။ **ဦးကုသလ** | သာသနဓဇဓမ္မာစရိယ၊ သာသနအလင်းရောင်ကျောင်း၊ သရက်မြို့၊ မကွေးတိုင်း။ |

## (၁၄) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### စုဒိတကပုဂ္ဂိုလ်များ

| | |
|---|---|
| ၁။ **ဦးကောဝိဒ** | ကျောက်သဘော်ရိပ်သာ၊<br>ကျိုက္ကစံဘုရားအရှေ့ဘက်<br>သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |
| ၂။ **ဦးဣန္ဒောဘာသ** | ရွှေကျောင်း၊ ကြာပိုင်ရွာ၊<br>မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။ |
| ၃။ **ဦးဝိသုဒ္ဓ** | ကျောက်သဘော်ရိပ်သာ<br>ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။ |
| ၄။ **ဦးနန္ဒိယ** | ကျောက်သဘော်ရိပ်သာ၊ ငါးစီ့တိုက်၊<br>မန္တလေးအရှေ့တောင်မြို့နယ်။ |

### နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဦးသုဒဿန** (အဂ္ဂမဟာပဏ္ဍိတ) **သဘာပတိ**
ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့

၂။ **ဦးဇောတိက** (အဂ္ဂမဟာပဏ္ဍိတ) **အဖွဲ့ဝင်**
မိုးကောင်းကျောင်းတိုက်၊ မန္တလေး

၃။ **ဦးသောမာဘိသိရီ** **အဖွဲ့ဝင်**
ဘိုးဦးစိန်ကျောင်း၊ ဝေါမြို့

၄။ **ဦးဇောတိပါလ** **အဖွဲ့ဝင်**
ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့

၅။ **ဦးဝိဇ္ဇောဒယာဘိဝံသ** **အဖွဲ့ဝင်**
မင်္ဂလာဇေယျုံကျောင်း၊ ဘားကရာတိုက်၊
ရန်ကုန်တိုင်း။

၆။ **ဦးကေသရ** **အဖွဲ့ဝင်**
အောင်မင်္ဂလာကျောင်းတိုက်၊ သရက်မြို့။

၇။ **ဦးဝိမလာဘိဝံသ** **အဖွဲ့ဝင်**
ပုခန်းကျောင်းတိုက်၊ ရွှေဘိုမြို့။

## ဓမ္မ အဓမ္မ နှိုင်းယှဉ်ချက်နှင့် အဓမ္မဝါဒဟုဆုံးဖြတ်ချက်

၁။ မြတ်စွာဘုရား၏ဝါဒသည် ဓမ္မက္ခန္ဓာတော်ကို အလေးထားသောဝါဒ ဖြစ်၍-

ကျောက်သင်္ဘောဝါဒသည် **ဓမ္မက္ခန္ဓာတော်ကို အလေးမထားဘဲ ဖြိုခွဲဖျက်ဆီးသောဝါဒ** ဖြစ်သည်။

၂။ မြတ်စွာဘုရား၏ဝါဒသည် ရှုမှတ်ပွားများအားထုတ်မှသာ နိဗ္ဗာန်ရသောဝါဒ ဖြစ်၍-

ကျောက်သင်္ဘောဝါဒသည် **ရှုမှတ်ပွားများအားထုတ်မှု မရှိမှု နိဗ္ဗာန်ရသောဝါဒ** ဖြစ်သည်။

၃။ မြတ်စွာဘုရား၏ဝါဒသည် ခန္ဓာကိုယ်ကိုရှုလျှင် နိဗ္ဗာန်ရနိုင်သောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **ခန္ဓာကိုယ်ကိုရှုလျှင် နိဗ္ဗာန်မရနိုင်သောဝါဒ** ဖြစ်သည်။

၄။ မြတ်စွာဘုရား၏ဝါဒသည် ရုပ်နာမ်ကို (ပစ္စက္ခ)မျက်မှောက်ပြုလျက် ရှုရသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **ရုပ်နာမ်ကို မျက်မှောက်ပြုလျက် မရှုရသောဝါဒ** ဖြစ်သည်။

၅။ မြတ်စွာဘုရား၏ဝါဒသည် တေဘူမိက သင်္ခါရတို့ကို သတိပြုကာ ပွားများရသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **တေဘူမိကသင်္ခါရတို့ကို သတိပြုကာ မပွားများရသောဝါဒ** ဖြစ်သည်။

၆။ မြတ်စွာဘုရား၏ဝါဒသည် ထင်ရှားရှိသော ရုပ်နာမ်နှစ်ဖြာကို ရှုမှသာ ဝိပဿနာဉာဏ်ဖြစ်ပေါ်လာသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **ထင်ရှားမရှိသောအရာကို ရှုမှ သာ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသောဝါဒ** ဖြစ်သည်။

၇။ မြတ်စွာဘုရား၏ဝါဒသည် ခန္ဓာကိုယ်အတွင်းမှာ နိဗ္ဗာန်မရှိသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **ခန္ဓာကိုယ်အတွင်းမှာ**

**နိဗ္ဗာန်ရှိသောဝါဒ** ဖြစ်သည်။

၈။ မြတ်စွာဘုရား၏ဝါဒသည် နောက်ထပ်တစ်ဖန် ပြန်လည်၍မပူလောင်ရသော ငြိမ်းအေးချမ်းသာမှု (သန္တိသုခ) အစစ်အမှန်ဟုတ်သည်ကိုသာ နိဗ္ဗာန်ဟုဟောသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် နောက်ထပ်တစ်ဖန် ပြန်လည်၍ ပူလောင်ရသော ငြိမ်းအေးချမ်းသာမှု **(သန္တိသုခ) အစစ်အမှန်မဟုတ်သည်ကို နိဗ္ဗာန်ဟုယူဆသောဝါဒ** ဖြစ်သည်။

၉။ မြတ်စွာဘုရား၏ဝါဒသည် နိဗ္ဗာန်ကိုလိုချင်တောင့်တမှုကို ကုသိုလ်ဆန္ဒသာဟု ဟောသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **နိဗ္ဗာန်ကိုလိုချင်တောင့်တမှုကို အကုသိုလ်သမုဒယ တဏှာ**ဟု ယူဆသောဝါဒ ဖြစ်သည်။

၁၀။ မြတ်စွာဘုရား၏ဝါဒသည် စိတ်ကိုစိတ်အတိုင်း မထားရသောဝါဒ ဖြစ်၍-

**ကျောက်သဘော်ဝါဒသည် စိတ်ကိုစိတ်အတိုင်း ထားရသောဝါဒ** ဖြစ်သည်။

၁၁။ မြတ်စွာဘုရား၏ဝါဒသည် အနုသယကိလေသာရှိသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **အနုသယကိလေသာမရှိသောဝါဒ** ဖြစ်သည်။

၁၂။ မြတ်စွာဘုရား၏ဝါဒသည် သက္ကာယဒိဋ္ဌိကို ပယ်ခွာရသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **သက္ကာယဒိဋ္ဌိကို မပယ်ခွာရသောဝါဒ** ဖြစ်သည်။

၁၃။ မြတ်စွာဘုရား၏ဝါဒသည် အာရုံကြောင့်စိတ်ဖြစ်ပေါ်လာရသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **စိတ်ကြောင့်အာရုံဖြစ်ပေါ်လာရသောဝါဒ** ဖြစ်သည်။

၁၄။ မြတ်စွာဘုရား၏ဝါဒသည် သီလ သမာဓိ ပညာ သိက္ခာသုံးရပ်စလုံးကို ပြည့်စုံစွာအားထုတ်ရသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **သီလ သမာဓိ ပညာသုံးရပ်စလုံးကို ပြည့်စုံစွာ အားမထုတ်ရသောဝါဒ** ဖြစ်သည်။

၁၅။ မြတ်စွာဘုရား၏ ဝါဒသည် စိတ်တရားကို အနိစ္စ၊ အဓုဝဟုဟောသောဝါဒ ဖြစ်၍-

ကျောက်သဘော်ဝါဒသည် **စိတ်တရားကို နိစ္စ၊ ဓုဝဟု**

ယူဆသောဝါဒ ဖြစ်သည်။

ထို့ကြောင့် ကျောက်သဘော်ဝါဒကို အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူခဲ့ကြသည်။

## အဓမ္မဝါဒဟု အဆုံးအဖြတ်ခံရသော ကျောက်သဘော်ဝါဒဆိုင်ရာ စာအုပ်စာရင်း

၁။ **ကျောက်သဘော်ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိနှင့် တရားတော်များ** (ဦးစိန်တင်)
သုခဝတီပုံနှိပ်တိုက် ၈၄/၃၁ လမ်းထောင့်၊
ကျောက်သွေးတန်း၊ မန္တလေး၊
၁၉၇၃-ခုနှစ်၊ ဇူလိုင်လ (ပဌမအကြိမ်)

၂။ **မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တရားစာ**
(ကျောက်ဆည်မြို့၊ ကျောက်သဘော်ဆရာတော်ဘုရားကြီး)
ယောဂီပုံနှိပ်တိုက် အမှတ် (၂၄၅)၊ လွှစ္စလမ်း၊ ရန်ကုန်မြို့၊
ပဌမအကြိမ်။

၃။ **ဝိမုတ္တိဓမ္မသန္တိသုခတရားတော်**
(ကျောက်ဆည်မြို့၊ ကျောက်သဘော်ရိပ်သာ၊ ဦးဝိသုဒ္ဓ)
အောင်မိတ်ဆက်စာပုံနှိပ်တိုက်၊ အမှတ် (၅၀)၊ ဗိုလ်ချုပ်လမ်း၊
ရန်ကုန်မြို့။ ၁၇-၁၀-၇၅။

၄။ **နိဗ္ဗာန်မြင်သိ ဝိမုတ္တိ တရားဒေသနာတော်**
(သယ်န်းကျွန်းကျောက်သဘော်ာရိပ်သာ ဦးဝိသုဒ္ဓ)
စန္ဒာဝင်းပုံနှိပ်တိုက်၊ ၂၂/၁၅၇လမ်း၊ တာမွေ၊ ရန်ကုန်မြို့၊
၁၃၂၈-ခု၊ တော်သလင်းလပြည့်ကျော် ၅-ရက်။

၅။ **ကျောက်သဘော်ာတရားနှင့် အနုသယသဘော**
(ကြာပိုင်ဦးကန္ဒောဘာသ)
ပုသိမ်ပုံနှိပ်တိုက် ၆၈/၁၆၅ လမ်း၊ တာမွေ၊ ရန်ကုန်မြို့၊
၁၉၇၄ - ခု၊ နိုဝင်ဘာလ (၁၉၇၅-ခု) ဇွန်လ
(ဒုတိယအကြိမ်)

၆။ **ဝိမုတ္တိသာသနာ**(ကြာပိုင်ဦးကမန္ဒာဘာသ-အရှင်ဝဏ္ဏသီရိ)
စာပေလောကပုံနှိပ်တိုက်၊ ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့၊
၁၉၇၄ - ခု၊ ဧပြီလ။

၇။ **ကျောက်သဘော်ာတရားနှင့် ခန္ဓာ ၂-လွှာ**
(ကြာပိုင်ဦးကန္ဒောဘာသ)
ပုသိမ်ပုံနှိပ်တိုက်၊ ၆၈/၁၆၅လမ်း၊ တာမွေ၊ ရန်ကုန်၊
၁၃၃၇ ခု၊ သီတင်းကျွတ်လ။

၈။ **ယောဂီလက်စွဲသုံးစောင်တွဲ** (ကျောက်သဘော်ာဦးနန္ဒိယ)
နယားပျံပုံနှိပ်တိုက်၊ ကျောက်ကာလမ်း၊ မုံရွာမြို့၊ ၁-၄-၆၅။

၉။ **ဗုဒ္ဓလက်ညှိုး** (ဦးနန္ဒိယ)
ပုသိမ်ပုံနှိပ်တိုက်၊ ၆၈/၁၆၅ လမ်း၊ တာမွေ၊ ရန်ကုန်မြို့၊
၁၃၃၆ ခု၊ သီတင်းကျွတ်။

၁၀။ **သဒ္ဒိဋ္ဌိကနိဗ္ဗာန်** (ဦးနန္ဒိယ)
ပုသိမ်ပုံနှိပ်တိုက်၊ တာမွေ။

၁၁။ **ဓမ္မရေးရာ ပြဿနာများ** (ဦးနန္ဒိယ)
ပုသိမ်ပုံနှိပ်တိုက်၊ ၁၃၇၇-ခုနှစ်၊ နတ်တော်လ။

၁၂။ **အတိုင်းတိုင်းဋီကာ** (ပဲခူးဦးစိန်ဖေ)
သုခဝတီစာပုံနှိပ်တိုက်၊ ၅၄-ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့၊
၁၃၃၆-ခု၊ သီတင်းကျွတ်။

၁၃။ **သစ္စာဉာဏ်မြင်နိဗ္ဗာန်ဝင်** (ဦးနန္ဒိယ)
ရတနာဒီပံပုံနှိပ်တိုက်၊ ၈၆-ဆိုင်းတန်း၊ မန္တလေး။
၁၃၃၁-ခု။

၁၄။ **သစ္စာဉာဏ်ပေါက် နိဗ္ဗာန်ရောက်** (ဦးပဏ္ဍိစ္စ)
ပုသိမ်ပုံနှိပ်တိုက်။

၁၅။ **နိဗ္ဗာန်ကိုမြင် ဉာဏ်လေယာဉ်** (ဦးပညာစက္က)
လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၆၈-၄၇လမ်း၊ ရန်ကုန်။

၁၆။ **ဝိမုတ္တိအရသာ ဓမ္မသာကစ္ဆာမင်္ဂလာ**
(ဦးဩသဓနှင့်ဦးကုန္ဒာစာရ)
သီရိမင်္ဂလာပုံနှိပ်တိုက်၊ ၆-လမ်း၊ ပေါင်းတည်မြို့။

**အဓမ္မဝါဒဟုအဆုံးအဖြတ်ခံရသော**

**ကျောက်သဘော်ဝါဒဆိုင်ရာစာမူများ**

၁၇။ ဗာဟိယသုတ္တန်တရားတော် (ကြာပိုင်ဦးကုန္ဒောဘာသ)

၁၈။ မေတ္တာသုတ်ကျင့်စဉ် (ဦးနန္ဒိယ)

## (၂၂) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### အဓမ္မဝါဒဟုအဆုံးအဖြတ်ခံရသော ကျောက်သဘော်ဝါဒဆိုင်ရာအသံဖမ်းတိပ်ကြိုးခွေများ

၁၉။ ကြာပိုင်ကျောက်သဘော်ဦးကုန္ဒောဘာသနှင့် ချောင်းဦးမြို့နယ်၊ မှန်ချိုရွာ ဒကာများဆွေးနွေးသော

(၁) အနုသယကိလေသာ ရှိ/မရှိ

(၂) သတိပဋ္ဌာန် ပွားရေး၊ မပွားရေး

(၃) ဝိပဿနာ ပွားရေး၊ မပွားရေး

---

International Dhammacakka Foundation

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၂) ၏ ဆုံးဖြတ်ချက်

# လူသေလူဖြစ်ဝါဒါနုဝါဒ
## သမ္မာဒိဋ္ဌိသုတေသနနှင့် ရွှေအဘိဓမ္မာဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့(၂)က ၁၃၄၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂-ရက်၊ ၁၉၈၁ ခုနှစ်၊ အောက်တိုဘာလ ၂၉-ရက်၊ ကြာသပတေးနေ့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက် ချသည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **ဦးစန္ဒိမာ** — မိတ္ထီလာမြို့၊ ဓမ္မာစရိယကျောင်းတိုက်။

၂။ **ဦးပညာသိဟ** — မေမြို့၊ ရတနာမာရ်အောင်ကျောင်းတိုက်။

၃။ **ဦးဝိသုဒ္ဓ** — မန္တလေးမြို့၊ လောကမှန်ကင်းကျောင်းတိုက်။

၄။ **ဦးပညာသာမိ** — သာစည်မြို့၊ ရေလည်ကျောင်းတိုက်။

## ၂၄ နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့များ

### စုဒိတကပုဂ္ဂိုလ်များ

၁။ **ဦးဥဇ္ဈောတိက** ဒေးဒရဲမြို့။
၂။ **ဦးဇဝန (နေရှင်နယ်)** တောင်တွင်းကြီးမြို့။
၃။ **ဦးဇဝန (ငါးဆင့်)** တောင်တွင်းကြီးမြို့။
၄။ **ဦးဆန္ဒာဓိက(နတ်မှီ)**တောင်တွင်းကြီးမြို့။
၅။ **သခင်မြတ်ဆိုင်** ရန်ကုန်မြို့။
၆။ **ဦးခင်ဟန်** သမ္မာဒိဋ္ဌိသုတေသန အဖွဲ့ချုပ်၊ ရန်ကုန်မြို့။
၇။ **ဦးရွှေပြည့်** တောင်ကုတ်မြို့။

### နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တဃောသိတာဘိဝံသ** **သဘာပတိ**
ဃောသိတာရာမတိုက်၊ ထားဝယ်မြို့

၂။ **ဘဒ္ဒန္တဇဝနာဘိဝံသ** **အဖွဲ့ဝင်**
ဇဝနာဘိဝံသာရုံကျောင်းတိုက်၊
ကြို့ပင်ကောက်မြို့

၃။ **ဘဒ္ဒန္တဓမ္မာဘိဝရ** **အဖွဲ့ဝင်**
ကံတွင်းဆုတောင်းပြည့်ကျောင်း၊
ပြည်မြို့

၄။ **ဘဒ္ဒန္တကုမာရ** **အဖွဲ့ဝင်**
မဟာဝိသုတာရာမတိုက်၊ မကွေးမြို့

၅။ **ဘဒ္ဒန္တဉာနိက** **အဖွဲ့ဝင်**
ပဇ္ဇောတာရုံကျောင်းတိုက်၊ မြောင်းမြမြို့

## ဓမ္မအဓမ္မ နှိုင်းယှဉ်ချက်နှင့် အဓမ္မဝါဒဟုဆုံးဖြတ်ချက်

၁။ မြတ်စွာဘုရား၏ ဝါဒသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားလေးပါးကိုအခြေခံ၍ ရုပ်ဝတ္ထုခြောက်ပါး၊ အာရုံ ခြောက်ပါး ဝိညာဏ်ခြောက်ပါးတို့ကို ၂၄-ပစ္စည်းဖြင့်သွင်း၍ ရှင်းလင်းသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် ၎င်း၏နောက်လိုက် သမ္မာဒိဋ္ဌိသုတေသီ ဆိုသူတို့၏ဝါဒသည် ပသာဒရုပ်ငါးပါး၊ အာရုံငါးပါးကိုသာ ကွက်၍ ယူပြီး ယင်းရုပ်ကို အရှိတရား နိစ္စတရားအဖြစ် မှုသေကိုင်ပြီး နာမ်တရားကိုမူ အဖြစ်တရား လက်အောက်ခံတရားအဖြစ်ထားရှိ သော **ဧကစ္စသဿတရုပ်ဝါဒမျိုး** ဖြစ်သောကြောင့်လည်း ကောင်း၊ ၎င်းတို့သည် ရုပ်ဝါဒအမြင်ဖြင့်သာ အရာရာကို သုံးသပ် ရှုမြင်ပြီး ဗုဒ္ဓ၊ ဓမ္မ၊ သံဃာ အမြတ်ဆုံးရတနာတို့ကို ပုတ်ခတ် ပယ်ဖျက်ခြင်းအားဖြင့်လည်းကောင်း သရဏဂုံမရှိသော ဘာသာ သာသနာမဲ့ အဖြစ်တွင်သာ ရှိသည်။

# ၂၆ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့များ

၂။ မြတ်စွာဘုရား၏ ဝါဒသည် လူသေသောအခါ ဒေဝဂတိ၊ မနုဿဂတိ၊ တိရစ္ဆာနဂတိ၊ ပေတဂတိ၊ နိရယဂတိ (နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲ) ဟူသော ဂတိငါးပါးကို မိမိတို့ ပြုလုပ်သော ကုသိုလ်အကုသိုလ် ကံအားလျော်စွာ လားရောက်ရသောဝါဒ ဖြစ်သည်။

တောင်တွင်းကြီး ဦးဥက္ကဋ္ဌ၏ဝါဒသည် ရုပ်ဝါဒအမြင် အတိုင်း **"လူသေလျှင် နောက်ထပ်လူဖြစ်ရန်မလို အကယ်၍ ဖြစ်ဦးမည်ဆိုလျှင် လူမှတစ်ပါး အခြားသောလားဖွယ် မရှိ။ လူသာလျှင် ဖြစ်ရမည်"**ဟု ဥစ္ဆေဒဒိဋ္ဌိ သဿတဒိဋ္ဌိကို ယူသောအားဖြင့် ဗုဒ္ဓဝါဒကို ဆန့်ကျင်သောဝါဒ ဖြစ်သည်။

၃။ မြတ်စွာဘုရား၏ဝါဒသည် ဩကာသလောကဖြစ်သော ၃၁-ဘုံ၏ ပင်ကိုအားဖြင့် တည်ရှိနေသည်ကိုလက်ခံပြီး ထို ၃၁-ဘုံ၌ဖြစ်ရန် အကြောင်းတရားများ၊ ထို ၃၁-ဘုံမှ ထွက်မြောက်ရန် နည်းလမ်းများကို ညွှန်ပြသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့်တကွ တပည့်နောက်လိုက်တို့သည် ၎င်းတို့၏ မျက်စိဖြင့်မြင်သော **လူ့ဘုံနှင့် တိရစ္ဆာန်ဘုံကိုသာ လက်ခံ၍ ၃၁-ဘုံကို လက်မခံသောဝါဒရှိသူများ** ဖြစ်သည့်ပြင် မြတ်စွာဘုရားကိုပင် ၃၁-ဘုံ ဝါဒ လက်မခံလေဟန် စွပ်စွဲထားသည်။

၄။ မြတ်စွာဘုရား၏ဝါဒသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာန

သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိအားဖြင့် စစ်မှန်သော သမ္မာဒိဋ္ဌိ ၆-မျိုးကို အခြေခံသည့်အတိုင်း ကံ၊ ကံ၏အကျိုးတရားကို သက်ဝင်ယုံကြည်မှု ကမ္မဿကတာသမ္မာဒိဋ္ဌိကို အခြေခံကစ၍ လက်ခံသောဝါဒဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် ၎င်း၏တပည့်နောက်လိုက်များ၏ ဝါဒသည် **အလှူပေးခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဘာဝနာအားထုတ်ခြင်းစသည်ဖြင့် ကံ၊ ကံ၏အကျိုးတရားဆိုင်ရာကိစ္စများကို အဇိတကေသကမ္ဗလ တိတ္ထိတက္ကတွန်းကဲ့သို့ ပယ်သောဝါဒ** ဖြစ်သည်။

၅။ မြတ်စွာဘုရား၏ဝါဒသည် မြတ်စွာဘုရား ရရှိတော်မူသော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ ဉာဏ်တော်ဆယ်ပါးတို့အရ ရှေးအတိတ်ကာလကိုမြင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ နောက်လာမည့် အနာဂတ်ကာလကိုမြင်သော အနာဂတံသဉာဏ်၊ ပစ္စုပ္ပန်ကိုရှုမြင်သော ဝိပဿနာဉာဏ်စသည်တို့ဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလသုံးပါးကို သူ့နေရာနှင့်သူ ကျယ်ကျယ်ပြန့်ပြန့် လက်ခံသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် သခင်မြတ်ဆိုင်၊ သမ္မာဒိဋ္ဌိသုတေသီ ဆိုသူတို့၏ဝါဒသည် **ရုပ်ဝါဒအမြင်ဖြင့် ပုခက်နှင့်ခေါင်းကြားဟူသော ပစ္စုပ္ပန်ကိုသာယူသည့် အလွန်ကျဉ်းမြောင်းသောဝါဒ** ဖြစ်သည်။

၆။ မြတ်စွာဘုရား၏ဝါဒသည် အလွန်လေးနက်ကျယ်ပြန့်လှသော အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားကိုယ်တော်တိုင်ဟောကြားပြီး ပညာဧတဒဂ်ရ လက်ျာရံရှင်သာရိပုတ္တရာမှ တစ်ဆင့် လူ့လောက၌ ဖြန့်ဝေခဲ့သော ဒေသနာဖြစ်သည့်ပြင် မြတ်စွာဘုရားကိုယ်တော်တိုင် ဝိနည်းပညတ်ချက်များ၌လည်းကောင်း၊ သံယုတ်ပါဠိတော်စသော သုတ်တရားတော်များ၌လည်းကောင်း အဘိဓမ္မာသဘောများကို အများအပြား ထည့်သွင်းဟောကြားထားသည်ဖြစ်၍ အဘိဓမ္မာသည် အခြေခံအားဖြင့် ဘုရားဟောစင်စစ်ဖြစ်ကြောင်း မှန်ကန်စွာ လက်ခံကျင့်သုံးသောဝါဒဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့၏ဝါဒသည် အဘိဓမ္မာတရားတော်၌ ကျယ်ပြန့်လေးနက်သော တရားဓမ္မပိုင်းကို မသုံးသပ် မရှုမြင်နိုင်ကြဘဲ ဘာသာခြား၊ လူမျိုးခြားတို့၏ စာပေလမ်းကြောင်းမှ ပေါ်ပေါက်လာသော အပေါ်ယံအပယိက ဖြစ်သည့် သမိုင်းကြောင်းအမြင်ဖြင့် “အဘိဓမ္မာ ဘုရားဟောမဟုတ်”ဟု တာဝန်မဲ့ရေးသားမှုများကို အဟုတ်မှတ်ကာ **“ဗုဒ္ဓအဘိဓမ္မာကို ဘုရားဟောမဟုတ်”ဟု အမှန်တရားနှင့် ဆန့်ကျင်ပြီး ယူသောဝါဒ** ဖြစ်သည်။

၇။ မြတ်စွာဘုရား၏ဝါဒသည် သုမေဓာရှင်ရသေ့ဘဝမှစ၍ “သဗ္ဗညုတံ ပါပုဏိတွာ သန္တာရေဿံ သဒေဝကံ = သဗ္ဗညု

ဘုရားရှင်အဖြစ်သို့ ရောက်သောအခါ လူနတ်ပြဟ္မာ သတ္တဝါတို့ကို ကယ်တင်အံ့” ဟူသော ရည်ရွယ်မျှော်မှန်းချက်ကြီးသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့် မဟာဗောဓိပင်ရင်း၌ ပြည့်မြောက်တော်မူပြီး အတုမရှိသော ဘုရားဖြစ်ကာ သဗ္ဗညုတဉာဏ်ကို အမှန်စင်စစ်ရတော်မူခြင်း၊ “ယနေ့လက်ရှိ သင်္ဂါယနာ ခြောက်တန်တင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ ပါဠိတော်အုပ်ရေ ၄၀-ခန့်ကို ဟောနိုင်သည့်ပုဂ္ဂိုလ်မျိုးသည် အလုံးစုံသော ဉာဏ်အမြင်ရှိသည့် သဗ္ဗညုတဉာဏ်အရှင်သာလျှင် ဖြစ်ရမည်ဟူသော အထောက်အထားအရ ဗုဒ္ဓမြတ်စွာဘုရားသည် အမှန်စင်စစ် သဗ္ဗညုတဉာဏ်တော်ကိုရရှိသူ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် ထိုကဲ့သို့သော သက်သေအထောက်အထားတို့ကို မျက်ကွယ်ပြုလျက် ရုပ်ဝါဒအမြင်ဖြင့် ဆန့်ကျင်ရေးအတွက် သဗ္ဗညုတဉာဏ်တော်ကို ထိပါးပုတ်ခတ်စော်ကားသည်။

၈။ မြတ်စွာဘုရား၏ဝါဒသည် ဝိပဿနာ၏ အခြေခံဖြစ်သော သမထလမ်းစဉ်နှင့် လောကုတ္တရာ၏ အခြေခံဖြစ်သော ဝိပဿနာလမ်းစဉ်တို့ကို အခိုင်အမာတည်ဆောက်၍ ဝေနေယျသတ္တဝါတို့အား ဘဝသံသရာမှ လွတ်မြောက်ရေးအတွက် စီစဉ်ညွှန်ကြားသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် စုဒိတကသခင်မြတ်ဆိုင်၊ သမ္မာဒိဋ္ဌိသုတေ

## ၃၀ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့များ

သနအဖွဲ့မှလူများသည် ရုပ်ဝါဒအမြင်အရ သံသရာနှင့် သံသရာမှ လွတ်မြောက်မှုကို လက်သင့်မခံသူများပီပီ **ဘဝသံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော သမထ၊ ဝိပဿနာလမ်းစဉ်တို့ကို ဖျက်ဆီးသောဝါဒ** ရှိကြသည်။

၉။ မြတ်စွာဘုရား၏ဝါဒသည် ဝိနည်းကျင့်ဝတ်သိက္ခာတော်များကို ရဟန်းတို့၏အသက် သာသနာတော်၏အသက်အဖြစ် အလေးအနက်ထားကာ ခုဒ္ဒါနုခုဒ္ဒ=အသေးအဖွဲသိက္ခာပုဒ်များပါမကျန် အလေးဂရုပြု၍ ကျင့်သုံးလိုက်နာသည့်ဝါဒ ဖြစ်သည်။

ဦးဥက္ကဌနှင့် အပေါင်းပါတို့၏ဝါဒသည် **ဝိနည်းကျင့်ဝတ်များကို ဥပါဒါန်အစွဲအလမ်းများဟု သမုတ်ကာ ဝိနည်းကျင့်ဝတ်ကို မျက်ကွယ်ပြုသော အဝိနယဝါဒ** ဖြစ်သည်။

၁၀။ မြတ်စွာဘုရား၏ဝါဒသည် မြတ်စွာဘုရား ပညတ်တော်မူသော ဝိနည်းကျင့်ဝတ်သိက္ခာပုဒ်များကို ကိုယ်ဝယ်ဆင်မြန်း၍ လိုက်နာကျင့်သုံးကာ ရဟန်းကောင်းရှင်ကောင်း သံဃာတော်ကောင်းတို့ကို ချီးမွမ်းထောပနာ ဩဘာပြုသောဝါဒ ဖြစ်သည်။

ဦးဥက္ကဌနှင့် တပည့်ကြီးသခင်မြတ်ဆိုင် သမ္မာဒိဋ္ဌိသုတေသနအဖွဲ့မှလူတို့သည် ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသော အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အစရှိသော ကျောက်ထီးတန်္တ အလေးပြု

အပ်သော သူတော်ကောင်း ရဟန်းသံဃာတော်များကို "အချောင်သမားတွေ"စသည်ဖြင့် ပက်ပက်စက်စက် ဆဲရေးပုတ်ခတ်သော မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဟူသော ဝစီဒုစရိုက်လေးပါး အခြေခံပြီး သံဃာအားဆဲရေးသော **သံဃအက္ကောသဝါဒ** ရှိသူများ ဖြစ်သည်။

၁၁။ မြတ်စွာဘုရား၏ဝါဒသည် မေတ္တာ သစ္စာနှင့်ကိုယ်ကျင့်တရားကို အခြေခံသော ရတနသုတ်၊ မေတ္တသုတ်စသော သုတ်တရားမျိုးကို အဖန်ဖန်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ကုသိုလ်တရားကို ပွားစေပြီး ဘေးအန္တရာယ်တို့ကို တားဆီးကာကွယ်သည့် ပရိတ်ဒေသနာတော်များအဖြစ် ခွင့်ပြုသောဝါဒ (ဝါ) ပရိတ်ရွတ်ကောင်းသောဝါဒ ဖြစ်သည်။

ဦးဥက္ကဌနှင့် နောက်လိုက်တို့၏ဝါဒသည် ဗြာဟ္မဏတို့၏ မန္တန်ရွတ်ပုံ၊ မဟာယာနတို့၏ ပရိတ်ရွတ်ပုံတို့၏ အင်္ဂါလက္ခဏာများနှင့် မတူကွဲပြား ခြားနားမှုကို နားမလည်ကြဘဲ အသံတူကာမျှဖြင့် သဘောတူမှတ်၍ ဗုဒ္ဓဘာသာတို့၏ ပရိတ်ရွတ်ခြင်းစသော အစဉ်အလာကောင်းများကို ဖျက်ဆီးသောဝါဒ ဖြစ်သည်။

၁၂။ မြတ်စွာဘုရား၏ဝါဒသည် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ၊ စေတီတော်ပုထိုးတော်များ၊ ဆင်းတုတော်များ၊ ဆံတော်ဓာတ်တော်များ စသည်တို့ကို မြတ်စွာဘုရား၏ ကျေးဇူး

တော် ဂုဏ်တော်တို့ကို အာရုံပြု၍ ရှိခိုးပူဇော် ကိုးကွယ်သမှုပြုရန် ခွင့်ပြုသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် ထိုကဲ့သို့သော ဓာတ်တော်၊ မွေတော်၊ စေတီတော်၊ ဆင်းတုတော် စသည်တို့ကို ကိုးကွယ်ပူဇော်ခြင်းကို ဆန့်ကျင်သောဝါဒဖြစ်ရုံမျှမက ဦးဥက္ကဋ္ဌသည် မိမိရုပ်ဝါဒီတစ်ဦး ဖြစ်ကြောင်းကို အခိုင်အမာပြသရာ ရောက်စေသည့် ရုပ်ဝါဒအမြင်ဖြင့် အရဟတ္တဖလသက်နိုင်းတော်ကို မိန်းမထဘီနှင့်လည်းကောင်း၊ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို မြင်းမြီးနှင့်လည်းကောင်း၊ ယုတ်ယုတ်မာမာ ခိုင်းနှိုင်းပြီး **သက်န်းနှင့်ဆံတော်ကို ထဘီနှင့်မြင်းမြီးလောက်မျှ အသုံးမကျသည့် ဘဝသို့ရောက်အောင် ရှက်ဖွယ်လိလိ ရေးသားထုတ်ဝေသော အရှက်မဲ့၊ အလဇ္ဇီဝါဒရှိသူ** ဖြစ်သည်။

၁၃။ မြတ်စွာဘုရား၏ ဝါဒသည် ကံ၊ ကံ၏အကျိုးကို အခြေခံသည့်အားလျော်စွာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့အား ရှိခိုးပူဇော်ခြင်း၊ ဂုဏ်တော်ပွားများခြင်း စသောအမှုတို့ကို ကုသိုလ်ရသောအလုပ်များအဖြစ် သတ်မှတ်၍ အားပေးသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် ရုပ်ဝါဒီများပီပီ ရုပ်မျက်လုံးဖြင့် ကုသိုလ်ရသည်ဆိုသည်ကို မမြင်ရသောကြောင့် လက်မခံဘဲ **ဗုဒ္ဓဘာသာတို့၏ ဓလေ့ကောင်းဖြစ်သော ဘုရားရှိခိုး**

**ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဆွမ်းတော်ကပ်ခြင်းစသော ဘာသာသာသနာရေးလုပ်ငန်းတို့ကို ဖျက်ဆီးသောဝါဒ ရှိသူများ** ဖြစ်သည်။

၁၄။ မြတ်စွာဘုရား၏ဝါဒသည် ကံ၊ ကံ၏အကျိုးကိုလည်းကောင်း၊ ဘဝသံသရာမှ ထွက်မြောက်မှုတို့ကိုလည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် လက်ခံသောဝါဒ ဖြစ်သည့်အားလျော်စွာ ကောင်းသောဘက်၌ သီလခံယူခြင်းပြုလုပ်သည့် ကုသိုလ်အကျိုးကြောင့် ရရှိနိုင်သည့်အချက်များကို ညွှန်ပြပြောကြားခြင်းဟု ဆိုအပ်သော ဆုပေးခြင်း၊ ကုသိုလ်ရှင်၏ ဆန္ဒပြင်းပြမှုကို မြွက်ဆိုသော ဆုတောင်းခြင်း၊ လူသေသောအခါ သေသူ ရှင်သူနှစ်ဦးစလုံးအတွက် အကျိုးရှိနိုင်သော သပိတ်သွတ်ခြင်းစသော အမှုတို့ကို ကုသိုလ်ကောင်းမှုများအဖြစ် သတ်မှတ်၍ အားပေးသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် သခင်မြတ်ဆိုင် သမ္မာဒိဋ္ဌိသုတေသီဆိုသူတို့သည် ထိုအမှုကိစ္စတို့ကို ရုပ်ဝါဒအမြင်ဖြင့် သုံးသပ်၍ ကုသိုလ်ကောင်းမှုဆိုင်ရာ သာသနာမှုဓလေ့ကောင်းတို့ကို ပယ်သောဝါဒ ရှိသူများ ဖြစ်သည်။

၁၅။ မြတ်စွာဘုရား၏ဝါဒသည် အင်္ဂုတ္တိုရ်ပါဠိတော် သဒ္ဓမ္မသမ္မောသသုတ်၌ ဟောကြားထားသည့်အတိုင်း သူတော်ကောင်း

တရားတော်၌ မတွေဝေစေရန် သူတော်ကောင်းတရားတော် မကွယ်ပစေရန် အက္ခရာပုဒ် ဗျည်းတို့ကို ကောင်းစွာထားရမည်။ အနက်ကိုလည်း ကောင်းစွာ ဆောင်ရမည်ဟု "အက္ခရာတစ်လုံး ဘုရားတစ်ဆူ"ကဲ့သို့ တန်ဖိုးထားသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် ၎င်း၏နောက်လိုက် ရုပ်ဝါဒီများ၏ဝါဒသည် ပါဠိကို အဘိဓာန်တွင် ဖော်ပြသော ရင်းမြစ်အနက်လောက်ကိုပင် မှန်မှန်မယူဘဲ ၎င်းတို့၏ ရုပ်ဝါဒအခြေခံအမြင်နှင့် ကိုက်ညီအောင် **ပါဠိစကားလုံးများကို ထင်သလို အနက်ပေးကြပြီး သာသန မမွအမှန်တရားဟူသမျှကို ဥပါဒါန်ပုဒ်မတပ်ကာ ဖျက်ဆီး ပစ်ရန် ကြိုးစားသော သာသနပစ္စတ္ထိကဝါဒ** ဖြစ်သည်။

၁၆။ မြတ်စွာဘုရား၏ဝါဒသည် လူတို့၌ရှိသော ကိလေသာ ၁၀-ပါးတို့ကို အဆင့်လိုက်အဆင့်လိုက် အမှန်တကယ် အပြီး အပြတ် ပယ်သတ်နိုင်သူမျိုးကိုသာ အရိယာဟုသတ်မှတ်ပြီး ထိုသို့ ကိလေသာပယ်သတ်ရာ၌ အဆင့်လိုက်ပေါ်ထွန်းသော နိဗ္ဗုတ ဓာတ်ကိုလည်းကောင်း၊ နောက်ဆုံးတွင် **အကြောင်းတဏှာ ချုပ်ငြိမ်း၍ အကျိုးရုပ်နာမ်ချုပ်ငြိမ်းသည့် သန္တိသုခအမတ ဓာတ်**ကိုလည်းကောင်း အစစ်အမှန်နိဗ္ဗာန်အဖြစ် သတ်မှတ်သော ဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် အပေါင်းပါတို့၏ဝါဒသည် အရိယာနှင့်နိဗ္ဗာန် ကို အထက်ပါဘုရားဟောအဓိပ္ပာယ်များနှင့် ဆန့်ကျင်လျက်ဖော်ပြ

ထားကြသဖြင့် ထေရဝါဒပိဋကတ်တော်နှင့် မကိုက်ညီ မနီးနှောမိသောဝါဒ ဖြစ်သည်။

၁၇။ မြတ်စွာဘုရား၏ဝါဒသည် သံဂါယနာခြောက်တန်တင် ပိဋကတ်သုံးပုံ၌ပါရှိသော ဓမ္မစက္ကပဝတ္တနသုတ်အတိုင်း သစ္စာလေးပါး၊ အပြန်သုံးပါး၊ ခြင်းရာတစ်ဆယ့်နှစ်ပါးရှိသော သစ္စာလမ်းကြောင်းကို ဖော်ပြသည့်ဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့သည် ဤကဲ့သို့ လေးနက်သည့် ဓမ္မစကြာတရားတော်ကြီးကိုပင်လျှင် အရှက်မဲ့ဖျက်ဆီးကာ လူသေလူဖြစ် ဓမ္မစကြာအဖြစ် ဖော်ပြဝံ့သော သာသနာသွေဖည်ရေးဝါဒ ရှိသူများ ဖြစ်သည်။

၁၈။ မြတ်စွာဘုရား၏ဝါဒသည် လိမ်လည်ခြင်း၊ လှည့်ပတ်ခြင်း၊ ကောက်ကျစ်ခြင်းတို့ကို အလွန်စက်ဆုပ်သည့်အားလျော်စွာ စကားမှန်တရားမှန်ကိုသာ ဟောကြားပြောဆိုသော သစ္စဝါဒဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့်တကွ ဦးကိုကိုလေး၊ သခင်မြတ်ဆိုင်၊ အဘိဓမ္မာဆရာစိန်၊ သမ္မာဒိဋ္ဌိသုတေသီ စသောသူတို့သည် ၎င်းတို့၏သန္တာန်၌ တည်ကိန်းနေသော ရုပ်ဝါဒအမြင်ဖြင့် ဆိုခဲ့သည့် လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ ကောက်ကျစ်ခြင်းတို့ကို အပြစ်ဟူ၍ မမြင်ဘဲ ဘုရားမဟောသော "လောကသမုဒယဉ္စ အတ္ထိ၊ လောကနိရောဓဉ္စ နတ္ထိ" ဟူသော လက်ဖြစ်ပါဠိအတုမျိုးကို ဗုဒ္ဓဘုရားဟော

## ၃၆ နိုင်ငံတော်သီးခြားဝိနည်းစိုရ်အဖွဲ့များ

ပါဠိအဖြစ် ပြောင်ပြောင်တင်းတင်းကြီး လိမ်လည်လှည့်ဖြား ဖော်ပြခြင်းအားဖြင့် **ဘုရားမဟောသည်ကို အဟောလုပ်ကာ သာသနာတော်၌ အဓိကရုဏ်းများဖြစ်အောင် ဖန်တီးသော အဖျက်သမားများ**သာ ဖြစ်သည်။

၁၉။ မြတ်စွာဘုရား၏ဝါဒသည် ဘုရားဆုကိုတောင်းသည်မှစ၍ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ပြီး နောက်ဆုံးဘုရားဖြစ်မည့်ဘဝ၌ မယ်တော်ဝမ်း၌ သန္ဓေယူခြင်း၊ ဖွားမြင်တော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဒုက္ကရစရိယကျင့်တော်မူခြင်း၊ ဗောဓိပင်၌ ဘုရားဖြစ်တော်မူခြင်း (ဗုဒ္ဓဝင်)တို့ကို အတုယူဖွယ်၊ အားကျဖွယ်ဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြထားသောဝါဒ ဖြစ်သည်။

ဦးဉက္ကဋ္ဌနှင့် နောက်လိုက်ရုပ်ဝါဒသမားတို့သည် **ဗုဒ္ဓရှင်ကို ရုပ်အမြင်နှင့် ယှဉ်ကြည့်ပြီး မတန်မရာ မထီလေးစား စော်ကားသော ယုတ်ညံ့သည့် ဝါဒရှိသူများ**သာ ဖြစ်သည်။

၂၀။ မြတ်စွာဘုရား၏ဝါဒသည် မြတ်စွာဘုရားနှင့်တကွ တပည့်သားသံဃာတော်တို့သည် မြတ်စွာဘုရားရှင်ကိုယ်တိုင် ဟောပြောခဲ့သော ပါဠိတော်တို့ကိုလည်းကောင်း၊ တပည့်သားတို့ဟောအပ်သော်လည်း မြတ်စွာဘုရား၏ အတည်ပြုချက်ရရှိသော

ပါဠိတော်တို့ကိုလည်းကောင်း၊ မြတ်စွာဘုရားက အကျဉ်းချုပ် ဟောခဲ့သော မာတိကာကို အကျယ်ချဲ့ထားသည့် ပါဠိတော်တို့ကို လည်းကောင်း၊ ဗုဒ္ဓဝါဒနှင့်အညီ ဆွေးနွေးဟောပြောထားသော ပါဠိတော်တို့ကိုလည်းကောင်း၊ သာသနာ့အန္တရာယ် အသွယ်သွယ်မှ ကာကွယ်ရန်အလို့ငှာ ခေတ်အလိုက် သံဂါယနာခြောက်တန် တင်၍ သန့်စင်ခဲ့ခြင်းအမှုသည် အလွန်ခိုင်မာသော သာသနာ့ မှတ်တိုင်အဖြစ် ခံယူထားကြသောဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် နောက်လိုက်တို့၏ဝါဒသည် လူမျိုးခြား ဘာသာခြားတို့၏ စာပေစည်းရုံးမှုနောက်သို့ လိုက်ပါကာ - **သံဂါယနာခြောက်တန်၏ ခိုင်မာမှုကို ပေါ့ပြက်သေးသိမ် အောင်လုပ်သော သာသနာဖျက်ဝါဒ** ဖြစ်သည်။

၂၁။ မြတ်စွာဘုရားနှင့်တပည့်သံဃာတို့၏ဝါဒသည် သံဂါယနာ ခြောက်တန်တင် ပါဠိတော်များမှာ အနှစ်သာရအားဖြင့် မည်သည့် ဘာသာ အယူဝါဒနှင့်မျှ ရောယှက်ခြင်းမရှိ ဗုဒ္ဓဝါဒ စစ်စစ်ကိုသာ ဖော်ပြသော ပါဠိတော်များအဖြစ် သင်အံလေ့ကျက် စိစစ်သုံးသပ် ကျင့်ကြံချက်များဖြင့် အတည်ပြုပြီး လက်ခံထားသော ဝါဒ ဖြစ်သည်။

ဦးဥက္ကဋ္ဌနှင့် ၎င်း၏နောက်လိုက်တို့၏ဝါဒသည် မိမိတို့၏ ရုပ်ဝါဒအမြင်နှင့်မကိုက်ညီသော ပါဠိတော်များကို ဘုရားဟော မဟုတ်ဟူ၍လည်းကောင်း၊ ဟိန္ဒူဗြာဟ္မဏဝါဒတွေဟူ၍လည်း

ကောင်း သမုတ်ပြီး ဘာသာ၊ သာသနာကို ရိုးသားစွာ ကျင့်ကြံ အားထုတ်လျက်ရှိသော ပုဂ္ဂိုလ်များအား အထင်မှား၊ အမြင်မှား ဖြစ်အောင် လှည့်ဖြားလိမ်ညာပြီး ဘုရားဟောပါဠိတော်များကို ဖြုတ်ထုတ်သတ်သောဝါဒ ဖြစ်သည်။

**ဖော်ပြပါ အကြောင်းအချက်များကြောင့် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂) ဝိနည်းဓိုရ်ဆရာတော်များအားလုံးက အဓမ္မဝါဒသာဖြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။**

## အဓမ္မဝါဒဟု ဆုံးဖြတ်ခံရသော
## လူသေလူဖြစ် ဝါဒါနုဝါဒဆိုင်ရာ စာအုပ်စာတမ်းများ

၁။ **လူသေလူဖြစ်** (ရှင်ဥက္ကဋ္ဌ)
၁-၉-၁၉၆၃၊ ဒုတိယအကြိမ်။

၂။ **ဗုဒ္ဓဓမ္မစကြာ**
(တောင်တွင်းကြီးနတ်မှီတောရ ရှင်ဥက္ကဋ္ဌဟောသည်။)
၁၉၆၄-ခု၊ စက်တင်ဘာလ။

၃။ **"ဗုဒ္ဓအဘိဓမ္မာ"** စတုတ္ထလက်ဆောင်
(တောင်တွင်းကြီးဗုဒ္ဓတက္ကသိုလ် အရှင်ဥက္ကဋ္ဌ )
၁၃၁၆-ခု။

၄။ **အစွဲပြုတ်တဲကုပ်ရွှေနန်းတော်** (ရှင်ဥက္ကဋ္ဌ)
၁၆၉၃-ခု၊ မေလ ၁-ရက်။

၅။ **ဗုဒ္ဓလမ်းစဉ်** (ရှင်ဥက္ကဋ္ဌ)
ဒုတိယအကြိမ် ၁၉၆၂-ခု။

၆။ **အနတ္တရောင်ခြည်** (ရှင်ဥက္ကဋ္ဌ)
ပထမနှိပ် ၁၃၂၄ - ခု၊ သီတင်းကျွတ်လ။

၇။ **အိုယောဂီ သင်ဘယ်ဆီသွားမလဲ** (ရှင်ဥက္ကဋ္ဌ)
ဒုတိယနှိပ်၊ ၁၉၆၂-ခု၊ အောက်တိုဘာလ။

၈။ **ဗုဒ္ဓမှတ်ကျောက်** (ရှင်ဥက္ကဋ္ဌ)
၁၉၆၃ - ခု၊ ဒီဇင်ဘာလ။

၉။ **ဗုဒ္ဓစာချွန်တော်** (ရှင်ဥက္ကဋ္ဌ)
၁၉၆၁ - ခု၊ အောက်တိုဘာလ၊ ပထမနှိပ်။

၁၀။ **အသင်လူသား ဘာမှားနေသလဲ** (ရှင်ဥက္ကဋ္ဌ)
၁၉၆၆ - ခု၊ ဇူလိုင်လ၊ ၁-ရက်။

၁၁။ **၃၁-ဘုံဝါဒ ဗုဒ္ဓလက်မခံ** (ကိုကိုလေး)
အဘိဓမ္မာဆရာစိန် တည်းဖြတ်သည်။
၁၉၆၄ -ခု အောက်တိုဘာလ ၁-ရက်။

၁၂။ **အတ္တဝါဒနှင့် တာဝတိံသာ အဘိဓမ္မာ**
(အဘိဓမ္မာ ဆရာစိန်)
၂၀-၅-၆၅။

၁၃။ **လူသေလူဖြစ် ပြဿနာ**
(သခင်မြတ်ဆိုင်မေး၊ ရှင်ဥက္ကဋ္ဌဖြေ)
ပထမနှိပ်၊ ၁၉၆၄-ခု၊ နိုဝင်ဘာလ။

၁၄။ **ဗုဒ္ဓ၏မိဂဒါဝုန်တရား** (သခင်မြတ်ဆိုင် ဖွင့်သည်။)

၁၅။ **ဗုဒ္ဓဝိပဿနာ-၁** (သခင်မြတ်ဆိုင်)
ပထမအကြိမ်၊ ၁၉၆၄ ခု။

International Dhammacakka Foundation

၁၆။ **ဗုဒ္ဓဝိပဿနာ-၂** (သခင်မြတ်ဆိုင်)
၁၉၆၇ - ခု၊ ဇန္နဝါရီ။

၁၇။ **သမ္မာဒိဋ္ဌိသုတေသနနှင့် ရေနံချောင်းအရေးတော်ပုံ (သို့မဟုတ်) ဗုဒ္ဓဝါဒနှင့် ဘဝသံသရာ**
၁၉၆၄ - ခု၊ ဩဂုတ်လ။

၁၈။ **ဘဝရေစီး** (ရှင်ဥက္ကဋ္ဌ)
၁၉၆၁ - ခု၊ စက်တင်ဘာလ၊ ၂၂-ရက်။

၁၉။ **ဗုဒ္ဓဝါဒအခြေခံသင်တန်း**
သင်တန်းအမှတ်စဉ်(၁)၊ သင်တန်းမှတ်စုများ
သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ် (အဖွဲ့ဝင်များသာ)

၂၀။ **ဗုဒ္ဓဝါဒအခြေခံသင်တန်း၊ သင်တန်းမှတ်စု**
သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ်၊
(သင်တန်းသားများအတွက်သာ)

၂၁။ **ဝိမုတ္တိရသအရကောက်ကျမ်း** (ဦးကိုကိုလေး)
(ပုံနှိပ်ထုတ်ဝေသူမပါ)

၂၂။ **သစ္စာဓမ္မစာစောင်**
အတွဲ (၁) အမှတ်(၁) (၂) (၃) (၄) (၅)
အတွဲ (၂) အမှတ်(၇) (၈) (၉) (၁၀) (၁၁) (၁၂)
အတွဲ (၃) အမှတ်(၁) (၂) (၃) (၇) (၁၂)
အတွဲ (၄) အမှတ် (၇) (၈) စုစုပေါင်း ၁၈-စောင်

၂၃။ **သစ္စာဓမ္မရေးရာစာစောင်**
အတွဲ (၁) အမှတ် (၅) (၆) (၇) (၈) (၉)

၂၄။ **သစ္စာဝိမာန်**
စည်းရုံးရေးနှင့် အဘိဓမ္မာရေးရာ (ပြန်တမ်း)
အတွဲ (၁) အမှတ် (၃) (၆)
အတွဲ (၂) အမှတ် (၅)

၂၅။ **ဓမ္မအလင်းရောင်**
အတွဲ (၂) အမှတ် (၆) (၇) (၈)
အတွဲ (၃) အမှတ် (၂) (၃) (၄)

၂၆။ **အမှန်တရားသုတေသနစာစောင်**
အမှတ် (၁) (၂) (၃) (၄) (၅) (၆)

၂၇။ **လက်ရွေးစင်သီးသန့်ပိဋကတ်တော်ကောက်နုတ်ချက်များ၊** သခင်မြတ်ဆိုင်။

၂၈။ **နိကာယ်၏ နိကာယ်နှင့် ဒေးဒရဲမြို့ကျောက်တိုင်မှစာများ** (ကွင်းကျောင်းတိုက်)

၂၉။ **ဗုဒ္ဓသာသနာသမိုင်း (အကျဉ်း)**
ပဉ္စနိကာယဓမ္မသာကစ္ဆာအဖွဲ့
၁၃၃၀ ၊ နတ်တော်လဆန်း(၁၅)ရက်
ကွင်းကျောင်းတိုက်၊ ဒေးဒရဲ

၃၀။ **အနတ္တဝါဒနှင့် လောကလမ်းသဖွယ်ဝိညာဉ်တွယ်ဟူသောအတ္တဝါဒ**
တင်ပြသူ ဦးရွှေပြည့်၊ တောင်ကုတ်မြို့
(အဖွဲ့ဝင်များအတွက်သာ)

၃၁။ **နတ်နှင့်ငရဲ ဘယ်မှာလဲ**
တင်ပြသူ ဦးရွှေပြည့် တောင်ကုတ်မြို့။

## ၄၂ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

၃၂။ ဗုဒ္ဓသိပ္ပံ ပရိယတ်တော်လှန်ရေး
လူသားတွေအမြင် ဘာသာစီးပွားရေးနှင့်
လူမှုစီးပွားရေး။

၃၃။ ရွှေအဘိဓမ္မာ တောင်ကုတ်၊
ရခိုင်ပြည်နယ်၏ မေးခွန်းစာစောင်

၃၄။ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့ချုပ် အယူဝါဒရေးရာဆိုင်ရာ
ခံယူချက်သဘောထားစာရွက်၊

---

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၃) ၏ ဆုံးဖြတ်ချက်

# ကြောင်ပန်းတောရဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၃)၏ ဆုံးဖြတ်ချက်များမှ အဓမ္မဟုဆုံးဖြတ်သော အချက်များကို ထုတ်နုတ်ဖော်ပြထားပါသည်။ ၁၃၄၃ ခု၊ ကဆုန်လဆန်း ၄-ရက်၊ ၅-ရက် (၂၆-၄-၈၂) (၂၇-၄-၈၂)နေ့တို့၌ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

### စောဒကပုဂ္ဂိုလ်များ

| | |
|---|---|
| ၁။ **ဦးပညာဝံသ** | တလုတ်ထော်ရွာကျောင်း၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်း။ |
| ၂။ **ဦးသုဇာတ** | ရတနာမာရ်အောင်တိုက်၊ မကျည်းခွရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။ |
| ၃။ **ဦးဂန္ဓီရဗုဒ္ဓိ** | ဓမ္မာစရိယပါဠိပါရဂူ၊သုခိတာရုံ စာသင်တိုက်၊ ဝေါမြို့၊ ပဲခူးတိုင်း။ |
| ၄။ **ဦးဇောတိက** | (ဓမ္မာစရိယ) သာစည်ကျောင်းတိုက်၊ မင်းခေါင်ရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။ |

## ၄၄ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### စုဒိတကပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ၁။ | **ဦးနန္ဒိယ** | |
| ၂။ | **ဦးနန္ဒိယ (၂)** | |
| ၃။ | **ဦးယုဝိန္ဒ** | ကြောင်ပန်းတောရတိုက်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း။ |
| ၄။ | **ဦးပဏ္ဍိတ** | ကြောင်ပန်းဓမ္မာရုံကျောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။ |
| ၅။ | **ဦးသုန္ဒရ** | ကြောင်ပန်းကျောင်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။ |

### နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

| | | |
|---|---|---|
| ၁။ | **ဦးသြဘာသ** | သရက်တောကျောင်း၊ ကျောက်မဲမြို့။ |
| ၂။ | **ဦးပဏ္ဍဝ** | ရွှေအင်းရိပ်သာ၊ တပ်ကုန်းမြို့။ |
| ၃။ | **ဦးနာရဒါဘိဝံသ** | မစိုးရိမ်ကျောင်းတိုက်၊ မန္တလေးမြို့။ |
| ၄။ | **ဦးကဝိဓဇ** | မဟာဝိဇယာရာမတိုက်၊ ဆင်ဖြူကျွန်းမြို့။ |
| ၅။ | **ဦးနေမိန္ဒ** | မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့။ |
| ၆။ | **ဦးတိလောကသာရ** | မြို့သစ်ကျောင်း၊ မလှိုင်မြို့။ |
| ၇။ | **ဦးဝိမလ** | မဟာလယ်တီတိုက်၊ မုံရွာမြို့။ |

## ကျောင်းပန်းကျမ်းစာအဆိုနှင့် ပါဠိစာပေအဆိုနှိုင်းယှဉ်ချက်

ကျောင်းပန်းတောရဝါဒကို ဆုံးဖြတ်ရာတွင် ဓမ္မ ၁၉-ချက်၊ အဓမ္မ ၂၂-ချက်ဆုံးဖြတ်ထားသည်။ အဓမ္မ ၂၂-ချက်တို့ကို ပါဠိစာပေအဆိုနှင့် နှိုင်းယှဉ်ချက်အကျဉ်းကို ဖော်ပြပါသည်။

၁။ တုံး၊ နေ၊ ကြက်စသည်တို့ကို ကျောင်းပန်းဆရာများက တုံးစသည်ပင် နာမ်၊ နာမ်သည်ပင် တုံးစသည်ဖြင့် **အာရုံနှင့် အာရမ္မဏိက မခွဲဘဲ အာရုံနှင့်အာရမ္မဏိကကို တစ်သားတည်း ယူဆထားသည်။**

ပါဠိစာပေကမူ တုံးစသည်သည် အာရုံ၊ နာမ်စိတ်သည် အာရမ္မဏိကဟူ၍ ဆိုထားသည်။

၂။ သက္ကာယဒိဋ္ဌိရှိနေသူမှန်သမျှ ဗုဒ္ဓဘာသာမဖြစ်၊ သရဏဂုံမတည်ဟု ကျောင်းပန်းခြောက်စောင်တွဲဆရာက ဖော်ပြထားသည်။

ပါဠိစာပေကမူ လောကိယသရဏဂုံ၊ လောကုတ္တရာသရဏဂုံ ၂-မျိုးရှိသည်။ သက္ကာယဒိဋ္ဌိရှိနေသော်လည်း လောကိယသရဏဂုံ တည်နိုင်သည်ဟု အဆိုရှိသည်။

၃။ မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုနှင့် ပြုပြုသမျှသောကုသိုလ်မှသာ ပုညကိရိယာဆိုပါဟု ကျောင်းပန်းကျမ်းဆရာများက ဆိုသည်။

ပါဠိစာပေကမူ ပုညကိရိယာမှာ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ် ၂-မျိုးရှိသည်ဟု ဆိုသည်။

၄။ တကယ်ပရမတ်ဆတ်ဆတ်ကို တကယ်ထိထိမိမိနှင့် တကယ်သိမြင်လျှင် ဘယ်အနိစ္စ၊ ဘယ်ဒုက္ခ၊ ဘယ်အနတ္တဟု ရှုဖွယ်ရာမလို၊ တကယ်ပြီးစီးပါ၏။ **ဝိသုဒ္ဓိ ၇-ပါး၊ ဝိပဿနာ တရားဟု တခမ်းတနားလုပ်ဖွယ် မရှိ၊ အကုန်ငြိမ်းပါ၏**ဟု ကြောင်ပန်းခြောက်ဆောင်တွဲဆရာက ဆို၏။

ပါဠိစာပေကမူ နေယျပုဂ္ဂိုလ်အတွက် ဝိသုဒ္ဓိ ၇-ပါးကို တခမ်းတနားလုပ်၍ အားထုတ်ရမည်ဟု ဆို၏။

၅။ လဟာပြင်ကြီးအတိသာ ဩကာသလောကမည်၏ဟု ကြောင်ပန်းခြောက်စောင်တွဲဆရာက ဆို၏။

ပါဠိစာပေကမူ အနိန္ဒြိယဗဒ္ဓဖြစ်သော ဥတုဇအဋ္ဌကလာပ်တို့၏ အပေါင်းအစုဖြစ်သည့် တောတောင် ရေမြေ အစရှိသော အရာဝတ္ထုများသည် ဩကာသလောကမည်၏ဟု ဆို၏။

၆။ ဝိညာဏံ အနိဒဿနံစသော ပါဠိဂါထာကို အနိစ္စခေတ် သင်္ခတပရမတ်ရအောင် ခြောက်စောင်တွဲဆရာက အနက်ပေးပြထားသည်။

ပါဠိစာပေကမူ ဝိညာဏံ၊ အနိဒဿနံ ၂-ပုဒ်အရ နိဗ္ဗာန်ကိုသာ ယူရမည်ဟု ဆို၏။

၇။ ဝိညာဏံ၊ အနိဒဿနံ စသော ဂါထာအရ သင်္ခတ အသင်္ခတ တရား၂-မျိုးစလုံးရနိုင်ပုံကို ခြောက်စောင်တွဲဆရာက ဆိုသည်။

ပါဠိစာပေကမူ ဝိညာဏံ၊ အနိဒဿနံ ဟူသော ၂-ပုဒ်အရ သင်္ခတ အသင်္ခတ ၂-မျိုးစလုံးကို မကောက်ယူရ၊ အသင်္ခတ နိဗ္ဗာန်တစ်မျိုးတည်းကိုသာ ကောက်ယူရမည်ဟု ဆိုသည်။

၈။ နိဗ္ဗာန်ကို ဂေါစရရူပ်တ္တဟု ကြောင်ပန်းဟောပုံကျမ်းဆရာနှင့် မူလဋီကာဆရာကြီးက ပြဆိုထားသည်။

ဓမ္မသင်္ဂဏီပါဠိတော် (၂၇၃)ကမူ ဗဟိဒ္ဓဟု ပြဆိုထားသည်။

၉။ "ဝိညာဏံ အနိဒဿနံ၊ အနန္တံ သဗ္ဗတော ပဘံ"ကို ထုတ်ပြ၍ ကောင်းကင်ကို သတ္တဝါခေါ်ကြောင်း၊ ငါခေါ်ကြောင်း၊ ကိုယ်ခေါ်ကြောင်း ခြောက်စောင်တွဲဆရာက ပြဆိုထားသည်။

အမှန်မှာ သင်္ခတ၊ အသင်္ခတ ၂-မျိုးစလုံးကို ပြသောစကားများ ဖြစ်သည်။ ဓောဒကဆရာများတင်သည့်အတိုင်း ကောင်းကင်ဘုံကို သတ္တဝါခေါ်သည်ဟူသော စကားမျိုးမဟုတ်။ သင်္ခတ၊ အသင်္ခတ ၂-မျိုးရစကားဖြစ်ကြောင်းကိုသာ ကျမ်းဆရာပြလိုရင်း ဖြစ်သည်။

ပါဠိစာပေကမူ ဝိညာဏံ၊ အနိဒဿနံ ဟူသော ၂-ပုဒ်အရ နိဗ္ဗာန်ကိုသာ ကောက်ယူရမည်ဟု ပြဆိုထားသည်။

၁၀။ နိဗ္ဗာနံ ပဋ္ဌေတွာဟူသောအဋ္ဌကထာ၏ သဘောကား သစ္စာလေးပါးကို ပိုင်းခြားသိမြင်မှ နိဗ္ဗာန်ကို တောင်းရာကျသည်ဟု ကြောင်ပန်းဆရာက ဆိုထားသည်။

ပါဠိစာပေကမူ သစ္စာလေးပါးတရားကို မသိသော်လည်း မိမိလိုရာကို ဆုတောင်းကောင်းကြောင်း ပြဆိုထားသည်။

၁၁။ သမုဒယသစ္စာကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်အားဖြင့် ပြတ်စဲချုပ်ငြိမ်းစေပြီးမှ တဏှာမဖက် ဝဋ်မှထွက်လိုသောဆန္ဒ မဟာကုသိုလ်ဉာဏသမ္ပယုတ်လေးခုဖြင့် ပြုသမျှသောကောင်းမှုကုသိုလ်ကို ပါရမီကုသိုလ်ဆိုသည်ဟု ခြောက်စောင်တွဲဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်လေးခု၌ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်များမရှိ တဒင်္ဂပဟာန်သာရှိသည်ဟု ပြဆိုထားသည်။

၁၂။ ဒုစရိုက် ၁၀-ပါးကြောင့်ဖြစ်သော အကုသိုလ်ကံတစ်ဆယ်၊ ပုညကိရိယာဝတ္ထုဆယ်ပါးကြောင့်ဖြစ်သော ကုသိုလ်ကံတစ်ဆယ်၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကြောင့်ဖြစ်သော ရူပါဝစရကုသိုလ်ကံ ၅-ခု၊ အရူပကုသိုလ်ကံ ၄-ခုအားဖြင့် ကံပေါင်း ၂၉-ခုဟု ခြောက်စောင်တွဲဆရာက ပြဆိုထားသည်

ပါဠိစာပေကမူ ကာမရူပကုသိုလ်ကံစေတနာ ၁၃-ခု၊ အကုသိုလ်ကံစေတနာ ၁၂-ခု၊ အရူပကုသိုလ် ကံစေတနာ ၄-ခု စုစုပေါင်း-၂၉ ဟု ပြဆိုထားသည်။

၁၃။ **ဒုစရိုက်ပြုသူ ငရဲမကျ**ဟု တိုက်ရိုက်အဓိပ္ပာယ်သက်ရောက်သော စကားမျိုးကို ခြောက်စောင်တွဲဆရာက သုံးနှုန်းသည်။

ပါဠိစာပေကမူ သမ္မုတိဒေသနာပုဂ္ဂလကထာကို ဒုဿီလော သီလဝိပန္နော (ပ) နိရယံ ဥပပဇ္ဇတိဟု အကွက်ကျကျ

သုံးနှုန်းသည်။

၁၄။ ထိုအခါ အနှစ်ဒြပ်နိမိတ်မကပ်သော အနိစ္စပရမတ်သာ ငရဲသို့ရောက်ပါသည်ဟု ခြောက်စောင်တွဲ ဆရာက ဆိုထားသည်။

ပါဠိစာပေကမူ အတိတ်ဘဝက ရုပ်နာမ်ခန္ဓာတို့သည် ပစ္စုပ္ပန်ဘဝသို့ ပြောင်းရွှေ့လာကြသည် မဟုတ်၊ အတိတ်ဘဝက ပြုခဲ့သောကံစသော ႇအကြောင်းသတ္တိကြောင့်သာ ဝိပါက်ဝိညာဉ် အမျိုးရှိသော အသစ်ဖြစ်သော ပရမတ်တရားများသာ ဖြစ်ပေါ်လာသည်ဟု ပြဆိုထားသည်။

၁၅။ လူရှိသည်၊ နတ်ရှိသည်။ လူပြည်ရသည်၊ နတ်ပြည်ကျသည်။ ဤသို့အစရှိသော အထင်အမြင်စုသည် စက္ခုစသော ဝိညာဏ် ခြောက်ပါး၏သဘော၊ မိစ္ဆာဝင်နေသော ဝိညာဉ်သိ၊ ဝိညာဉ်ထင်၊ ဝိညာဉ်မြင် ဖြစ်သည်။ **လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါခပဲ ငရဲမရှိဟု သိမြင်မှုသည် ဝိပဿနာဉာဏ်ယှဉ် ပညာသိ ပညာထင် ပညာမြင်ဖြစ်သည်**ဟု ကျမ်းဆရာက ပြဆိုထားသည်။

ပါဠိစာပေကမူ သမ္မုတိဒေသနာပုဂ္ဂလကထာကိုပင် အကွက်ကျကျ ပြဆိုထားသည်။

၁၆။ သင်္ခါရလောကအရ အနိန္ဒြိယဗဒ္ဓအဝိညာဏက တစ်မျိုး တည်းကိုသာ ကောက်ယူထားသည်။


ပါဠိစာပေကမူ သင်္ခါရလောကအရ ဣန္ဒြိယဗဒ္ဓ၊ အနိန္ဒြိယ ဗဒ္ဓ ၂-မျိုးစလုံးကို ကောက်ယူရမည်ဟု ပြဆိုထားသည်။

## အဓမ္မဝါဒဟုဆုံးဖြတ်ချက်

ဖော်ပြပါ အကြောင်းအချက်များကြောင့် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၃) ဝိနည်းဓိုရ်ဆရာတော်များအားလုံးက အဓမ္မဝါဒသာဖြစ်ကြောင်း တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

### မှတ်ချက်

ဆုံးဖြတ်ချက်နှင့်အညီ ထုတ်ယူထားသော နှိုင်းယှဉ်ချက် ဖြစ်၍ ဆုံးဖြတ်ချက်ကို ထပ်မံဖော်ပြခြင်းမပြုတော့ဘဲ အကျဉ်းအားဖြင့် မှတ်သားခွဲခြားနိုင်လောက်ပြီဟု ယူဆပါသည်။



## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၄) ၏ ဆုံးဖြတ်ချက်

# ကျောက်ပုံတောရဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄)က ၁၃၄၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆-၇-၈)ရက်၊ ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလ (၇-၈-၉)ရက်တို့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **ဦးပဏ္ဍိတ** — ဝိသိဋ္ဌဒီဃဘာဏက၊ ဆားကန်ကျောင်း၊ ဦးစံဖေလမ်း၊ သယ်န်းကျွန်းမြို့နယ်။

၂။ **ဦးဝိသုဒ္ဓါစာရ** — ပဒါန်းကျောင်း၊ ပဒါန်းကျေးရွာ၊ ငဖဲမြို့၊ မကွေးတိုင်း။

၃။ **ဦးဉာဏသာမိ** — လိပ်တောင်အနောက်ကျောင်း၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်း။

၄။ **ဦးအဂ္ဂဓမ္မ၊** — ဓမ္မာစရိယ၊ ဝိနယဓရ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ မာရ်အောင်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့။

## ၅၂ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### စုဒိတကပုဂ္ဂိုလ်များ

| | |
|---|---|
| ၁။ **ဦးဥတ္တံသ** | ကမ္ဘာ့ဝိပဿနာဗဟိုသင်တန်းကျောင်း၊<br>ပုရွက်ဆိပ်ကုန်းရပ်ကွက်၊<br>မြောက်ဥက္ကလာပ။ |
| ၂။ **ဦးစိန္တာမယညာဏာသိဒ္ဓိ** | ဝိဘဇ္ဇဝါဒီကျောင်း၊<br>ပုရွက်ဆိပ်ကုန်းရပ်ကွက်၊<br>မြောက်ဥက္ကလာပ။ |
| ၃။ **ဦးကောဝိဒ** | ကျောက်ပုံတောရသီးခြား<br>ကမ္ဘာ့ဝိပဿနာနေယျသင်တန်းကျောင်း၊<br>ပုရွက်ဆိပ်ကုန်းရပ်ကွက်၊<br>မြောက်ဥက္ကလာပ။ |
| ၄။ **ဦးညာဏောဘာသ** | ကျောက်ပုံတောရသီးခြား<br>ကမ္ဘာ့ဝိပဿနာနေယျသင်တန်းကျောင်း၊<br>ပုရွက်ဆိပ်ကုန်းရပ်ကွက်၊<br>မြောက်ဥက္ကလာပ။ |
| ၅။ **ဦးစန်းမောင်** | ကြည့်မြင်တိုင်။ |
| ၆။ **ပုသိမ်ဆရာညွန့်** | ကျောက်စရစ်ကုန်းရပ်ကွက် |
| ၇။ **ဦးနေဝင်းသိန်း** | (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ၊<br>ရန်ကုန်မြို့။ |

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄)ဆရာတော်များ

၁။ **ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ** — **သဘာပတိ**

ရွှေကျင်ကျောင်းတိုက်၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

၂။ **ဘဒ္ဒန္တပညိန္ဒာဘိဝံသ** — **အဖွဲ့ဝင်**

မဟာအောင်မြေဘုံစံကျောင်း၊

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ **ဘဒ္ဒန္တဓမ္မသာရာဘိဝံသ** — **အဖွဲ့ဝင်**

အဘယခေမိကာရုံကျောင်း၊

တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်

၄။ **ဘဒ္ဒန္တအရိယဝံသ** — **အဖွဲ့ဝင်**

အောင်မြေဘုံသာကျောင်း၊

ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း

၅။ **ဘဒ္ဒန္တဝေပုလ္လာဘိဝံသ** — **အဖွဲ့ဝင်**

ရွှေဘုံသာကျောင်း၊ ဟဲယားရွာမ၊

ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်

## အဓမ္မဝါဒဟု ဆုံးဖြတ်ချက်

၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်ဟောကြားတော်မူသော ယထာဘူတဝါဒတော်ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ဝိတဏ္ဍာဝါဒ တက္ကီဝါဒ ဖြစ်သည်။**

၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗ စသောကမ္မဋ္ဌာန်းများကို ပုထုဇဉ်ပုဂ္ဂိုလ်များ ပွားများရသောဝါဒ ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗစသော ကမ္မဋ္ဌာန်းများကို ပုထုဇဉ်ပုဂ္ဂိုလ်များ မပွားရသောဝါဒ ဖြစ်သည်။**

၃။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်ကို ရှုရသောဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်ကို မရှုသောဝါဒ ဖြစ်သည်။

၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် ပဉ္စင်းခံရာ၌ အရိယာသံဃာမပါသော်လည်း ရဟန်းအဖြစ်သို့ ရောက်နိုင်သော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ပဉ္စင်းခံရာ၌ အရိယာ**

**သံဃာ မပါဝင်က ရဟန်းအဖြစ်သို့ မရောက်နိုင်သောဝါဒ ဖြစ်သည်။**

မြတ်စွာဘုရား၏ ဝါဒတော်သည် ယခုခေတ်ဉာတ္တိစတုတ္ထကံဖြင့်သာ ရဟန်းဖြစ်သောဝါဒ၊ ဝိပဿနာဖြင့်သာ သောတာပန်ဖြစ်သောဝါဒ ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် သင်တန်း ၉-ရက်တက်ပြီးက အလိုလို သောတာပန်ရဟန်းဖြစ်သောဝါဒ ဖြစ်သည်။**

၅။ မြတ်စွာဘုရား၏ဝါဒသည် သမ္မာဒိဋ္ဌိစသော ရှစ်ပါးအပေါင်းကို မဂ္ဂဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် စေတနာကို မဂ္ဂဟု ဟော သောဝါဒ ဖြစ်သည်။**

၆။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများကို ကောင်းမွန်မှန်ကန်သောအကျင့်ဟု ဟောပြသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများကို သီလဗ္ဗတပရာမာသဟု ယူဆသောဝါဒ ဖြစ်သည်။**

၇။ မြတ်စွာဘုရား၏ ဝါဒတော်သည် အသင်္ခတကို နိဗ္ဗာန်ဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် အသင်္ခတကို နိဗ္ဗာန် မဟုတ်ဟု ယူသောဝါဒ ဖြစ်သည်။**

၈။ မြတ်စွာဘုရား၏ ဝါဒတော်သည် ပဉ္စသီလစသည်ကို သီလဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ယောက်ျား-မိန်းမ စသော ပုံသဏ္ဍာန်ကို ပယ်သတ်ခြင်းသည်လည်းကောင်း၊ အတ္တအတ္တနိယမှ လွန်မြောက်ခြင်းသည်လည်းကောင်း သီလမည်၏ဟု ယူဆသော ဝါဒ ဖြစ်သည်။

၉။ မြတ်စွာဘုရား၏ ဝါဒတော်သည် သီလ၊ သမာဓိ၊ ပညာဟု ပဋိပတ္တိက္ကမကို ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ပညာ၊ သီလ၊ သမာဓိဟု ပဋိပတ္တိက္ကမကို ပြောင်းပြန်ယူဆသောဝါဒ ဖြစ်သည်။**

၁၀။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်နာမ်ဓမ္မတို့၏ သန္တတိကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုရမည်ဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ရုပ်နာမ်ဓမ္မတို့၏ သန္တတိကို **အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မရှုရဟု ယူဆသော ဝါဒ** ဖြစ်သည်။

၁၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် အနိစ္စစသောအားဖြင့် ရုပ်နာမ်တို့ကို ရှုမှတ်သောဉာဏ်ကို ဝိပဿနာဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် "သင်ယူ မှတ်သား၊ နာကြား တွေးကြံ၊ မကျေနပ်၊ နောက်ထပ် မေးမြန်းရန်" ဟူသော ကလျာဏ အင်္ဂါငါးတန်အရ **သုတမယ၊ စိန္တာမယအသိမျှကိုပင် ဝိပဿနာ**

ဟု ယူဆသောဝါဒ ဖြစ်သည်။

၁၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဝဋ္ဋနိဿိတကမ္မဿက တာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိတို့ကိုသာ မိစ္ဆာပဋိပဒါဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ မှန်သမျှကို မိစ္ဆာပဋိပဒါဟု ယူဆသောဝါဒ ဖြစ်သည်။

၁၃။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဒေသနာတော်ကို အရာအားလျော်စွာ ပရိယာယ နိပ္ပရိယာယ အားဖြင့် ဟောကြားတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ဒေသနာတော်ကို နိပ္ပရိယာယ အားဖြင့်သာ ယူဆသောဝါဒ ဖြစ်သည်။

၁၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အယူများကို မှားသောအယူဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ အယူများကို အမှားအမှန် နှစ်မျိုးရှိ၏ဟု ယူဆသောဝါဒ ဖြစ်သည်။**

၁၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် သမ္မာသနညာဏ်ကို အဓိကထား၍ ပွားများရသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် သမ္မာသနညာဏ်ကို အဓိကထား၍ မပွားများရသောဝါဒ ဖြစ်သည်။**

၁၆။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဥဿင္ဂိုတည့်ချုစသော ပုဂ္ဂိုလ်လေးယောက်တို့အတွက် ဘုရားပွင့်တော်မူ၏ဟု မှတ်ယူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ဥဿင္ဂိုတည့်ချုစသော ပုဂ္ဂိုလ်သုံးယောက်အတွက်သာ ဘုရားပွင့်တော်မူသည်။ **ပဒပရမပုဂ္ဂိုလ်အတွက် ဘုရားပွင့်တော်မူသည်မဟုတ်ဟု ယူဆသောဝါဒ ဖြစ်သည်။**

၁၇။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်တဖွားဖွားနာမ်တဖွားဖွားကို ဝိပဿနာရှုရသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာမရှုရသောဝါဒ ဖြစ်သည်။

၁၈။ မြတ်စွာဘုရား၏ ဝါဒတော်သည် သိတတ်တာက နာမ်၊ မသိတတ်တာက ရုပ်၊ ညွတ်တတ်တာက နာမ်၊ ဖောက်ပြန်တတ်တာက ရုပ် စသည်ဖြင့် ပိုင်းခြားသိသောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ယင်းဆိုအပ်ခဲ့ပြီးအတိုင်း ပိုင်းခြားသိတတ်သောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ် မဟုတ်ဟု ယူဆသောဝါဒ ဖြစ်သည်။

၁၉။ မြတ်စွာဘုရား၏ ဝါဒတော်သည် အာရုံခြောက်ပါးတရားများကို ကာလသုံးပါး၌ ဖြစ်၏ဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် အာရုံခြောက်ပါးတရားများကို ကာလသုံးပါးမှ လွတ်၏ဟု ယူဆသောဝါဒ ဖြစ်သည်။

၂၀။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဟဒယဝတ္ထုသည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏မှီရာ ဖြစ်၏ ဟူ၍လည်း ကောင်း၊ စေတနာကို ကံခေါ်၏ ဟူ၍လည်းကောင်း၊ ကံဆိုသည်မှာ ပြုလုပ်မှုသာဖြစ်၏ ဟူ၍လည်းကောင်း ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ဟဒယဝတ္ထုဟူသည် နှလုံးသွေးဖြစ်၏ ဟူ၍လည်းကောင်း၊ နှလုံးသွေးကို ပါဠိလို ကမ္မဟူ၍လည်းခေါ်၏ ဟူ၍လည်းကောင်း၊ မြန်မာလို အရှိန် ဖြစ်၏ ဟူ၍လည်းကောင်း ယူဆသောဝါဒ ဖြစ်သည်။**

၂၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် နိဗ္ဗာန်ကို သန္တိသုခ သဘာဝအားဖြင့် ထင်ရှားသောသဘောတရားဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် နိဗ္ဗာန်ကို ချုပ်ငြိမ်းရုံမျှသာဖြစ်၏ဟု ယူဆသော သဘာဝဝါဒ ဖြစ်သည်။**

၂၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် ကိလေသာမှကြွင်းသော ခန္ဓာရှိသော ငြိမ်းအေးမှုကို သဉပါဒိသေသနိဗ္ဗာန်ဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် ကိလေသာတန်းလန်းနှင့် သိနေတာ သဉပါဒိသေသနိဗ္ဗာန် ကိလေသာကုန်မှ သိတာ အနု

ပါဒိသေသနိဗ္ဗာန်ဟု ယူဆသောဝါဒ ဖြစ်သည်။

၂၃။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရာဂဝိနယပဋိပန္န (ရာဂကိုပယ်ဖို့ရာကျင့်သောပုဂ္ဂိုလ်)အရ ထိုနေ့ ရှင်ဖြစ်သော ဘဏ္ဍာကိုင်သာမဏေအထိ ကျင့်ဆဲမှန်သမျှ ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် သေက္ခပုဂ္ဂိုလ် ၇-ယောက်ကိုသာ ယူဆသောဝါဒ ဖြစ်သည်။

မြတ်စွာဘုရား၏ ဝါဒတော်သည် သေက္ခ အသေက္ခ၊ သီလဝန္တ ပုထုဇဉ်အားလုံး အလှူခံထိုက်သော ပုဂ္ဂိုလ်အဖြစ် ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် သေက္ခ အသေက္ခပုဂ္ဂိုလ်များကိုသာ အလှူခံထိုက်သောပုဂ္ဂိုလ်အဖြစ် ယူဆသောဝါဒ ဖြစ်သည်။

၂၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် လက္ခဏာရေးသုံးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် အနတ္တ၊ အနိစ္စ၊ ဒုက္ခဟု ဒေသနာက္ကမ အစဉ်မကျဘဲ ယူဆသောဝါဒ ဖြစ်သည်။**

၂၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဘုံသုံးဆယ့်တစ်ကို ကိုယ်တော်တိုင် ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

**ကျောက်ပုံတောရဝါဒသည် ဘုံသုံးဆယ့်တစ်ကို ဘုရားကိုယ်တိုင်မဟော အများပြောဟု ယူဆသောဝါဒ ဖြစ်သည်။**

၂၆။ မြတ်စွာဘုရား၏ ဝါဒတော်သည် စိတ်၊ စေတသိက်၊ ရုပ်တရားများကို သင်္ခါရလောကဟု ဟောတော်မူသော ဝါဒတော် ဖြစ်သည်။

ကျောက်ပုံတောရဝါဒသည် စိတ်၊ စေတသိက်၊ ရုပ်တရားများကို ဩကာသလောကဟု ယူဆသောဝါဒ ဖြစ်သည်။

**ဖော်ပြပါအချက်များကြောင့် ကျောက်ပုံတောရဝါဒကို အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)က တညီတညွတ်တည်း ဆုံးဖြတ်တော်မူခဲ့ကြသည်။**

## အဓမ္မဝါဒဟုအဆုံးအဖြတ်ခံရသော ကျောက်ပုံတောရဆိုင်ရာစာအုပ်စာတမ်းများ

| | | |
|---|---|---|
| ၁။ | ဗုဒ္ဓဝါဒနှင့် လုပ်ငန်းစဉ် | ဦးစံရင် |
| ၂။ | အရိယဝိဋ္ဌာသကြံန်စာ ထုတ်ဝေဖြန့်ချိသူ | ဦးဝဏ္ဏသာမိ |
| ၃။ | သင်္ဂါယနာ ကဗျာစာ | ဦးစံရင် |
| ၄။ | နိဗ္ဗာန်အမတ ဩဝါဒကထာ | ဦးစံရင် |
| ၅။ | ထင်လေးလုံး | ဦးစံရင် |
| ၆။ | ကာယိကဒုက္ခဝိမုတ္တိကျမ်း | ဦးစံရင် |
| ၇။ | မေးခွန်းပေါင်းချုပ်ကျမ်း | ဦးစံရင် |
| ၈။ | အဓိကဝိပဿနာကျမ်း | ဦးစံရင် |
| ၉။ | ကမ္မဋ္ဌာန်ဝိပဿနာ ၁၈-ချက် | ဦးစံရင် |

## ၆၂ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

၁၀။ **နေပက္ကပညာအနုစိတ်ကျမ်း** (ပ-တွဲ) ဦးစံရင်

၁၁။ **နိဗ္ဗာန်သွားခန်း ဖြတ်လမ်းသင်တန်း** ဦးနေဝင်းသိန်း

၁၂။ **ကမ္မဋ္ဌာဝိပဿနာကျမ်း (ပ-တွဲ)** (နေယျသင်တန်း)

၁၃။ **စံပြဝိပဿနာ** နေမျိုးရာဇာဦးမောင်ကြီး

(ပညာနေတ္တိဝိပဿနာနည်း၊ ဒဿနသမ္မဒါနည်းတို့ကို လက်ခံသူ)

၁၄။ **မှတ်ပုံတင်သင်တန်း** ဦးစံရင်

၁၅။ **လေးလွှာဖျက်ခန်းအနတ္တဝိပဿနာကျမ်း**

ဦးဝိရိယာမိကညာဏ

၁၆။ **အနုစိတ်ဝိနိစ္ဆယအမေးအဖြေကျမ်း(၁)**

ပဟိုရ်ရစည် ဦးဝိဇယျ

၁၇။ **နာတိသခေ်ပပညာသိဝိပဿနာကျမ်း**

ဓမ္မဒီပ ဦးဥေယျ

၁၈။ **ကဗျာ့မေဒနီကျမ်းငယ်** ဦးစံရင်

၁၉။ **ကမ္မဋ္ဌာဝိပဿနာမဂ္ဂင် ရှစ်စောင်တွဲ** ဦးသုန်

၂၀။ **ဝိဘင္ဂဝါဒပကာသနီကျမ်းမှ ကောက်နုတ်ချက်**

ပုသိမ်ဆရာညွန့်

၂၁။ **ဇကြိမ်မြောက်ကမ္မဋ္ဌာဝိပဿနာဆရာအားဂုဏ်ပြု ပူဇော်ပွဲ အထိမ်းအမှတ်စာစောင်**

ပုသိမ်ဆရာညွန့်

၂၂။ **ပုသိမ်ဆရာညွန့် လက်ကမ်းစာစောင် ၃-စောင်**

ထို့ပြင် တရားတိပ်ခွေများလည်း ရှိသည်။

---

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၅) ၏ ဆုံးဖြတ်ချက်

# ဦးမာလာဝရ(ရေတာရှည်)ဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၅)က ၁၃၄၄-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄-ရက်၊ ၁၉၈၃-ခုနှစ်၊ ဧပြီလ ၁-ရက်နေ့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

### စောဒကပုဂ္ဂိုလ်များ

| | |
|---|---|
| ၁။ **ဦးဘဒ္ဒိယ** | သာဂရမြို့ |
| ၂။ **ဦးမုနိတ** | ရေတာရှည်မြို့ |
| ၃။ **ဦးသာသန** | ဆွာမြို့ |

### စုဒိတကပုဂ္ဂိုလ်

| | |
|---|---|
| ၁။ **ဦးမာလာဝရ** | ကညင်အိုင်ကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း |

 **နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ**

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တဝိဇယ** — **သဘာပတိ**
ကွမ်းခြံကုန်းကျောင်း၊ ဝါးခယ်မမြို့

၂။ **ဘဒ္ဒန္တပဏ္ဍိစ္စ** — **အဖွဲ့ဝင်**
ဓမ္မိကာရုံပါဠိတက္ကသိုလ်၊ ရန်ကုန်မြို့

၃။ **ဘဒ္ဒန္တနန္ဒိယ** — **အဖွဲ့ဝင်**
ပညာပဇ္ဇောတာရုံကျောင်း၊ ပေါက်ခေါင်းမြို့

၄။ **ဘဒ္ဒန္တနေမိန္ဒ** — **အဖွဲ့ဝင်**
မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့

၅။ **ဘဒ္ဒန္တသီလဝံသ** — **အဖွဲ့ဝင်**
ဝန်းသိုကျောင်း၊ မြစ်ကြီးနားမြို့

### အဓမ္မဝါဒဟုဆုံးဖြတ်ချက်

(က) ဦးမာလာဝရသည် ဗုဒ္ဓသာသနာတော်၏ သရဏဂုံ ၃-ပါးကို ဖယ်ရှားလျက် သာသနာတော်မှအပ ဖြစ်သော **မိမိတို့၏ မိစ္ဆာသရဏဂုံများကို ယုံကြည်လက်ခံ ဟောပြောခြင်း** ကြောင့်လည်းကောင်း၊

(ခ) ဦးမာလာဝရသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော အရိယကန္တ ပကတိစာရိတ္တင်္ဂါးပါး၊ ပဉ္စသီကျင့်ဝတ်ကို

ပယ်ရှား၍ **မိစ္ဆာသီလများကို လက်ခံယုံကြည်လျက် သူတစ်ပါးအား ဟောပြောခြင်း**ကြောင့်လည်းကောင်း၊

(ဂ) ဦးမာလာဝရသည် မြတ်စွာဘုရား၏ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကို ဖယ်ရှားလျက် **မှားယွင်းစွာ ကြံဆထားသော မိမိတို့၏ မိစ္ဆာအကျင့်တရားတို့ကို စွဲယူဟောပြောခြင်း**ကြောင့်လည်းကောင်း

(ဃ) ထေရဝါဒ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၏ အနက်အဓိပ္ပာယ်တို့ကို ဖောက်ဖောက်ပြားပြား လွဲမှားစွာ ဖော်ထုတ်လျက် **ထေရဝါဒ ပိဋကတ်တို့ကို လက်ခံယုံကြည်ခြင်း မရှိ**သောကြောင့်လည်းကောင်း၊

(င) မြတ်စွာဘုရား၏ သာသနာတော်အဆုံးအမသည် သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါးနှင့် ပြည့်စုံစေသော အဆုံးအမ ဖြစ်၍ ဦးမာလာဝရ၏ဝါဒသည် **ကိုယ်တွင်းရှိ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်နှင့် ကမ္ဘာမြေကြီးကိုသာ ဖော်ပြသော မျက်တွေ့ လက်တွေ့ဝါဒ** ဖြစ်သောကြောင့်လည်းကောင်း၊

(စ) မြတ်စွာဘုရား၏ အဆုံးအမတော်သည် ဗြဟ္မာ၊ နတ်၊ ငရဲ၊ ဗြဟ္မာပြည်၊ နတ်ပြည်၊ ငရဲပြည်-အရှိကို လက်ခံသောဝါဒ ဖြစ်၍ ဦးမာလာဝရ၏ဝါဒသည် နတ္ထိ သတ္တာ ဩပပါတိကာဝါဒ ဟူသော မိစ္ဆာဝါဒဖြစ်သောကြောင့်လည်းကောင်း၊

(ဆ) မြတ်စွာဘုရား၏ ဝါဒတော်သည် ဓမ္မဝိနယတို့ကို ချမှတ်၍ တည်တံ့စေသောဝါဒ ဖြစ်၍ ဦးမာလာဝရ၏ဝါဒသည် ဓမ္မဝိနယ

တို့ကို အမြစ်ကစ၍ ဖြိုဖျက်ပျက်စီးစေသောဝါဒသာ ဖြစ်သော ကြောင့်လည်းကောင်း

စုဒိတက ဦးမာလာဝရ၏ဝါဒသည် ထေရဝါဒ ပိဋကတ်ဟု ဆိုအပ်သော သာသနဓမ္မနှင့် ဥဇုပစ္စနိက= ဖြောင့်ဖြောင့် ဆန့်ကျင်သော ထေရဝါဒမှအပဖြစ်သော အဓမ္မဝါဒသာ ဖြစ်သည်ဟု နိုင်ငံတော်သီးခြားဝိနည်း ဓိုရ်အဖွဲ့ အမှတ်(၅) ဆရာတော်များအားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

## မှတ်ချက်

၂၀၀၉-ခုနှစ်ရိုက် ဝိနိစ္ဆယစာအုပ်တွင်-

(က) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်၏ သြဝါဒ (မပါ)။

(ခ) အဓမ္မဝါဒ စွန့်လွှတ်ကြောင်း (မပါ)။

(ဂ) ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ (မပါ)။

(ဃ) စောဒက၏ စောဒနာလွှာအကျယ် (မပါ)။

(င) စုဒိတက၏ သောဓနာလွှာအကျယ်က များနေသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၆) ၏ ဆုံးဖြတ်ချက်

# ဓမ္မနီတိဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၆)သည် ၁၃၄၅ခုနှစ်၊ (                    )လ၊ (      )ရက်နေ့တွင် အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ချက်ချမှတ်တော်မူသည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **ဦးဝိမလဗုဒ္ဓိ** သာကေတမြို့

၂။ **အရှင်ဉာဏိဿရ** (ဓမ္မာစရိယ) ငါးသိုင်းချောင်းမြို့

၃။ **အရှင်စက္ကိန္ဒ** သာကေတမြို့

၄။ **ဦးရေဝတ** မုတ္တမကျေးရွာ၊ ပေါင်မြို့နယ်

### စုဒိတကပုဂ္ဂိုလ်

၁။ **ဦးပညာဝံသ** ဓမ္မနီတိဗိမာန်ကျောင်း၊ သာကေတမြို့

## ( ၆၈ ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တတိက္ခိန္ဒြိယ** — သဘာပတိ
ကျောင်းတော်ရာရွှေကျင်တိုက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်

၂။ **ဘဒ္ဒန္တဥတ္တရာဘိဝံသ** — အဖွဲ့ဝင်
သီတာရုံကျောင်း၊ သရက်တောတိုက်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်

၃။ **ဘဒ္ဒန္တကဝိန္ဒ** — အဖွဲ့ဝင်
ထုံးအိုင်အလယ်ကျောင်း၊
ဖားအံမြို့၊ ကရင်ပြည်နယ်

၄။ **ဘဒ္ဒန္တကုမာရာဘိဝံသ** — အဖွဲ့ဝင်
ဗန်းမော်ကျောင်းတိုက်၊
တက္ကသိုလ်စာတိုက်၊ မန္တလေး

၅။ **ဘဒ္ဒန္တကောဏ္ဍည** — အဖွဲ့ဝင်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊
နန္ဒဝန်လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်

## အဓမ္မဝါဒဟုဆုံးဖြတ်ချက်

၁။ ဓမ္မနီတိသည် **"သဿတဒိဋ္ဌိ ဗုဒ္ဓဘာသာ"**ဟု စွပ်စွဲဆဲရေးသဖြင့် ဓမ္မနီတိဝါဒသည် **ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်တော်ကို စော်ကား ဖျက်ဆီးသောဝါဒ** ဖြစ်သောကြောင့်လည်းကောင်း၊

၂။ ဓမ္မနီတိသည် "ကုသိုလ်၊ အကုသိုလ်မရှိ။ ရုပ်နာမ်ပရမတ်မရှိ။ သံဃာဆွမ်းလောင်းခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော်ပွားခြင်း၊ ဘုရားရှိခိုးခြင်းသည် အဝီစိကျနေသည်။ **သီလမရှိသူက ငါးပါးသီလရှိသူထက် လွတ်လပ်တယ်၊ ငါးပါးသီလသမားက ရှစ်ပါးသီလသမားထက် ပို၍ လွတ်လပ်တယ်"** စသည်တို့ကို ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် အရည်းကြီးအဇိတ၏ နတ္ထိကဝါဒ၏နောက်လိုက်ဝါဒသာ ဖြစ်သောကြောင့်လည်းကောင်း၊

၃။ ဓမ္မနီတိသည် "ပကတိ(ခေါ်)ဓာတ်မသည် ပုရိသ(ခေါ်)ဖိုဓာတ်နှင့် ပေါင်းစပ်သောအခါ သတ္တဝါတို့၏ ခန္ဓာကိုယ်ကို ဖန်တီးသည်"ဟူသော ကပိလရသေ့၏ဝါဒများသို့ အတုလိုက်လျက် **"မိဘတို့ကြောင့် ဖြစ်လာသော ကလလရေကြည်က မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်၊ လက်၊ ခြေ စသော ခန္ဓာကိုယ်ကောင်ကို ဖန်တီးသည်"**ဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် မြတ်ဗုဒ္ဓဝါဒတော်ကို ဆန့်ကျင်သော အညတိတ္ထိယဝါဒ တို့၏ နောက်လိုက်ဝါဒသာ ဖြစ်သောကြောင့်လည်းကောင်း၊

၄။ ပစ္စယာကာရေ ဉာဏံ ဩတာရေတွာဟူသော အဋ္ဌကထာပါဌ်မှန်ကို ကရဇကာယေ ဉာဏံ ဩတာ ရေတွာဟု ပြင်ဆင်တုပ

ပါဠိလွဲကိုပြလျက် **"မိဘတို့၏ ကိလေသာသောင်းကျန်းမှုကြောင့်ဖြစ်လာသော ကလလရေကြည်ကို ဘဝအစ စွဲစရာရှာမရတဲ့ အနတ္တ သူည"**ဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် ဗုဒ္ဓ သာသနာတော်ကို ပယ်လှန်ဖျက်ဆီးသောဝါဒဖြစ်သောကြောင့် လည်းကောင်း၊

၅။ **"ရုပ်နာမ်ရှုဝိပဿနာသည် အလွဲအမှားသာ ဖြစ်သည်။ ရုပ်နာမ်လွတ်ဝိပဿနာသာ လမ်းမှန်ဖြစ်သည်"**ဟု ဟောပြောသဖြင့် ဓမ္မနီတိဝါဒသည် ဗုဒ္ဓ၏အရိယလမ်းကြောင်းမှန် သာသနာတော်ကို ဆန့်ကျင်ဖျက်ဆီးသောကြောင့် လည်းကောင်း၊

၆။ ဤပြခဲ့ပြီးအချက်တို့မှတစ်ပါး ဤရုံးတော်က အကျယ်စိစစ်ပြခဲ့ပြီးသော အခြားအကြောင်းတို့ကြောင့် လည်းကောင်း-

**ဓမ္မနီတိဝါဒသည် ဗုဒ္ဓသာသနာတော်၏ ဆန့်ကျင်ဘက် သာသနာဖျက် အဓမ္မဝါဒ အဝိနယဝါဒစစ်စစ်သာ ဖြစ်သည်ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ်(၆) ဝိနည်းဓိုရ်ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်သည်။**

၇။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၆)ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော ဓမ္မနီတိဝါဒ စာအုပ် ၃-အုပ်နှင့် အသံဖမ်းတိပ်ခွေ ၃၉-ခွေတို့၌ ပါရှိသောဓမ္မနီတိတရားများ၊ ဤသက်သေခံပစ္စည်း၌ မပါဝင် ကျန်ရှိနေသေးသော တိပ်ခွေတို့၌ပါရှိသော ဓမ္မနီတိတရားများ၊ ဓမ္မနီတိဝါဒနှင့် ဆက်စပ်

နေသော တရားများသည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒ ဖြစ်ကုန် သည်ဟူ၍ နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၆) ဝိနည်းမိုရ် ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

၈။ ထိုမှတစ်ပါး ထိုဓမ္မနီတိဝါဒနှင့် ဆက်စပ်လျက်ရှိနေသော ဓမ္မနီတိသင်တန်း အစရှိသောအမည်များနှင့် တံဆိပ်တုံး ဆိုင်းဘုတ်အစရှိသော ထိုဓမ္မနီတိဝါဒကို ဖော်ပြသိစေလျက်ရှိသော အထိမ်းအမှတ် ပစ္စည်းဝတ္ထုမှန်သမျှအားလုံးတို့သည် ဓမ္မနီတိ၏ အဓမ္မဝါဒကို ဖော်ပြရာရောက်သောကြောင့် အဓမ္မနှင့် သက်ဆိုင်သောပစ္စည်းများ ဖြစ်ကုန်သည်ဟူ၍ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၆) ဝိနည်းမိုရ် ဆရာတော်များ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

၉။ **ထိုဓမ္မနီတိဝါဒနှင့် ထိုဓမ္မနီတိဝါဒမှ ဆက်စပ်ပေါက်ပွားလာသောဝါဒတို့ကို ရေးသားဟောပြောကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း၊ ထိုဓမ္မနီတိဝါဒတို့ကို လိုက်နာကျင့်ကြံ အားထုတ်ကြသည့် ရဟန်း ရှင်လူတို့သည် လည်းကောင်း၊ ထိုဓမ္မနီတိဝါဒတို့ကို နှစ်သက်လိုလားစွာ အားပေး ထောက်ခံကြသော ရဟန်း ရှင်လူတို့သည် လည်းကောင်း အဓမ္မဝါဒီတို့သာ မည်ကုန်၏ဟူ၍ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၆) ဝိနည်းမိုရ်ဆရာတော်များ အားလုံးတို့က တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။**

## ဆရာမှားခြင်း

ယနေ့ခေတ် အချိန်အခါတွင်
ဘာသာရေး၊ သာသနာရေးကို
စိတ်ပါဝင်စားစွာ လေ့လာသူ
များပြားလျက်ရှိရာ
ပထမဦးဆုံး တွေ့သောဆရာသည်
ဓမ္မလမ်းစဉ်မှ သွေဖည်နေသော
အဓမ္မအယူ ရှိနေသူဖြစ်ပါက
ထိုဝါဒ၏တရားအစွဲဝင်သွားလျှင်
ဘုရားကိုပင် ဆန့်ကျင်ဝေဖန်ရန်
ဝန်မလေးတော့သည်ကို တွေ့နေရသည်။
ထို့ကြောင့် အဓမ္မဝါဒီများ များလာလေလေ
လူအများအတွက်
သံသရာဘေးတွေ့စေမည့် အန္တရာယ်များ
များလေလေပင် ဖြစ်သည်။

အဓမ္မဝါဒများကို ရှုမြင်ဆင်ခြင်ခြင်းစာတမ်းမှ . . .

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၇) ၏ ဆုံးဖြတ်ချက်

# မိုးညို (မြောက်ဥက္ကလာပ)ဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၇)က ၁၃၄၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉-ရက် (၄-၇-၈၃) တနင်္လာနေ့တွင် အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **ဦးဝိစာရ** ပခုက္ကူကျောင်း၊ အာသာဝတီကျောင်းတိုက် မြောက်ဥက္ကလာပ

၂။ **ဦးပဏ္ဏဝံသ** မဏိရတနာကျောင်း၊ ဇမ္ဗူအေးကျောင်းတိုက် မြောက်ဥက္ကလာပ

၃။ **ဦးသာသန** သာသနဝေပုလ္လကျောင်း၊ အာသာဝတီ ကျောင်းတိုက်၊ မြောက်ဥက္ကလာပ။

### စုဒိတကပုဂ္ဂိုလ်

၁။ **ဦးထွန်းရှိန်**
(မိုးညိုဦးသူရိယ ခေါ် ဦးထွန်းရှိန်)
အမှတ်၁၉၈၊ ဝဇီရာ(၃)လမ်း၊ ၈/ရပ်ကွက်၊ မြောက်ဥက္ကလာပ

## ၃၄ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တဝေပုလ္လာဘိဝံသ** သဘာပတိ
ပတ္တမြားတိုက်၊ မန္တလေးအနောက်တောင်မြို့နယ်

၂။ **ဘဒ္ဒန္တစန္ဒောဘာသ** အဖွဲ့ဝင်
ရွှေတောင်ကျောင်း၊ ပဲခူးမြို့

၃။ **ဘဒ္ဒန္တနန္ဒဝံသ** အဖွဲ့ဝင်
မြို့မကျောင်း၊ အင်းတော်မြို့

၄။ **ဘဒ္ဒန္တဇောတိက** အဖွဲ့ဝင်
ဝိဇ္ဇာဘာဂီကျောင်း၊ သထုံမြို့

၅။ **ဘဒ္ဒန္တတိလောကသာရ** အဖွဲ့ဝင်
မြို့သစ်ကျောင်း၊ မလှိုင်မြို့။

### အဓမ္မဝါဒ ဟုဆုံးဖြတ်ချက်

၁။ ထေရဝါဒကျမ်းစာအဖြာဖြာတို့၌ သမထ, ဝိပဿနာ ဤနှစ်ဖြာတို့သည် ယုဂါနဒ္ဓ သမထယာနိက ဝိပဿနာယာနိက မဂ္ဂဒွိဓာ နိဗ္ဗာန်သွားကြောင်း နည်းကောင်းကျင့်ထုံး စွဲသုံးစရာ ဘာဝနာနည်းနှစ်ပါးတို့ဖြင့် မဂ်တရားဖိုလ်တရားကို ရနိုင်ရောက်နိုင်ကြောင်း ထင်ထင်ရှားရှား ဟောကြားဖွင့်ဆိုထားသည်။

မိုးညို(မြောက်ဥက္ကလာပ)ဝါဒမှာမူ သီလနှင့် သမထကို အလွဲလွဲ အမှားမှား ယူဆလျက် သမထဖြင့် မဂ်တရားဖိုလ်တရားကို မရနိုင်ဟု **သမထယာနိကလမ်းစဉ်ကို ပစ်ပယ်သောဝါဒ ဖြစ်သည်။**

၂။ ထေရဝါဒ ပိဋကတ်တော်တို့က ပရိညာသုံးပါးတွင်- ဉာတပရိညာမှာ ရုပ်နာမ်တရားတို့၏ လက္ခဏာသိမှု၊ တီရဏ ပရိညာမှာ ရုပ်နာမ်ကို လက္ခဏာဉာဏ်ဖြင့် ဖြတ်တောက်ခုတ်စဉ်း၍ အတွင်းကျကျသိမှု၊ ပဟာနပရိညာဆိုသည်မှာ ရုပ်နာမ်ကို အတွင်းကျကျသိ၍ ငြီးငွေ့ပယ်ရှားမှုဟု ဆိုသည်။

မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ အပြားအားဖြင့် အထူးသိရသော ဝိပဿနာဉာဏ်ကို ဉာတပရိညာ, လက္ခဏာဉာဏ်ကို တီရဏပရိညာ, ဖြစ်ပျက်လောက ဓမ္မကာလသုံးပါးမှ လွန်မြောက်၍ မဖြစ်မပျက် လောကုတ္တရာနယ်အတွင်းသို့ ရောက်သောအရာကို ပဟာနပရိညာဟု ဆိုသည်။

၃။ ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်စာပေတို့တွင် ပထဝီ, အာပေါ်, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဤရုပ်ရှစ်ခုကို အဋ္ဌကလာပ်ရုပ်ဟု ဆိုသည်။

မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ ပထဝီဓာတ်၏ ပျော့သဘော မာသဘော ၂ ခု ၊ အာပေါဓာတ်၏ ဖွဲ့ပတ်သဘော, ယိုစီးသဘော ၂ ခု၊ တေဇောဓာတ်၏ ပူသဘော အေးသဘော ၂ ခု၊ ဝါယောဓာတ်၏ တွန်းကန်သဘော ရွှေ့လျောသဘော ၂

**ခု၊ ဤသဘော ၄-ခု (၄ စုံ)ကို အဌကလာပ်ဟု ဆိုသည်။**

၄။ ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်စာပေတို့က ဓာတ်ကြီးလေးပါး၌ ပထဝီသည်ပင် ဓာတ်၊ ဓာတ်သည်ပင် ပထဝီ စသည်ဖြင့်လည်းကောင်း၊ ပထဝီစသော ဓာတ်ကြီးလေးပါး၏ ဖြစ်ကြောင်းတရားမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သာ ဖြစ်သည်ဟုလည်းကောင်း ဟောကြားဖွင့်ဆိုထားသည်။

မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ ဓာတ်ဟူသည်က အကြောင်း၊ ပထဝီစသည်က အကျိုးဟူ၍ လည်းကောင်း၊ အကြောင်းဓာတ်သည် အကျိုးပထဝီမဟုတ်၊ အကျိုးပထဝီသည် အကြောင်းဓာတ်မဟုတ် ဟူ၍လည်းကောင်း ယူဆရေးသားဟောကြားသောဝါဒ ဖြစ်သည်။

၅။ ထေရဝါဒ ပိဋကတ်စာပေတို့က အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူသော နိယတမိစ္ဆာဒိဋ္ဌိတို့ကိုသာ မိစ္ဆာဒိဋ္ဌိဟု ဆိုသည်။

**မိုးညို (မြောက်ဥက္ကလာပ) ဝါဒကမူ မိန်းမပဲ၊ ယောကျ်ားပဲ၊ ကျွဲပဲ၊ နွားပဲ၊ ခွေးပဲ ကြောင်ပဲဟု ခေါ်ဝေါ်နေမှုကို မိစ္ဆာဒိဋ္ဌိဟု ဆိုထားသည်။**

၆။ ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်စာပေတို့က-

(က) မြင်မှု၌ စက္ခုပသာဒနှင့် ရူပါရုံတွေ့ဆုံလာလျှင် စက္ခုဝိညာဉ် (မြင်သိမှု)စိတ် ဖြစ်ပေါ်လာကြောင်း၊

(ခ) စက္ခုဝိညာဉ် (မြင်သိ)စိတ် ဖြစ်ပေါ်လာလျှင် (ဝီထိ

သဘောအရ စက္ခုဒွါရဝီထိ တဒနုဝတ္တကဝီထိများကျကာ) ရူပါရုံကို မြင်ရကြောင်း၊

(ဂ) စက္ခုပသာဒသည် ရုပ်တရားဖြစ်၍ ရုပ်၏ဖောက်ပြန်မှု လက္ခဏာတို့သည် မူလကပင် ရှိပြီးဖြစ်နေကြောင်း ဆိုသည်။

**မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ-**

(က) စက္ခုဝိညာဉ်စိတ်ဖြစ်ရုံမျှဖြင့် မမြင်ရသေး၊ စက္ခုဝိညာဉ်ပေါ်မှာ မနောအကြည်တစ်ခုထပ်မံ ပေါ်ပေါက်လာရသေးကြောင်း၊

(ခ) စက္ခုဝိညာဉ်စသည်တို့မှာ ရုပ်ဝိညာဉ်များဖြစ်၍ မြင်သိရန်အတွက် မနောအကြည်၌သာမှီရကြောင်း မနောအကြည်ပါမှ စက္ခုဝိညာဉ်စသည်ဖြစ်ကြောင်း၊

(ဂ) စက္ခုအကြည်ကို အဆင်းကထိခိုက်မှ ဖောက်ပြန်မှုပေါ်သဖြင့် ပစ္စုပ္ပန်ရုပ်ခေါ်ရကြောင်း စသည်ဖြင့် ရှုပ်ရှုပ်ထွေးထွေး ရေးသားပြောဟောသောဝါဒ ဖြစ်သည်။

၇။ ဗုဒ္ဓဘာသိတ ထေရဝါဒကမူ စက္ခုဝိညာဉ်ဖြစ်ကြောင်းမှာ စက္ခုပသာဒ၊ ရူပါရုံ၊ အလင်းဓာတ်နှင့် နှလုံးသွင်းမှုဟု ၄-မျိုးရှိသကဲ့သို့ မနောဒွါရ၌ မနောဝိညာဉ်စိတ်ဖြစ်ပေါ်ရာတွင်လည်း ဘဝင်စိတ်၊ ဓမ္မာရုံ၊ ဟဒယဝတ္ထုနှင့် နှလုံးသွင်းမှု အကြောင်း ၄-မျိုးရှိကြောင်း ဟောကြားဖွင့်ဆိုထားသည်။

မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ စက္ခု၊ရူပါရုံက အကြောင်း၊ မြင်မှုက အကျိုးဖြစ်သကဲ့သို့ မနဓာတ်၌ ဓမ္မဓာတ်နှင့်

မနောအကြည်က အကြောင်း၊ ယင်းအကြောင်းနှစ်ပါးကြောင့် မနောထဲ၌ ပစ္စုပ္ပန်ဖောက်ပြန်မှု ရုပ်ပရမတ်ဖြစ်နေကြောင်း စသည်ဖြင့် ရေးသားဟောပြောသောဝါဒ ဖြစ်သည်။

၈။ ဗုဒ္ဓဘာသိတထေရဝါဒက-

(က) အနုသယသည် သတ္တဝါတို့သန္တာန်၌ အစဉ်ကိန်းလျက်ရှိရာ ပဋိသန္ဓေအခါ ကလလရေကြည် ရုပ်ကလပ်စတင်ဖြစ်ပေါ်သည်ကပင် စ၍ကိန်းနေကြောင်း။

(ခ) ကိန်းနေသော အနုသယကိလေသာဓာတ်သည် အကြောင်းတိုက်ဆိုင်က ပရိယုဋ္ဌာနကိလေသာ၊ ဝီတိက္ကမကိလေသာများ ဖြစ်လာရကြောင်း ဟောကြားဖွင့်ဆိုသည်။

**မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ-**

(က) မွေးစကလေး၌ အနုသယမရှိ ကြီးလာမှ အနုသယများ ဖြစ်ပေါ်လာကြကြောင်း (မူလဟောပြောချက်)

(ခ) ကလေးငယ်၌ရှိသော အနုသယမျိုးစေ့သည် အကြောင်းတိုက်ဆိုင်က အနုသယဖြစ်လာကြောင်း (နောက်ပြင်ဆင်ချက်)ဟူ၍ ယူဆရေးသားဟောပြောသောဝါဒ ဖြစ်သည်။

၉။ ဗုဒ္ဓဘာသိတ ထေရဝါဒက-

(က) ရုပ်နာမ်သင်္ခါရတို့ကို သဘာဝလက္ခဏာအားဖြင့် မှတ်သိစဉ်တွင်ပင် ဖြစ်မှုပျက်မှုတို့ကိုလည်း တွေ့မြင်လာရပြီး မမြဲဟု ရှုတတ်သောဉာဏ်ကို အနိစ္စာနုပဿနာဉာဏ်၊

(ခ) အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့သည် တစ်ပါးကိုမြင်က ကျန်

နှစ်ပါးကို (အနိစ္စကိုမြင်က ဒုက္ခ အနတ္တကို၊ ဒုက္ခကိုမြင်က အနိစ္စ အနတ္တကို၊ အနတ္တကိုမြင်က အနိစ္စ ဒုက္ခကို) မြင်သည်ဟု ဟောကြားဖွင့်ဆိုသည်။

**မိုးညို(မြောက်ဥက္ကလာပ)ဝါဒကမူ-**

(က) အကြောင်းလက္ခဏာကြောင့် အကျိုးအနိစ္စ ဖြစ်သည်ဟု ပိုင်းခြားသိမြင်မှုကို အနိစ္စာနုပဿနာ။

(ခ) အကြောင်းအနိစ္စ၊ အကျိုးဒုက္ခ။ အကျိုးအနိစ္စဒုက္ခ၊ အကြောင်းအနတ္တဟု ယူဆရေးသား ဟောပြောသောဝါဒ ဖြစ်သည်။

**ထို့ကြောင့် အဓမ္မဝါဒစစ်စစ် ဖြစ်သည်ဟု ဝိနည်းမိုရ်ဆရာတော်ကြီးများက ဆုံးဖြတ်တော်မူခဲ့သည်။**

## အဓမ္မဝါဒဟု ဆုံးဖြတ်ခံရသော
## မိုးညိုဝါဒဆိုင်ရာ သက်သေခံ စာအုပ်စာတမ်းများ

၁။ သောတာပန်စခန်း ဝိပဿနာကျမ်း
၂။ ဓမ္မရသ အနတ္တကျမ်း (တတိယတွဲ)
၃။ မိုးညိုဝိပဿနာ ဓမ္မတက္ကသိုလ်ကျမ်း (စတုတ္ထတွဲ)
၄။ မိုးညိုသမ္မာဒိဋ္ဌိ အလင်းပြကျမ်း
၅။ မိုးညိုဝိပဿနာ ပြန့်ပွားရေးအဖွဲ့ စည်းမျဉ်းဥပဒေ စာအုပ်

---

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၈) ၏ ဆုံးဖြတ်ချက်

# ထွန်တုံးလက်ကျန် ဦးထင်ဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၈)ဝိနည်းဓိုရ် ဆရာတော်များက ၁၃၄၇ခုနှစ်၊ နတ်တော် လပြည့်ကျော် ၃-ရက် (၃၀-၁၂-၈၅) တနင်္လာနေ့၌ စစ်ကိုင်းတိုင်း၊ မြောင်းမြို့နယ်၊ ကျောင်းဖြူကျေးရွာ ဦးထင်၏ထွန်တုံးလက်ကျန်ဝါဒကို အဓမ္မဝါဒ ဟု ဆုံးဖြတ်ချက်ချမှတ်တော်မူခဲ့ကြသည်။

### စောဒကပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ၁။ | **ဦးကောသလ္လ** | နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေတောင်ဦးကျောင်း၊ မြောင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။ |
| ၂။ | **ဦးဝိစာရဓမ္မ** | နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ပခုက္ကူကျောင်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်တိုင်း။ |

## စုဒိတကပုဂ္ဂိုလ်များ

၁။ **ဦးညိုမောင်** ဥက္ကဋ္ဌ၊ သာသနာ့အကျိုးဆောင်အဖွဲ့ အမှတ် ၂၇၆၊ အမှတ်(၆)၊ ကွေ့ကြီးရပ်၊ မြင်းခြံမြို့

၂။ **ဦးသံလုံး** ဒုတိယဥက္ကဋ္ဌ၊ သာသနာ့အကျိုးဆောင်အဖွဲ့ အမှတ် ၃၇၇၊ အောင်ချမ်းသာရပ်ကွက်၊ မန္တလေးအနောက်တောင်မြို့နယ်

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တဝဏ္ဏသာရ** သဘာပတိ
ဘုရားသုံးဆူကျောင်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း

၂။ **ဘဒ္ဒန္တအာစာရာဘိဝံသ** အဖွဲ့ဝင်
မင်္ဂလာရာမတိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း

၃။ **ဘဒ္ဒန္တကောသလ္လ** အဖွဲ့ဝင်
ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်း၊ ရန်ကင်းမြို့နယ်

၄။ **ဘဒ္ဒန္တပညာဝံသ** အဖွဲ့ဝင်
ကံသာကျောင်း၊ ယင်းမာပင်မြို့နယ်၊ စစ်ကိုင်းတိုင်း

၅။ **ဘဒ္ဒန္တဝဏ္ဏာဘိဝံသ** အဖွဲ့ဝင်
သီရိမင်္ဂလာမှန်ကျောင်း၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း

## အဓမ္မဝါဒဟု ဆုံးဖြတ်ချက်

၁။ ဦးထင်၏ဝါဒသည် **"တရားထူးမရလျှင် ပိဋကတ်မပိုင် တရားထူးရမှသာ ပိဋကတ်ပိုင်၏"**ဟု ယူဆ ပြောဆိုသည်။

ဗုဒ္ဓဘာသိတထေရဝါဒ ပိဋကတ်စာပေကမူ တရားထူး ရပြီးဖြစ်စေ၊ မရသေးဖြစ်စေ၊ ပရိယတ္တိပါရမီဉာဏ် ပြည့်စုံရင့်သန်ကြသူများ ပိဋကတ်ပိုင်နိုင်သည်ဟု ယူဆသောဝါဒ ဖြစ်သည်။

၂။ ဦးထင်၏ဝါဒသည် **"လူ့ပြည်မှာ ပိဋကတ်သုံးပုံ မရှိ"** ဟု ယူဆပြောဆိုသည်။

ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်စာပေများကမူ မြတ်စွာဘုရားလက်ထက်တော်မှအစပြု၍ ပထမသံဂါယနာ စသော သံဂါယနာ ၆-တန်တို့၏ ကျေးဇူးဖြင့် လူ့ပြည်မှာ ပိဋကတ် ၃-ပုံ ရှိသည်ဟု ယူဆသောဝါဒ ဖြစ်သည်။

၃။ ဦးထင်၏ဝါဒသည် **"ပြန်မလာတဲ့ နိဗ္ဗာန်မှာ ရုပ်နာမ် ရှိတယ်၊ ပြန်လာတဲ့ နိဗ္ဗာန်မှာ ရုပ်နာမ် ၂-ပါး ရှိတယ်လို့ သိရတာကို ပိဋကတ်သုံးပုံ ခေါ်သည်"**ဟုယူသောဝါဒဖြစ်သည်။

ဗုဒ္ဓဘာသိတ ထေရဝါဒမူ ဘုရားရှင်ဟောထားတော်မူသော သုတ္တန် ဝိနည်း အဘိဓမ္မာ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်သည် ပိဋကတ်သုံးပုံဟု ယူဆသောဝါဒ ဖြစ်သည်။

၄။ ဦးထင်၏ဝါဒသည် သာသနာတော်သုံးရပ်ကို ကောက်ပြ

ရာတွင် **"အရိယာတွေ့အောင် ရှာတတ်တာ၊ အရိယာဖြစ်တာ၊ ပြောတတ်တာ၊ ပုထုဇဉ်တွေ မသိတာ သိတာ၊ စာတတ်ရုံမျှ ပရိယတ္တိသာသနာ မခေါ်ပါ"** စသည်ဖြင့် မိမိပရိယတ္တိ မပြည့်ဝသလောက် အရကောက်ကို ကပေါက်ကချာ ကောက်ပြသောဝါဒဖြစ်သည်။

ဘုရားဟောဖော် ပိဋကတ်တော်ကမူ လေ့လာအပ်သော ပိဋကတ်သုံးပုံသည် ပရိယတ္တိသာသနာ၊ လိုက်နာကျင့်သုံးအပ်သော ဓုတင် ၁၃-ပါး၊ ခန္ဓကဝတ် ၁၄-ပါး၊ မဟာဝတ်ကြီး ၈၂-ပါးသည် ပဋိပတ္တိသာသနာ၊ ထိုးထွင်းသိမြင်အပ်သော မဂ်, ဖိုလ်နိဗ္ဗာန်တရားတော်သည် ပဋိဝေဓသာသနာဟု ကောက်ပြသောဝါဒ ဖြစ်သည်။

၅။ ဦးထင်၏ဝါဒသည် **"ကံကို ယုံကြည်တဲ့စိတ်ကို သရဏဂုံသုံးပါး တည်သည်"**ဟု ဆိုသည်။

ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်တော်ကမူ ကံကို ယုံကြည်သောစိတ်ကား ကမ္မဿကတာဉာဏ်နှင့် ယှဉ်သောစိတ်သာမည်သည်။ ရတနာသုံးပါးကို နှုတ်ဖြင့် မြွက်ဆိုကိုးကွယ်မှသာ သရဏဂုံတည်သည်ဟု ညွှန်ပြသောဝါဒ ဖြစ်သည်။

၆။ ဦးထင်၏ဝါဒသည် **သရဏဂုံသုံးပါးတည်သူကို - မသမုတ်ရတဲ့ သံဃာ**ဟု ယူဆသည်။

ဗုဒ္ဓပိဋကထေရဝါဒကမူ သရဏဂုံတည်ရုံမျှ သံဃာမမည်၊ အရိယာ ၈-ယောက်သာ မသမုတ်ရသော သံဃာမည်သည်ဟု

ဟောတော်မူသည်။ (ကံဆောင်သံဃာအစစ်မည်သည် မဟုတ်ပေ။)

၇။ ဦးထင်၏ဝါဒသည် **မသမုတ်ရသောသံဃာ (သရဏဂုံတည်သူ)ကို အပါယ်တံခါးပိတ်သည်**ဟု ဆိုသည်။

ဗုဒ္ဓအလိုတော်ကမူ သရဏဂုံ၂-မျိုးတွင် လောကီသရဏဂုံအတွက် မုချမဆိုရ၊ သောတာပန်ပုဂ္ဂိုလ်၏ လောကုတ္တရာသရဏဂုံအတွက်သာ မုချအပါယ်တံခါးပိတ်သည်ဟု ဟောမိန့်တော်မူသည်။

၈။ ဦးထင်၏ဝါဒသည် **တရားနာရင် ကုသိုလ်မရဟုလည်းကောင်း၊ လောဘဒေါသမရှိတဲ့ တရားနာခြင်းကိုသာ ပါရမီကုသိုလ်ဟုလည်းကောင်း ဆိုသောဝါဒ** ဖြစ်သည်။

ဗုဒ္ဓအလိုတော်ကမူ တရားနာလျှင် အနည်းအများကုသိုလ်ရသည်သာဟုလည်းကောင်း၊ တရားနာခြင်းသာမက ကုသိုလ်မှန်သမျှ ပါရမီကုသိုလ်ဖြစ်နိုင်သည်ဟုလည်းကောင်း မိန့်တော်မူသည်။

၉။ ဦးထင်၏ဝါဒသည် အကြောင်းကုန်တဲ့တရား၊ မကုန်တဲ့တရားဟုမကွဲဘဲ တရားနာလျှင် ကုသိုလ်မရဟု ဆိုသောဝါဒဖြစ်သည်။

ပိဋကတ်တော်အလိုမှာမူ မည်သို့ပင်ဖြစ်စေ တရားစစ်တရားမှန်ကို ကြားနာလျှင် ကုသိုလ်ရသည်ဟု ညွှန်ပြသည်။

၁၀။ ဦးထင်၏ဝါဒသည် **ဘုရားတည်ကျောင်းဆောက်ကို ကုသိုလ်မခေါ်။ ကုသိုလ်မဟုတ်။ ထို့ကြောင့် သီရိဓမ္မာသောကမင်းကြီး အပါယ်ကျရသည်ဟု ယူဆသောဝါဒ**

ဖြစ်သည်။

ဗုဒ္ဓဘာသိတ ပိဋကတ်ထေရဝါဒ စာပေများကမူ ဘုရားတည်ကျောင်းဆောက်မှုကို ကုသိုလ်ခေါ်၍ သီရိဓမ္မာသောကမင်းကြီးမှာ နှလုံးသွင်းမသင့်၍သာ အပါယ်ကျရသည်။ ကုသိုလ်ကြောင့်မဟုတ်ဟု ယူဆသောဝါဒ ဖြစ်သည်။

၁၁။ ဦးထင်၏ဝါဒသည် **သူ့အသက် သတ်၊ သူ့ဥစ္စာခိုးစသည်များသည် ဓမ္မတာအကုသိုလ်ဖြစ်၍ ကြောက်စရာမလို၊ မဂ်ဖိုလ် မတားနိုင်**ဟု ယူဆသည်။

ဗုဒ္ဓအလိုတော်ကမူ အကုသိုလ်မှန်သမျှ ပယ်ရမည်၊ ကြောက်ဖွယ်ဖြစ်သည့် အားကြီးသော မာတုဃာတက အမိသတ်ကံအစရှိသော ပဉ္စာနန္တရိယကံကြီး ၅-ပါးသည်သာ မဂ်ဖိုလ်တားနိုင်သည်ဟု လာရှိသည်။

၁၂။ ဦးထင်၏ဝါဒသည် မိမိကံဖြစ်တဲ့စိတ်ကလေး ဘယ်အချိန်ဘယ်နားနေတယ်လို့ မသိတာကို တရစပ်ဖြစ်နေတဲ့အကုသိုလ်ဖြစ်၍ မဂ်ဖိုလ်တားနိုင်သည်ဟု ယူဆသည်။

ဗုဒ္ဓအဘိဓမ္မာထေရဝါဒကမူ ယင်းမသိမှုကို တရစပ်ဖြစ်နေတဲ့ အကုသိုလ်မဟုတ်၊ ဝိပါကန္တရာယ် စသော အန္တရာယ်ကြီး ၅-ပါးကသာ မဂ်ဖိုလ်တားနိုင်သည်ဟု ထုတ်ပြတော်မူသည်။

၁၃။ ဦးထင်၏ဝါဒသည် ပဋိစ္စသမုပ္ပာဒ်တရားတော်ကို သံသရာ ကထွက်ပေါက်မဟုတ်၊ သံသရာလည်ကြောင်းတရားဟု မထီမဲ့မြင် ယူဆသောဝါဒ ဖြစ်သည်။

# ၈၆ နိုင်ငံတော်သီးခြားဝိနည်းစိုရ်အဖွဲ့များ

ဗုဒ္ဓအလိုတော်ကမူ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်သည် သံသရာဝဋ်ဆင်းရဲဖြစ်ပုံ၊ ချုပ်ပုံ၊ (သံသရာလည်ပုံ၊ ဖြတ်ပုံ)ကို ပြသော အတ္ထဂမ္ဘီရစသော ဂမ္ဘီရ ၄-ပါးတို့ဖြင့် အလွန်နက်နဲလှသည်ဟု ညွှန်ပြသည်။

၁၄။ ဦးထင်၏ဝါဒသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို **ဖဿပစ္စယာဖဿဟုလည်းကောင်း၊ ဖဿကြောင့် ဖဿဖြစ်သည်ကို ကာယာနုပဿနာဟုလည်းကောင်း ဒေသနာမှန်ကို ဖျက်ဆီး ယူဆသောဝါဒ ဖြစ်သည်။**

ဗုဒ္ဓပိဋကတ်တော်ကမူ ဖဿပစ္စယာ ဝေဒနာဟုလည်းကောင်း၊ ဖဿဖြစ်သည်ကို ကာယာနုပဿနာ မဟုတ်ဟုလည်းကောင်း ဟောတော်မူသည်။

၁၅။ ဦးထင်၏ဝါဒသည် **အရိယာပုဂ္ဂိုလ်များမှသာ ကမ္မဋ္ဌာန်းနည်းပေးနိုင်ကြောင်းကို ညွှန်ပြသောဝါဒ ဖြစ်သည်။**

ဗုဒ္ဓဘာသိတ ထေရဝါဒ ပိဋကတ်တော်များကမူ အရိယာမဟုတ်သော်လည်း နည်းပေးနိုင်၍ ပုထုဇဉ် ကမ္မဋ္ဌာန်းဆရာများ ရှိပုံကို တိကျစွာ ထုတ်ဖော်ထားသောဝါဒ ဖြစ်သည်။

၁၆။ ဦးထင်၏ဒွါရဝိမုတ်မှာ ယောကျ်ား၊ မိန်းမ၊ နေ့လယ်၊ ည၊ ငါ့ဟာ၊ သူ့ဟာ- မလုပ်တတ်တာကို ခေါ်သည်။

ဗုဒ္ဓပိဋကတ်တော် ထေရဝါဒကမူ ပဋိသန္ဓေဘဝင်စုတိကိစ္စတပ်သောစိတ်က ၁၉ ခုကိုသာ ဒွါရဝိမုတ် ဟု ညွှန်ပြတော်မူသည်။

၁၆။ ဦးထင်၏ဝါဒသည် **လောဘဒေါသ ကိလေသာမရှိမှု သိသောအသိကို နာမ်၊ ကိလေသာတန်းလန်းနဲ့ သိသော အသိကို နာမ်မဟုတ်ဟု ယူဆသောဝါဒ** ဖြစ်သည်။

ဗုဒ္ဓ၏ပိဋကလာ ထေရဝါဒကမူ ကိလေသာရှိ/မရှိ အသိ ဟူသမျှ နာမ်ဟု မိန့်တော်မူသည်။

၁၇။ ဦးထင်၏ဝါဒမှာ လောဘဒေါသမရှိလို့ နာမ်တရားဖြစ် နေလို့ လေကိုရုပ်ဟု ခေါ်သောဝါဒ ဖြစ်သည်။

ဗုဒ္ဓ၏ထေရဝါဒပိဋကတ်ကမူ လောဘ ဒေါသ သာမက ကိလေသာအားလုံးမရှိ၊ နာမ်တရားလည်းလုံးဝမဟုတ်သော ဝါယောစသော ဓာတ်ကလာပ်ဖြစ်လို့ လေကိုရုပ်ဟု မိန့်တော်မူ သည်။

၁၈။ ဦးထင်၏ဝါဒမှာ သမထ၊ ဝိပဿနာ သီလ၊ သမာဓိ၊ ပညာများကို အဓိပ္ပာယ်အဘိဓေယျတ္ထ မှားယွင်းစွာ ပြဆိုထား သည်။ ထိုပြဆိုချက်သည် ဗုဒ္ဓဘာသိတပိဋကတ်ထေရဝါဒနှင့် လုံးဝ မညီညွတ်ပေ။

၁၉။ ဦးထင်၏ဝါဒမှာ **သီလသမာဓိကိုသာ ကိုယ်လုပ်လို့ ဖြစ်နိုင်သည်။ သမထ ဝိပဿနာကိုမူ ကိုယ်လုပ်လို့မဖြစ်နိုင်**ဟု ပြဆို ဟောပြောသည်။

ထေရဝါဒပိဋကတ်တော်အလိုမှာ သမထဝိပဿနာကို လည်း ကိုယ်လုပ်မှ ဖြစ်နိုင်သည်ဟု မိန့်ဆိုသည်။

၂၀။ ဦးထင်၏ဝါဒမှာ **ပညာနှင့်ဉာဏ်ကို ၂-မျိုးခွဲခြား၍ ဟောထားသည်။**

ထေရဝါဒပိဋကတ်တော်မှာ ၂-မျိုးမဟုတ်၊ တစ်မျိုးတည်းသာဟု ညွှန်ပြထားသည်။

၂၁။ ဦးထင်၏အယူအဆမှာ လောကုတ္တရာ၌ ဉာဏ်မပါ ဉာဏ်မရှိ၊ လောကီမှာသာ ဉာဏ်ရှိသည်ဟု ယူဆပြောဆိုသည်။

ဗုဒ္ဓပိဋကတ်တော်ထေရဝါဒ၌မူ လောကုတ္တရာအားလုံးမှာ ဉာဏ်မကင်းကောင်း၊ ဉာဏ်ပါ ဉာဏ်ရှိသည်။ လောကီမှာသာ တချို့တရား၌ ဉာဏ်ကင်း၍ တချို့တရား၌ဉာဏ်ရှိသည်ဟု ဟောတော်မူသည်။

၂၂။ ဦးထင်၏အယူအဆမှာ **"၅-ပါးသီလစသော သီလများကို အကျိုးသိ"** ဟုသာ ဟောပြောသည်။

ဗုဒ္ဓဒေသနာတော်အလိုမှာ သီလမှန်သမျှ အကြောင်းသာဖြစ်သည်။

၂၃။ ဦးထင်က ယင်း ၅-ပါးသီလစသော သီလများကို သာမန်ပုထုဇဉ်များ လုပ်ရသည်ဟု ဟောပြောသည်။

ဗုဒ္ဓဒေသနာတော်ကမူ ယင်းသီလများကို မည်သည့် ပုထုဇဉ်မျိုးမဆို စောင့်စည်းရမည် စောင့်စည်းနိုင်သည်ဟု မိန့်ဆိုသည်။

၂၄။ **ကာယကံ ဝစီကံ သောင်းကျန်းမှု ၂-ပါးကို သီလဝိပတ္တိ မဟုတ်**ဟု အင်္ဂုလိမာလဖြစ်ရပ်ကို ကိုးကား၍ ဦးထင်က ဆိုထား သည်။

ဗုဒ္ဓဘာသိတပိဋကလာ ထေရဝါဒကမူ ယင်းကံ ၂-ပါး ပျက်စီးပါက စင်စစ်သီလဝိပတ္တိဟု မိန့်တော်မူသည်။

၂၅။ **မနောကံ သောင်းကျန်းမှုသာ သီလဝိပတ္တိ** ဟု ထိုအင်္ဂလိမာလ ဖြစ်ရပ်ကိုပင်ကိုးကား၍ ဦးထင်က ဆိုသည်။

မနောဒွါရေ အာပတ္တိနာမ နတ္ထိ စသည့် ညွှန်ပြချက်များအရ ဗုဒ္ဓပိဋကတ်တော်၌မူ မနောဒွါရ ဖောက်ပြန်မှုဖြင့် သီလမပျက်စီး၊ သီလဝိပတ္တိ စင်စစ်မဟုတ်ဟု မိန့်တော်မူသည်။

၂၆။ ဦးထင်၏ ဗုဒ္ဓဘာသာခေါ်ထားပုံမှာ အရပ်စကားဇာတ်စကားသာ ဖြစ်သည်။

ယင်းစကားရပ်သည် ထေရဝါဒပါဠိပိဋကတ်စာပေနှင့် မညီညွတ်။

၂၇။ သဘာဝမကိုက်သော အကြောင်းအမျိုးမျိုးကိုပြလျက် **"ဘုရားက နိဗ္ဗာန်မှာ ရှိသည်"**ဟု ဦးထင်က ပြောဆိုသည်။

ဗုဒ္ဓဘာသိတထေရဝါဒ ပိဋကတ်စာပေ၌မူ နိဗ္ဗာန်ဟူသည် ပရမတ္ထဓမ္မသဘာဝဖြစ်၍ တည်ရာဌာနဘုံမရှိ၊ ဘုရားရှင်ဟူသည် မှာလည်း တခြားသာဟု မိန့်သည်။

၂၈။ တဖွားဖွားပရမတ်၊ ယင်းပရမတ်ကိုပဲ ဦးထင်က ထင်သလို ဟောပြောချက်စသည်မှာ ထေရဝါဒ ပိဋကတ်ဒေသနာတော်နှင့် လုံးဝမကိုက်ညီပေ။

၂၉။ **နိဗ္ဗာန်မှာ အသိရှိသည်၊ ရုပ်နာမ်၂-ပါးလည်း ရှိသည်** ဟု ဦးထင်က ဆိုသည်။

ဗုဒ္ဓဘာသိတ ထေရဝါဒစာပေကျမ်းဂန်များ၌မူ နိဗ္ဗာန်သည် စိတ်, စေတသိက်နာမ်များလို အသိမရှိ၊ ရုပ်နာမ်၂-ပါးလည်း

လုံးဝမရှိဟု ဟောတော်မူသည်။

၃၀။ **နိဗ္ဗာန်မှာ ပျက်မှုရှိသည်။ သခ်တ, အသခ်တဟု နှစ်မျိုးရှိသည်**ဟု ဦးထင်က ဆိုသည်။

နိဗ္ဗာန်သည် အဖြစ်ဉပါဒ် မရှိသလို အပျက်ဘင်လည်း မရှိ၊ နိဗ္ဗာန်ဟူသည် အသခ်တတစ်မျိုးသာဟု ဗုဒ္ဓပိဋကတ်ပင်လယ်တွင် ကျယ်ဝန်းစွာ ပြဆိုထားသည်။

၃၁။ **သေသူအတွက် ရည်မှန်း၍ သရဏဂုံမတင်ရ၊ ဆွမ်းမသွတ်ရ**ဟု ဟောပြောသည်။

ဗုဒ္ဓဘာသိတ ထေရဝါဒပိဋကတ် ဒေသနာတော်များ၌မှူ ဗုဒ္ဓလက်ထက်တော်မှစ၍ အစဉ်အလာ ဆောင်ရွက်ခဲ့ကြသော သေသူရှင်သူ နှစ်ဦးသားတို့အား လွန်စွာကျေးဇူးများသော ကုသိုလ်တိုးပွား အကျိုးများစေနိုင်သော ဆောင်ရွက်မှုကြီး ဖြစ်သည်။

၃၂။ ဦးထင်သည် ကမ္မဋ္ဌာန်းဆရာကြီးအမည်ခံ၍ အစွဲဉပါဒါန်ပြုတ် ဝိပဿနာတရားအလုပ်ကို ကိုယ်တိုင် အားထုတ်၍ ပေါက်ရောက်သူဟု သူ့ကိုယ်သူ အရိယာအဖြစ်ကို ခံယူထားသူဖြစ်ပါလျက် သူသေလျှင် သူ့ရုပ်ကလာပ်ကို စေတီတည်ထား၍ တပည့်ယောဂီများအား ကိုးကွယ်ရစ်ကြရန် မှာထားခဲ့သဖြင့် **တပည့်ယောဂီများက သူတို့၏ဆရာကြီးဦးထင် မှာစကားအရ စေတီတည်ဆောက်၍ ဦးထင်၏ရုပ်ကလာပ်ကို ထည့်သွင်းထားကြသည်။** ယင်းလုပ်ရပ်သည် လောကကြောင်း၊ ဓမ္မကြောင်းများနှင့် ဆန့်ကျင်သောလုပ်ရပ် ဖြစ်သည်။

၃၃။ ထွန်းတုန်းလက်ကျန်ဦးထင်၏ အယူအဆဝါဒသည်

ဗုဒ္ဓဘာသိတ ထေရဝါဒပိဋကတ် ဒေသနာတော် ဗုဒ္ဓဓမ္မ သာသနဓမ္မများနှင့် မလျော်မကန် ဖောက်ပြန်ယွင်းပျက် ဆန့်ကျင်ဘက် မဟုတ်မဟတ် ကြံစည်တီထွင် အရှုးချေးပန်း သာသနာတော်ကို အရုပ်ဆိုး ညှိုးနွမ်းစေရန် ပြောဆိုထားသောကြောင့် -

စောဒနာလွှာ ပါ-မပါ ဦးထင်၏ ပြောဆိုချက်အားလုံးသည် လက်ခံယုံကြည် ကျင့်သုံးလိုက်နာကြသူများအား "ဆရာကုန်ရှုံးတော့ တစ်သံသရာလုံးမှောက်" ဆိုသောစကားကဲ့သို့ သံသရာဝဋ်မှ ထွက်ပေါက်မရနိုင်သည့်ပြင် အပါယ်ရောက်ကြောင်း မကောင်းသော အယူဝါဒဖြစ်ပါသဖြင့် အဓမ္မဝါဒချည်းသာ ဖြစ်သည်ဟု -

အမှတ်(၈) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

၃၄။ ဤအမှတ်(၈) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဝိနိစ္ဆယရုံးတော်သို့ သက်သေခံတင်ပြထားသော ထွန်းတုံးလက်ကျန်အမည်ခံ ဦးထင်၏ဝါဒဆိုင်ရာ တရားအားလုံးသည်လည်း အဓမ္မဝါဒကို ဖော်ပြရာဖြစ်သောကြောင့် အဓမ္မပင်မည်၏ဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးငါးပါးတို့က အောက်တွင်ကိုယ်တိုင် လက်မှတ်ရေးထိုးတော်မူကြ၍ တညီတညွတ်တည်း ထပ်မံဆုံးဖြတ်တော်မူကြသည်။

## (၉၂) နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့များ

၃၅။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၈)ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော ဦးထင်၏ဝါဒစာအုပ် နှင့် ထိုဝါဒမှဆက်နွယ်ပေါက်ပွားလာသော စာအုပ်စာတမ်းများ၊ အသံဖမ်းတိပ်ခွေများ၊ ဤသက်သေခံပစ္စည်း၌ မပါဝင်ကျန်ရှိနေ သောစာအုပ်၊ စာတမ်း၊ တိပ်ခွေတို့၌ပါဝင်သော **ဦးထင်ဝါဒ တရားနှင့် ဦးထင်၏ဝါဒနှင့်ဆက်နွယ်နေသော တရားတို့ သည်လည်း ထေရဝါဒ ပိဋကတ်တော်လာ ဓမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒကို ဖော်ပြရာဖြစ်သော ကြောင့် အဓမ္မဝါဒဖြစ်ကုန်၏ဟူ၍ ဆုံးဖြတ်တော်မူကြသည်။**

၃၆။ ထိုမှတစ်ပါး ထိုအဓမ္မဝါဒနှင့် ဆက်နွယ်ပတ်သက်လျက် ရှိနေသော သင်တန်းအစရှိသော အမည်များနှင့် တံဆိပ်တုံး ဆိုင်းဘုတ်အစရှိသော ထိုအဓမ္မဝါဒကို ဖော်ပြသိစေလျက်ရှိသော အထိမ်းအမှတ် ပစ္စည်းမှန်သမျှအားလုံးတို့သည် အဓမ္မဝါဒနှင့်စပ် သောအမည် ပစ္စည်းဝတ္ထုများ ဖြစ်ကြသည်ဟူ၍ ဆုံးဖြတ်တော် မူကြသည်။

၃၇။ အဆိုပါထွန်တုံးလက်ကျန် ဦးထင်၏ဝါဒကို ရေးသား ဟောပြောကြသူ၊ လိုက်နာကျင့်သုံးကြသူ၊ လက်ခံယုံကြည် ထောက် ခံအားပေးကြသူ ရဟန်းရှင်လူဟူသမျှ ပုဂ္ဂိုလ်အားလုံးတို့သည်လည်း အဓမ္မဝါဒီပုဂ္ဂိုလ်တို့သာ မည်ကြသည်ဟူ၍ ဤအမှတ်(၈) နိုင်ငံ တော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးငါးပါးတို့က သဘောမပြား တစ်သားတည်း ဆုံးဖြတ်တော်မူကြသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၉) ၏ ဆုံးဖြတ်ချက်

### တွံတေးဦးပုညာစာရ
### သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းစုကြီးကျေးရွာ၊ ရတနာမာရ်အောင်ကျောင်းဘုန်းကြီး ဦးပုညာစာရသည် သိမ်သမုတ်ရာ၌-

(၁) ဝိသုံဂါမသိမ် အမိန့်ခံယူရန်မလို၊

(၂) နယ်သိမ်းရန်လည်းမလို၊

(၃) သိမ်နုတ်ရန်လည်း မလို၊

(၄) သိမ်နိမိတ်အတွင်းရှိ သံဃာများက ဟတ္ထပါသ်မစပ်သော်လည်း သိမ်သမုတ်မှု အောင်မြင်သည်ဟု စွဲလမ်း ယူဆနေပါသည်။

ယင်းအယူဝါဒနှင့်စပ်လျဉ်း၍ စောဒကဆရာတော် ၃-ပါးတို့၏ စွဲဆိုချက်အရ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၉)က ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စောဒက စုဒိတက နှစ်ဖက်စုံညီ စစ်ဆေး၍ ၁၃၄၉-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်(၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီ ၂၅-ရက်)နေ့တွင် အဓမ္မဝါဒ အဖြစ် အဝိနယဝါဒအဖြစ် ဆုံးဖြတ်ခဲ့သည်။

## အဓမ္မဝါဒဟုဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ ရှမ်းကြီးစုကျေးရွာ၊ ရတနာမာရ်အောင်ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းနှင့်ပတ်သက်၍ **နယ်သိမ်းရန် မလိုခြင်း၊ ဝိသုံဂါမ အမိန့်ရယူရန် မလိုခြင်း၊ သိမ်နုတ်ရန် မလိုခြင်း၊ သိမ်နိမိတ်အတွင်း ရောက်နေသော သံဃာများသည် ဟတ္ထပါသ်စပ်သည် ဖြစ်စေ၊ မစပ်သည် ဖြစ်စေ ညီညွတ်စွာ ကမ္မဝါဖတ်၍ သမုတ်ပါက ဓမ္မေနသမဂ္ဂကမ္မဖြစ်ခြင်းဟူသော အယူဝါဒများသည် ထေရဝါဒဝိနည်း ဒေသနာတော်များနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ၊ အဝိနယဝါဒသာ ဖြစ်သည်။**

သို့ဖြစ်၍ ယင်းအယူဝါဒတို့ကို ဟောပြောခြင်း၊ ကျင့်သုံးခြင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်ဖြန့်ဝေခြင်း စသည်တို့ကို မပြုရ။

၂။ စုဒိတကဦးပုညာစာရသည် အဓမ္မဝါဒီ အဝိနယဝါဒီဖြစ်သည်။ သို့ဖြစ်၍ ယင်း၏ အယူဝါဒကို စွန့်လွှတ်ရမည်။

၃။ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ပေကုန်းကျေးရွာ၊ ပဲခူးကျောင်းသိမ်သည် ဝိနည်းဒေသနာတော်၌လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲ ဆန့်ကျင်၍သမုတ်ကြောင်း ထင်ရှားသောကြောင့်လည်းကောင်း၊ သိမ်သမုတ်ချိန်တွင် ဂါမ

ခေတ်အတွင်း၌ ရဟန်း ၂-ပါးရှိနေကြောင်း ထင်ရှားသဖြင့် ဝဂ္ဂကံဖြစ်သောကြောင့်လည်းကောင်း မအောင်မြင်သော သိမ်ပျက်သာဖြစ်သည်။

၄။ ပဲခူးကျောင်းသိမ်နှင့်အတူ တင်ပြထားသော သိမ် ၄-လုံး အပါအဝင် **စုဒိတကဦးပုညာစာရ ခေါင်းဆောင်ကာ ဝိနည်းဒေသနာတော်၌လာသော သိမ်သမုတ်နည်းတို့ကို မကျင့်သုံးဘဲ ဆန့်ကျင်၍ သမုတ်ထားသော သိမ်အားလုံးတို့သည် မအောင်မြင်သော သိမ်ပျက်များသာ ဖြစ်သည်။**

၅။ ဖော်ပြပါ သိမ်ပျက်တို့၌ ဥပသမ္ပဒကံဖြင့် ရဟန်းပြုခဲ့ကြသော ပုဂ္ဂိုလ်တို့ကိုလည်း သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများနှင့် သာသနာရေးဦးစီးဌာနတို့က လိုအပ်သလို စိစစ်ဆောင်ရွက်၍ ပြန်လည်ရဟန်းပြုစေရမည်။

၆။ ယင်းဆုံးဖြတ်ချက်အရ ၁၃၄၉-ခုနှစ်၊ တပေါင်းလဆန်း ၉-ရက်(၁၉၈၈-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅-ရက်)နေ့မှာပင် နိုင်ငံတော်သံဃာမဟာနာယကဆရာတော်များရှေ့မှောက်၌ စုဒိတကဦးပုညာစာရသည် အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် ဆုံးဖြတ်ခြင်းခံရသော မိမိ၏သိမ်သမုတ်မှုဆိုင်ရာအယူဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးခဲ့ပါသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၀) ၏ ဆုံးဖြတ်ချက်

## မော်လမြိုင်၊ ရွှေဝါမြိုင်ကျောင်း
## နယ်သိမ်း သိမ်သမုတ်မှုဆိုင်ရာဝါဒ

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ချောင်းကြီးနယ်မြေ၊ ရတနာသီရိရပ်ကွက်၊ ရွှေဝါမြိုင်ကျောင်း စုဒိတကဆရာတော် ဦးကေသရက မိမိသီတင်းသုံးရာကျောင်း၌ **နယ်သိမ်းသိမ်သမုတ်မှုနှင့်ပတ်သက်၍ မိမိရပ်ကွက်အတွင်းရှိ တစ်စိတ်တစ်ဒေသ သံဃာများကို နယ်သိမ်းယူပြီး သိမ်သမုတ်ပါက သိမ်အောင်မြင်သည်ဟု စွဲလမ်း ယူဆနေပါသည်။**

ယင်းအယူဝါဒနှင့်စပ်လျဉ်း၍ စောဒကဆရာတော် ၂-ပါးက ချောင်းကြီးနယ်မြေတစ်ခုလုံးရှိ သံဃာအားလုံးကို နယ်သိမ်းယူပြီး သိမ်သမုတ်မှ သိမ်အောင်ပြန်သည်ဟူသော စွဲဆိုချက်အရ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၀)က ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ စောဒကနှင့် စုဒိတက နှစ်ဖက်စုံညီ စစ်ဆေး၍ ၁၃၅၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၉-ရက်၊ ၁၉၈၉-ခုနှစ်၊ ဇွန်လ ၂၇-ရက်နေ့တွင် အဓမ္မဝါဒအဖြစ် အဝိနယဝါဒအဖြစ် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

## အဓမ္မဝါဒဟုဆုံးဖြတ်ချက်

၁။ ရွှေဝါမြိုင်ကျောင်းဝင်းအတွင်း နယ်သိမ်းသိမ်သည် သီမာသမ္ပတ္တိအင်္ဂါများနှင့် မညီညွတ် မပြည့်စုံသဖြင့် ဝိပတ္တိသိမ်ပျက်ဖြစ်သည်။

၂။ ရွှေဝါမြိုင်ကျောင်းအတွင်းရှိသိမ်၌ ရဟန်းသိက္ခာတင်ပြီးခဲ့သော အမျိုးကောင်းသားများသည် တခြား စိတ်ချရသောသိမ်၌ ရဟန်းသိက္ခာ ထပ်၍ တင်သင့်သည်။

၃။ ထိုသိမ်ကိုလည်း အများသံသယကင်းအောင် အထက်က စိစစ်ခဲ့သည့်အတိုင်း ဝိနည်းဓမ္မကံလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံသမုတ်သင့်သည်။

## ဝန်ခံလက်မှတ်ရေးထိုးခြင်း

ယင်းဆုံးဖြတ်ချက်အရ ၁၃၅၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၉-ရက် (၁၉၈၉-ခုနှစ်၊ ဇွန်လ ၂၇-ရက်) နေ့မှာပင် နိုင်ငံတော်သံဃာနာယကဆရာတော်များရှေ့မှောက်၌ ဦးကေသရသည် မိမိ၏ နယ်သိမ်းသိမ် သမုတ်မှုဆိုင်ရာ အယူဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးခဲ့ပါသည်။

---

## ၉၈ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၁) ၏ ဆုံးဖြတ်ချက်

### စမ်းကလေးဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)သည် ၁၃၅၉-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃-ရက်(၂၄-၂-၉၈) အင်္ဂါနေ့တွင် စုဒိတကကိုယ်တိုင်မတက်ရောက်သဖြင့် တပေါင်းလပြည့်ကျော် ၄-ရက်(၁၆-၃-၉၈) နေ့တွင် ရက်ရွှေ့၍ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချသည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **အရှင်ဝိလာသ** (သာသနဓဇဓမ္မာစရိယ)
မဇ္ဈိမာရုံတောရစာသင်တိုက်၊ တောကျွဲအင်းမြို့၊
ကျောက်တံတားမြို့နယ်

၂။ **အရှင်သောဘန** (သာသနဓဇဓမ္မာစရိယ)
အမျိုးသားပထမကျော်၊ မိဂဒါဝုန်ကျောင်းတိုက်၊
မြို့မ (၂) ရပ်ကွက်၊ ညောင်လေးပင်မြို့။

၃။ **အရှင်စိန္တိတာဘိဝံသ** (သာသနာဓဇသိရီပဝရဓမ္မာစရိယ၊
မဟာဂန္ထဝါစကပဏ္ဍိတ)
ရွှေကျင်တောင်ပရိယတ္တိစာသင်တိုက်၊ ဖြူးမြို့။

၄။ **အရှင်ခန္တိဓမ္မ**
မြို့မသာသနာ့ရိပ်သာကျောင်းတိုက်၊ ပဲခွယ်ကုန်းမြို့။

International Dhammacakka Foundation

## စုဒိတကပုဂ္ဂိုလ်များ

၁။ **ဦးနန္ဒောဘာ** အရှေ့ကျောင်း
စမ်းကလေးကျေးရွာ၊ ညောင်လေးပင်မြို့
၂။ **ဦးဓမ္မပါလ** အရှေ့ကျောင်း
စမ်းကလေးကျေးရွာ၊ ညောင်လေးပင်မြို့
၃။ **ဦးအောင်ကေး** စမ်းကလေးကျေးရွာ
၄။ **ဦးဘိုးစိန်** စမ်းကလေးကျေးရွာ
၅။ **ဦးတင်မြင့်** စမ်းကလေးကျေးရွာ
၆။ **ဦးတင်ရွှေ** သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

## နိုင်ငံတော်သီးခြားဝိနည်းမှိုရ်ဆရာတော်များ

၁။ **ဘဒ္ဒန္တမေဓိယ** (အဂ္ဂမဟာပဏ္ဍိတ)
တူးမောင်းကျောင်းတိုက်၊ အမရပူရမြို့
၂။ **ဘဒ္ဒန္တသီဟဗလ** (အဂ္ဂမဟာပဏ္ဍိတ)
ထီးလှိုင်ကျောင်း၊ ရမည်းသင်းမြို့
၃။ **ဘဒ္ဒန္တကုမရာဘိဝံသ** (သ. အ. ဓမ္မာစရိယ)
ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
၄။ **ဘဒ္ဒန္တနန္ဒမာလာဘိဝံသ** (သ. စ. အ-ဓမ္မာစရိယ၊ ပါဠိပါရဂူ)
မဟာသုဗောဓာရုံတိုက်၊ စစ်ကိုင်းမြို့
၅။ **ဘဒ္ဒန္တအဂ္ဂဓမ္မ** (ဒွိပိဋကဓရ)
မမွှရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာမြို့နယ်

## ဗုဒ္ဓဝါဒနှင့် စမ်းကလေးဝါဒ အကျဉ်းချုပ် နှိုင်းယှဉ်ပြချက်

၁။ ဗုဒ္ဓဝါဒအလိုအရ သောတ+အာပန္န သောတာပန္န (ဝါ) သောတာပန်ဟူသည် အရိယမဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်သည်။

**စမ်းကလေးဝါဒအလိုအရ သောတာပန်ဟူသည် သဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိ၊ လောမဟံသ၊ ဩဘာသ ဤငါးပါးနှင့် ပြည့်စုံသူ ဖြစ်သည်။**

၂။ ဗုဒ္ဓဝါဒကျင့်စဉ်မှာ သီလ၊ သမာဓိ၊ ပညာ ဖြစ်သည်။

**စမ်းကလေးဝါဒအလိုကျင့်စဉ်မှာ သီလ၊ သဒ္ဓါ၊ ပညာ ဖြစ်သည်။ အရကောက်ချင်းမတူ ကွဲပြားသည်။**

၃။ ဗုဒ္ဓဝါဒကျင့်စဉ်မှာ သီလ၊ သမာဓိ၊ ပညာ ဖြစ်သည်။ ရဟန်းလမ်း၊ လူလမ်း မခွဲခြား။ လမ်းရှည် လမ်းတို မခွဲခြား။ ရဟန်းနှင့်လူ ကျင့်စဉ်အတူတူသာ ဖြစ်သည်။

စမ်းကလေးဝါဒကျင့်စဉ်မှာ သီလ၊ သဒ္ဓါ၊ ပညာ ဖြစ်သည်။ လူကျင့်စဉ် လမ်းတိုကျင့်စဉ်ဟု ခေတ်ကို လိုက်၍ ခွဲခြားထားသည်။

၄။ ဗုဒ္ဓဝါဒအရ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါးတွင် ပညာအရကို အကြောင်းပစ္စဘာဂမင်္ဂနှင့်တကွ အရိယမဂ္ဂင်ရှစ်ပါး ကို အရကောက်သည်။

စမ်းကလေးဝါဒအရ ပညာအရကောက်ပြပုံမှာ အကျိုး လောကုတ္တရာမင်္ဂဖိုလ်ပညာကို ကောက်ပြထားသည်။

၅။ ဗုဒ္ဓဝါဒအရ သီလ၊ သမာဓိ၊ ပညာ သိက္ခာ ၃-ပါး ကျင့်စဉ်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးတွင် ဘယ်ကာလ၌မျှ မပြုပြင်မပြောင်းလဲရ၊ ကေဝလပရိပုဏ္ဏဂုဏ် ရှိသောကြောင့် နုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း မပြုရ။ ဤနည်းအတိုင်းသာ ကျင့်ရသည်။

စမ်းကလေးဝါဒအရ ခေတ်ကာလကိုလိုက်၍ သီလ၊ သဒ္ဓါ၊ ပညာ ကျင့်စဉ်အတိုင်းကျင့်မှသာ မင်္ဂဖိုလ်ရနိုင်သည်။ **သမာဓိကျင့်စဉ်ကိုပယ်၍ သဒ္ဓါကို အစားထိုးထည့်ထားသည်။ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်အတိုင်းဆိုလျှင် ကာလဝိပတ္တိဖြစ်၍ ကျင့်လို့မရဟု ယူဆထားသည်။**

၆။ စမ်းကလေးဝါဒအရ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်လမ်းရဟန်းလမ်း၊ တဏှာသတ်လမ်း၊ လမ်းရှည် ကျင့်စဉ်နည်းအရ လူပုဂ္ဂိုလ်များအားထုတ်ပါက သီလ၊ သမာဓိ၊ ပညာ အားနည်းမှုကြောင့် မှတ်စိတ်ပေးမယ်ဆိုရင် သဿတဥစ္ဆေဒလွတ်အောင် သင်တို့ မှတ်နိုင်လိမ့်မည်မဟုတ်ဟု အကြောင်းပြနိဒါန်းလွှာ(၁၈)၌ ဟောပြောထားသည်။

၇။ ဗုဒ္ဓဝါဒအလို မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိစသည်တည်း။

**စမ်းကလေးဝါဒအရ မဂ္ဂင်ရှစ်ပါးမှာ သဒ္ဓါမဂ္ဂင်သုံးပါး၊ သီလမဂ္ဂင်သုံးပါး၊ ဝိနည်းမဂ္ဂင်၊ သိက္ခာမဂ္ဂင် ပေါင်း**

**၈-ပါးဟု ရေတွက်ပြထားသည်။**

၈။ ဗုဒ္ဓဝါဒအရ ဥဂ္ဃဋိတညူပုဂ္ဂိုလ်အား သမထပုဗ္ဗင်္ဂမ ဝိပဿနာတရားကို ဟောရသည်။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်အား သမထ ဝိပဿနာအစုံ(ယုဂနဒ္ဓ)ကို ဟောရသည်။ သို့မှသာ တရားပွဲ အတွင်း မဂ်ဖိုလ်ရသည်။

၉။ ဗုဒ္ဓဝါဒအရ သောတာပန်ဖြစ်ကြောင်း အင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ သောတာပန် ဖြစ်နိုင်သည်။

စမ်းကလေးဝါဒအရ ယောနိသောမနသိကာရ သင့်သော အားဖြင့် ဝိပဿနာတရားကို နှလုံးသွင်းခြင်း၊ ဓမ္မာနုဓမ္မပဋိပတ္တိ= နိဗ္ဗာန်ကိုရစေနိုင်သောပုဗ္ဗဘာဂအကျင့်ကို (ဝါ) သီလ၊ သမာဓိ၊ ပညာကျင့်စဉ်ကို မကျင့်ဘဲ (၁၂)အင်္ဂါနှစ်ချက်ပြည့်စုံလျှင်ပင် သောတာပန် ဖြစ်သည်။ **ကျင့်နေစရာမလို။ နာယူရုံနှင့် သောတာပန် ဖြစ်နိုင်သည်**-ဟူလို။

၁၀။ ဗုဒ္ဓဝါဒအရက ကထာစဉ်ကို ဟောပြီး "ကလ္လစိတ္တ"စသည် ဖြစ်မှ သစ္စာလေးပါးတရားကို ဆက်ဟောတော်မူသည်။ သမုဒယ နှင့်မဂ္ဂ အကြောင်းသစ္စာ၊ ဒုက္ခနှင့်နိရောဓ အကျိုးသစ္စာဟု ဟောထားတော်မူသည်။

စမ်းကလေးဝါဒအရ ကထာစဉ်ကို စနစ်တကျ မဟော ဘဲ သစ္စာလေးပါးကိုလည်း အကြောင်းအကျိုးယူပုံ မမှန်။ **ဒုက္ခနှင့် သမုဒယကို အကြောင်းသစ္စာ၊ နိရောဓနှင့်မဂ္ဂကို အကျိုး သစ္စာဟု ကောက်ယူထားသည်။**

၁၁။ ဗုဒ္ဓဝါဒအရ သောတာပန်ဖြစ်ပြီးနောက် အထက်မဂ်ဖိုလ် ရရန်အတွက် ဝိပဿနာဉာဏ်အားကောင်းသူကို ဧကဗီဇီ သောတာပန်၊ ဝိပဿနာဉာဏ်အား အလယ်အလတ်ရှိသူကို ကောလံကောလသောတာပန်၊ ဝိပဿနာဉာဏ်အား နုံ့နှေးသူကို သတ္တက္ခတ္တုပရမသောတာပန်ဟု သောတာပန် ၃-မျိုး ခွဲခြားဟော တော်မူသည်။

**စမ်းကလေးဝါဒအရ ပီတိ၊ ပဿဒ္ဓိ၊ ဩဘာသ-ဖြစ် လျှင် ဧကဗီဇီ၊ ပီတိ၊ လောမဟံသ-ဖြစ်လျှင် ကောလံကော လ၊ သဒ္ဓါ၊ပီတိ-ဖြစ်လျှင် သတ္တက္ခတ္တုပရမဟု သောတာပန် ၃-မျိုး ခွဲခြားယူထားသည်။**

၁၂။ ဗုဒ္ဓဝါဒအလို သပ္ပုရိသအရကောက်မှာ ကမ္မဋ္ဌာန်းနည်း ပေးနိုင်သူ ဘုရားစသော ပုဂ္ဂိုလ်များ၊ မဂ္ဂင် ရှစ်ပါးနှင့် ပြည့်စုံသူများ၊ ငါးပါးသီလလုံခြုံသူများကို ကောက်ယူပြတော်မူသည်။

**စမ်းကလေးဝါဒအလို တစ်ထိုင်တည်းနှင့် မဂ်ဖိုလ် ရအောင် ဟောပြောပေးနိုင်သူကို သပ္ပုရိသဟု ကောက်ယူ ပြထားသည်။**

၁၃။ ဗုဒ္ဓဝါဒအရ ရောင်ခြည်တော်ခြောက်သွယ်သည် မြတ်စွာ ဘုရား၏ ခန္ဓာကိုယ်မှသာ လွှတ်နိုင်သည်။ ရုံဖန်ရံခါ ဓာတ်တော် များမှလည်း လွှတ်နိုင်သည်။

**စမ်းကလေးဝါဒအရ ရုပ်ပွားဆင်းတုများမှလည်း ကောင်း၊ ဓာတ်တော်များမှလည်းကောင်း ရောင်ခြည်တော်**

**များသည် စမ်းကလေးဘုန်းကြီး၏ ခန္ဓာကိုယ်မှာ လာပြီး တည်းခိုတာဟု လျှောက်ထားသွားသည်။**

(**မှတ်ချက်။** ။အမှတ် (၁၄)၊ (၁၅) ဆုံးဖြတ်ချက်များ အရ နှိုင်းယှဉ်ပြမထားပေ။ ထူးခြားမှု မရှိသောကြောင့် မပြခြင်း ဖြစ်သည်။)

၁၆။ ဗုဒ္ဓဝါဒအရ အကုသိုလ်ကံ၊ ကုသိုလ်ကံ ဥပါဒါန်-စသည်တို့ကို ဆိုင်ရာမဂ်ဉာဏ်များကသာ ပယ်နိုင်သည်။ ဖြတ်နိုင်သည်။

**စမ်းကလေးဝါဒအရ အဓိဂမသီလက အကုသိုလ်ကံကို ဖြတ်သည်။ အဓိဂမသဒ္ဓါက ကုသိုလ်ကံများကို ဖြတ်သည်။**

## သဒ္ဓါနုသာရီ ခေါ်ရပုံနှိုင်းယှဉ်ချက်

ဗုဒ္ဓဝါဒအရ ရုပ်နာမ်ဓမ္မတို့ကို အနိစ္စဟုနှလုံးသွင်း ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေ လွန်ကဲလာသည်။ ၎င်းသဒ္ဓါကြောင့် ပထမမဂ်ဇောကျလျှင် သဒ္ဓါနုသာရီ သောတာပန်ဟု ဟောထားတော်မူသည်။

စမ်းကလေးဝါဒအရ **သူ့ကိုယုံကြည်ခြင်း = အပြင်သဒ္ဓါ၊ တရားတော်ကိုယုံကြည်ခြင်း = အတွင်းသဒ္ဓါ ၂-ပါးကြောင့် မဂ်ဇောကျသည်။ ၎င်းပုဂ္ဂိုလ်ကို သဒ္ဓါနုသာရီ သောတာပန်ပါ**ဟု ပြောဆိုထားသည်။ (ဝိပဿနာတရားကို အားထုတ်ဖွယ်မလို-ဟူလို။)

---

အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း ( ၁၀၅ )

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၂) ၏ ဆုံးဖြတ်ချက်

# မိုးကုတ်ဝိနိစ္ဆယ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)သည် မိုးကုတ်ဆရာတော်ကြီး ဟောကြားသော တရားတော်များနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော ဝိဝါဒါဓိကရုဏ်းမှုကို ၁၃၆၅-ခုနှစ် တပေါင်းလပြည့်ကျော် ၄-ရက် (၂၈-၅-၂၀၀၅)နေ့တွင် ဆုံးဖြတ်ချက် ချမှတ်တော်မူကြသည်။

### စောဒကပုဂ္ဂိုလ်

၁။ ဘဒ္ဒန္တဝိသုဒ္ဓ

မဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
လောကမှန်ကင်းကျောင်းတိုက်
မန္တလေးမြို့

### စုဒိတကပုဂ္ဂိုလ်များ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၊
**နာယကဆရာတော် ဦးဇနိတပါ ၃-ပါး**

International Dhammacakka Foundation

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များ

၁။ **ဘဒ္ဒန္တဂန္ဓမာဘိဝံသ** သဘာပတိ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓ
သဃ်န်းကျွန်းမြို့နယ်

၂။ **ဘဒ္ဒန္တခေမိန္ဒသာမိ** အဖွဲ့ဝင်
အဂ္ဂမဟာပဏ္ဍိတ
ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်

၃။ **ဘဒ္ဒန္တသြဘာသာဘိဝံသ** အဖွဲ့ဝင်
အဂ္ဂမဟာပဏ္ဍိတ
ဆင်မင်းကျောင်း၊ ဘုရားကြီးတိုက်၊ မန္တလေးမြို့

၄။ **ဘဒ္ဒန္တသိရိန္ဒာဘိဝံသ** အဖွဲ့ဝင်
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်

၅။ **ဘဒ္ဒန္တသြဒါတသိရီဘိဝံသ** အဖွဲ့ဝင်
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဝေရာရာမရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်

## ဆုံးဖြတ်ချက်များ

၁။ မိုးကုတ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလ ဟောကြားသော တရားတော်များ၌ ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်သောအချက်များကို နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်ပေးရန် သဘောတူကြောင်း-

၁၃၆၅-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက် (၁၉-၆-၂၀၀၃) နေ့တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သည့်အတိုင်း စောဒကဆရာတော်နှင့် စုဒိတကဆရာတော်တို့သည် အတိအကျ လိုက်နာကြရမည်။

၂။ မိုးကုတ်ဝိနိစ္ဆယတွင် နိုင်ငံတော်သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၁၂)က စောဒနာတစ်ခုချင်းကို စိစစ်သုံးသပ်၍

(က) မိုးကုတ်ဆရာတော်ကြီး ဟောစဉ်တရားစာအုပ်များတွင်-

(၁) လုံးဝပယ်ဖျက်ပေးရမည့်အချက်များ
(၂) တစ်စိတ်တစ်ဒေသပယ်ဖျက်ပေးရမည့်အချက်များ
(၃) မှားနေသည်တို့ကို အမှန်ပြင်ပေးရမည့် အချက်များ
(၄) စကားမပြည့်စုံသဖြင့် ပြည့်စုံစေရန် ပြင်ဆင် ဖြည့်စွက် ပေးရမည့်အချက်များကိုလည်းကောင်း၊

(ခ) မိုးကုတ်ဆရာတော်ကြီး ဟောကြားထားသော အသံသွင်းတိပ်ခွေများရှိ ဟောတရားများတွင် ပယ်ဖျက်ပေးရမည့် အချက်များကိုလည်းကောင်း ဆုံးဖြတ်ညွှန်ကြားထားပြီး ဖြစ်ရာ-

ထိုဆုံးဖြတ်ညွှန်ကြားချက်များအတိုင်း စုဒိတက ဆရာတော် ၃-ပါးနှင့် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်တို့က အတိအကျ လိုက်နာကြရမည်။

**(မှတ်ချက် ။ ။ မိုးကုတ်ဝိနိစ္ဆယမှာ ဓမ္မ အဓမ္မဟု ဆုံးဖြတ်ခြင်းမပြုဘဲ ပယ်ဖျက် ပြုပြင်ရမည့်အချက်များကို ဆုံးဖြတ်ထားခြင်း ဖြစ်သည်။)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အနေဖြင့် ဆုံးဖြတ်ညွှန်ကြားချက်များကို လိုက်နာ၍ နောက်ထပ်ပုံနှိပ်သည့် စာအုပ်များကို ပြုပြင်ပြီးမှ ပုံနှိပ်သည်ဟု ကြားသိရပါသည်။

ထို့ကြောင့် မိုးကုတ်ဝိပဿနာဟောစဉ်တရား စာအုပ်များကို လေ့လာသူများအနေဖြင့် ပြုပြင်ပြီး စာအုပ်များကို ဖတ်ရှုလေ့လာခြင်းအားဖြင့် သံသယ ကင်းရှင်းစွာ မှတ်ယူနိုင်ကြမည် ဖြစ်ပါသည်။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အနေဖြင့် ဆုံးဖြတ်

ညွှန်ကြားချက်များကို မလိုက်နာဘဲ နောက်ထပ်ပုံနှိပ်သည့် စာအုပ်များကို မပြုပြင်ဘဲ ပုံနှိပ်ဖြန့်ဝေလျှင် အစမ္မဝါဒအဖြစ်သို့ စောဒနာတက်ရောက်လာဖွယ်ရှိပါသည်။ **အမှတ်(၁၄)အစမ္မဝါဒအဆုံးအဖြတ်တွင် လေ့လာနိုင်ပါသည်။**

## မိုးကုတ်ဝိနိစ္ဆယစာအုပ် (မူရင်းနိဒါန်း)မှ ကောက်နုတ်ချက် စာမျက်နှာ(င)

## 'အထူးကြိုးစားဆောင်ရွက်ခဲ့ကြရ'

ဝိနည်းဓိုရ်ဆရာတော်များသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ကြီး၏ လမ်းညွှန်သြဝါဒနှင့်အညီ **"မြန်ဖို့ထက် မှန်ဖို့အရေးကြီးသည်"** ဟူသောမူကိုချမှတ်ကာ အသီးသီးတာဝန်ခွဲဝေ၍မိမိတို့တာဝန်ကျရာ စောဒနာများကို ကျမ်းဂန်များနှင့် တိုက်ဆိုင်စိစစ်ပြီး သုံးသပ်ကြပါသည်။

အသီးသီးတွေ့ရှိချက်၊ သုံးသပ်ချက်တို့ကို ငါးပါးစုံညီအစည်းအဝေးထိုင်၍ တိုက်ဆိုင်စိစစ်ကြပြီး တူညီသော ဆုံးဖြတ်ချက်များကို ချမှတ်ကြပါသည်။

စောဒကဆရာတော်တင်ပြသော အချက်အလက်(စောဒနာ)များမှာ ၃၀၀(သုံးရာ)နီးပါး ရှိပါသည်။ ထိုအချက်အလက်

သုံးရာနီးပါးတွင် ပါဠိများ၊ အနက်များ၊ ပုဂ္ဂိုလ်များ၊ ကျမ်းညွှန်းများ၊ အရေအတွက်များတို့ကို စိစစ်ရန်လွယ်ကူသော်လည်း တရားရေးဆိုင်ရာ (သဘောတရားဆိုင်ရာ)စောဒနာများနှင့် ရှေ့နောက် မညီညွတ်သော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်တို့ကို စိစစ်ရာ၌မူ မလွယ်ကူလှပါပေ။

မိုးကုတ်ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပာဒ်၌ လေ့လာမှုများသောကြောင့်-

၁။ ပဋိစ္စသမုပ္ပာဒ်တရားကို တိုက်ရိုက်မဟောသည့် သုတ္တန်များကိုပင် ပဋိစ္စသမုပ္ပာဒ်တရား ဟောကြားလေဟန် ဟောကြားထားခြင်း၊

၂။ ဝိပဿနာဉာဏ် ဖြစ်ပေါ်စေလိုသော ဆန္ဒအားကြီးလွန်းသောကြောင့် ဒါန,သီလ,သမာဓိတရားတို့ကို နှိမ့်ချသလိုဟောခြင်း၊

၃။ တဒင်္ဂနိရောဓကိုပင် နိဗ္ဗာန်အစစ်ဖြစ်လေဟန် ဟောခြင်း၊

၄။ သမ္မုတိဒေသနာများကို ပရမတ္ထဒေသနာအဖြစ်သို့ ပြောင်းလွှဲ ဟောခြင်း၊

၅။ နီတတ္ထဒေသနာများကို နေယျတ္ထဒေသနာအသွင်ဖြင့် ဟောခြင်း စသည်ဖြင့်ဟောကြားသော ဟောစဉ်တရားများ၊

၆။ သာဝဉာဏ်အရာမှာ ပါရမီမလို၊

၇။ သမာဓိဟာ အလကား၊

၈။ ဆုတောင်းခြင်း, အမျှဝေခြင်းသည် အပိုအလုပ်

စသည်ဖြင့် ပညာရှိတို့လက်မခံနိုင်စရာ ဟောကြားချက်များလည်း ပါရှိနေရာ ထိုအချက်များကို စိစစ်သုံးသပ်ရာတွင် သတိ, ပညာ ရှေ့သွားပြုလျက် ကျမ်းဂန်အသီးသီးဖြင့် တိုက်ဆိုင်စိစစ်ရသော ကြောင့် မလွယ်ကူလှပါ။

ထို့ပြင် မိုးကုတ်ဆရာတော်ကြီးသည် အကြောင်းအရာ တစ်မျိုးတည်းကိုပင် တစ်နေရာတွင် တစ်မျိုးဟောပြီး အခြားတစ် နေရာတွင် တစ်မျိုးဟောထားပြန်သည်။ အလျင် (ရှေးဦးစွာ) ဟော ကြားချက်မှားယွင်းသွား၍ နောက်ထပ်အခြားတစ်နေရာ၌ အမှန် ပြင်၍ ဟောခြင်းမျိုးလည်း ရှိပေသည်။

တစ်နေရာတွင် ပါရမီမလိုဟု ဟောသော်လည်း အခြား တစ်နေရာတွင် ပါရမီမပါ မဖြစ်လေဟန် ဟောကြားခြင်းမျိုးလည်း ရှိပေသည်။

ထိုသို့ ရှေ့နောက်မညီညွတ်သော ဟောကြားချက်တို့ကို စိစစ်ရာဝယ် မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ် တော်တော်များများကိုလည်း ဖတ်ရှုလေ့လာကြရသဖြင့် များစွာ အချိန်ကုန်ရပါသည်။

## 'တည်ငြိမ်လေးနက်စွာဆုံးဖြတ်'

စောဒကဆရာတော်က ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်ဟုယူဆသော မိုးကုတ်ဆရာတော်ကြီး၏ ဟောကြားချက်

တို့ကို ထုတ်နုတ်တင်ပြကာ ဓမ္မ-အဓမ္မ စိစစ်ဆုံးဖြတ်ပေးရန်နှင့် အချို့အချက်အလက်များကို အဓမ္မဝါဒဟုလည်းကောင်း၊ ထိုအဓမ္မဝါဒကို လက်ခံယုံကြည်သူများကို အဓမ္မဝါဒီများဟုလည်းကောင်း ဆုံးဖြတ်ပေးပါရန် တောင်းဆိုထားပေသည်။

ဝိနည်းဓိုရ်ဆရာတော်တို့သည် စောဒကဆရာတော် တင်ပြသည့် စောဒနာတို့ကို လေးလေးနက်နက် စိစစ်သုံးသပ်၍ ထေရဝါဒပိဋကတ် ကျမ်းဂန်များနှင့်မညီညွတ်သော ဟောကြားချက်တို့ကို မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်တရားစာအုပ်များမှလည်းကောင်း၊ အသံသွင်းတရား တိပ်ခွေများမှလည်းကောင်း၊ ဖြုတ်ပယ်ရန် ပယ်ဖျက်ရန် အတိအကျ ညွှန်ပြဆုံးဖြတ်ခြင်းဖြင့် ဗုဒ္ဓသာသနာတော်၏ အန္တရာယ်ကို တည်ငြိမ်လေးနက် ကြံ့ခိုင်ရှိစွာဖြင့် ကာကွယ်ပေးထားပါသည်။

ထို့အတူ ပြင်ဆင်သင့် ဖြုတ်ပယ်သင့် ဖြည့်စွက်သင့်သော အချက်အလက်(ဟောကြားချက်) များကို ပြင်ဆင်/ဖြုတ်ပယ်/ဖြည့်စွက်ရန် ညွှန်ပြပြီး အချို့အချက်အလက်များကို အကောင်းဆုံးဖြစ်အောင် ဖြည့်စွက်ပြင်ဆင်ပေးခြင်းဖြင့်လည်း မိုးကုတ်ဆရာတော်ကြီး၏ ဂုဏ်ကျက်သရေကို ထိန်းသိမ်းကာကွယ်ပေးထားပါသည်

များစွာ အပင်ပန်းခံ၍ အချိန်ယူပြီး စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့သော ဤမိုးကုတ်ဝိနိစ္ဆယသည် ဗုဒ္ဓမြတ်စွာသာသနာတော် စင်ကြယ်သန့်ရှင်းရေးအတွက် တစ်ခန်းတစ်ကဏ္ဍမှ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ယူဆပါသည်။

---

အဓမ္မဝါဒ ဝိနိစ္ဆယကျမ်း (၁၁၃)

**နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၃) ၏ ဆုံးဖြတ်ချက်**

# ဘိက္ခုနီဘာဝါဘာဝဝိနိစ္ဆယ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၃)သည် ၁၃၆၇-ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅-ရက်၊ ၂၀၀၅ ခုနှစ်၊ မေလ ၂၇-ရက်၊ တနင်္လာနေ့တွင် ဘိက္ခုနီဘာဝကို အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက်ချသည်။

## စောဒကပုဂ္ဂိုလ်များ

၁။ **ဦးပဏ္ဍိတ** (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
မဟာဝိသုတာရာမတိုက်၊ သယ်န်းကျွန်းမြို့နယ်

၂။ **ဦးထေရိန္ဒ** (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ပါဠိစာပေဌာနမှူး)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ရန်ကုန်မြို့

၃။ **ဦးဉာဏိဿရ** (မဟာဂန္ထဝါစကပဏ္ဍိတ)
တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

## စုဒိတကပုဂ္ဂိုလ်

၁။ **မသစ္စဝါဒီ** ပေါက်စေတီကျောင်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

International Dhammacakka Foundation

## ( ၁၁၄ ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တဂန္ဓမာဘိဝံသ** **သဘာပတိ**

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဖက်ပင်အိုင်စာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်

၂။ **ဘဒ္ဒန္တစိန္တာသာရ** **အဖွဲ့ဝင်**

အဂ္ဂမဟာပဏ္ဍိတ

သံဃာရာမတိုက်၊ မကွေးမြို့

၃။ **ဘဒ္ဒန္တသိရိန္ဒာဘိဝံသ** **အဖွဲ့ဝင်**

တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ

မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်

၄။ **ဘဒ္ဒန္တအဂ္ဂဓမ္မ** **အဖွဲ့ဝင်**

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

ဓမ္မရောင်ခြည်ကျောင်း၊ မြောက်ဥက္ကလာပမြို့နယ်

၅။ **ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ** **အဖွဲ့ဝင်**

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

## အဓမ္မဝါဒဟု ဆုံးဖြတ်ချက်

ဒေါ်သစ္စဝါဒီ သီလရှင်သည် ၂၈-၂-၂၀၀၃ တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ တပေါဓာရုံကျောင်းတိုက် သိမ်တော်တွင် ဓမ္မာလောကထေရ်ကြီးမှူးသော ဘိက္ခုသံဃာနှင့် ခေမာစာရီ၊ သုကုမာ စသည် ကြီးမှူးသော ဘိက္ခုနီသံဃာတို့ဖြင့် ဘိက္ခုနီပြုလုပ်ခဲ့သည်။

၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ဘိက္ခုနီအသွင်ဖြင့် ဝင်ရောက်လာခဲ့သည်။

**ဒေါ်သစ္စဝါဒီသည် ဓမ္မဝိနယမှသွေဖည်၍ မြော်မြင်ဉာဏ်မပါ ထင်ရာမြင်ရာ ပြုမူခြင်းကြောင့် သူ၏ ဘိက္ခုနီဘာဝနှင့်စပ်လျဉ်းသော အပြုအမူအားလုံးသည်-**

(၁) ဓမ္မဝိနယနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ အဝိနယဝါဒသာ ဖြစ်သည်ဟုလည်းကောင်း၊

(၂) သူသည် ၎င်းအဓမ္မဝါဒ အဝိနယဝါဒကို ယုံကြည်သူ ခံယူသူ ဖြစ်ခြင်းကြောင့် အဓမ္မဝါဒီ အဝိနယဝါဒီသာ ဖြစ်သည်ဟုလည်းကောင်း၊

(၃) သူသည် မိမိ၏ အဓမ္မအဝိနယ ဘိက္ခုနီဘာဝကို တရားဝင် အပြီးအပြတ် စွန့်လွှတ်မှုပြုရမည်ဟုလည်းကောင်း၊

(၄) သူသည် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများက အကြောင်းအကျိုးပြလျက် အချိန်မီ ဩဝါဒပေးခြင်း

တားမြစ်ခြင်းကို အလေးမမူ မလိုက်နာသူဖြစ်၍ ထိုအပြစ်များ ပြေပျောက်စေရန် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး များအား ဝန်ချကန်တော့မှုပြုရမည်ဟုလည်းကောင်း တညီ တညွတ် တစ်စိတ်တစ်ဝမ်း တစ်သဘောတည်း ဆုံးဖြတ်တော်မူကြ သည်။

## ဘိက္ခုနီပြုလိုသူတို့ ကြိုတင်ကျင့်သုံးရမည့် သိက္ခမာန်ကျင့်ထုံးများ

(က) သာမဏေရီ ပြုရခြင်း။ (သာမဏေပြုခြင်းကဲ့သို့ . . . )

(ခ) ဘိက္ခုနီသံဃာ့အထံ၌ သိက္ခာသမ္မုတိကို တောင်းရခြင်း။

(ဂ) ဘိက္ခုနီသံဃာက ၎င်းအား ဉတ္တိဒုတိယကမ္မဝါစာဖြင့် သိက္ခာသမ္မုတိကို ပေးရခြင်း။

(ဃ) ရှစ်ပါးသီလမှ ရှေးသိက္ခာပုဒ် ၆-ပါးကို ၂-နှစ်ပတ်လုံး ဆောက်တည်၍ **မပျက်မစီး မကျိုးမပေါက် ကျင့်ရခြင်း။**

(ထိုသို့ဆောင်ရွက်ပြီးမှ ဘိက္ခုနီသံဃာ့အထံတွင် ကမ္မဝါစာ များဖြင့် ပဉ္စင်းခံရသည်။ ပြီးမှ ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ပဉ္စင်းခံရသည်။ ထိုအခါမှ ရဟန်းမ ဖြစ်သည်။)

**သာသနာတော်နှစ် ၅၀၀နောက်ပိုင်းတွင် ဘိက္ခုနီသာသနာ လုံးဝကွယ်ခဲ့ပြီး ဖြစ်သဖြင့် ဘိက္ခုနီ ၅-ပါးပြည့်မှ ဘိက္ခုနီ ဖြစ်နိုင်၍ ယနေ့ခေတ်တွင် ဘိက္ခုနီအစစ် မရှိနိုင်တော့ပေ။**

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၄) ၏ ဆုံးဖြတ်ချက်

# အောင်ဆန်းတောရဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၄/၂၀၀၆) သည် ၁၃၆၈-ခုနှစ်၊ နယုန်လပြည့်ကျော် ၂-ရက် (၁၃-၆-၂၀၀၆) နေ့တွင် အင်းစိန်မြို့နယ်၊ အောင်ဆန်းတောရတပ်ဦးကျောင်း ဆရာတော် ဦးကိတ္တိသာရ၏ ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း ၁၀-ရက်စခန်း အထူးသင်တန်းကျမ်း၌ပါသော အမှားကြီး ၂-ရပ်ကို အဓမ္မဝါဒ အဖြစ် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

### စောဒကပုဂ္ဂိုလ်

၁။ **ဦးဝိသုဒ္ဓ**

လောကမှန်ကင်းကျောင်းတိုက်

ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့

### စုဒိတကပုဂ္ဂိုလ်

၁။ **ဦးကိတ္တိသာရ**

အောင်ဆန်းတောရတပ်ဦးကျောင်း၊

အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တခေမိကာဘိဝံသ** **သဘာပတိ**
အဂ္ဂမဟာပဏ္ဍိတ
မြတောင်ကျောင်းတိုက်၊ ခေမာဝင်းကျောင်း၊ မန္တလေးမြို့

၂။ **ဘဒ္ဒန္တဓမ္မာနန္ဒ** **အဖွဲ့ဝင်**
အဂ္ဂမဟာပဏ္ဍိတ
စစ်ကိုင်းစာသင်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

၃။ **ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ** **အဖွဲ့ဝင်**
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သ-စ-အ ဓမ္မာစရိယ
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မင်္ဂလာသီရိအုဋ်ကျောင်း၊
မန္တလေးမြို့

### အကျဉ်းချုပ်သုံးသပ်ချက်

**အမှတ်(၁)စောဒနာ၌-**

၁။ ဒိဋ္ဌိကိုသာဖြုတ်ပြီး ဝိပဿနာအားထုတ်ခဲ့သော် အရှင်ဆန္နကဲ့သို့ တရားဏဝိပဿနာသာ ဖြစ်နိုင်သောကြောင့် အမှတ် (၁) စောဒနာ၌ (င)အမှတ်စကားရပ်သည် မမှန်၊ အဓမ္မဝါဒသာ ဖြစ်သည်။ (င)အမှတ် စကားရပ်ကို ဖြုတ်ပစ်ရမည်။

၂။ ဒိဋ္ဌိမဖြုတ်ဘဲနဲ့ (ဝါ) နာမရူပပရိစ္ဆေဒဉာဏ် မရှိဘဲနဲ့ ဝိပဿနာဉာဏ်ပင် မဖြစ်နိုင်သောကြောင့် ဒိဋ္ဌိမဖြုတ်ဘဲနဲ့ ဝိပဿနာအားထုတ်ခဲ့သော် အားနည်းသောဝိပဿနာ ဖြစ်တယ်၊ (ဖိုင်-၁၅။ ဖြတ်လမ်း၊ နှာ-၃၂) ဟူသော အမှတ်(၁)စောဒနာ၌ (ဃ)အမှတ် စကားရပ်သည် မမှန်၊ ဖြုတ်ပစ်ရမည်။ အဓမ္မဝါဒသာ ဖြစ်သည်။

၃။ အရှင်ဆန္နသည် ပရိနိဗ္ဗာန်စံသည်အထိ ၄၅-နှစ်ကာလ အတွင်း၌ အပြင်းအထန် ဝိပဿနာအားထုတ်၍ တရုဏဝိပဿနာ ဖြစ်သည် မဟုတ်၊ ပရိနိဗ္ဗာန်စံပြီးနောက် ဃောသိတာရုံကျောင်း၌ ပြဟ္မဒဏ်အပေးခံရ၍ ဗာရာဏသီ မိဂဒါဝုန်ကျောင်း၌ ဝိပဿနာအားထုတ်စဉ် တရုဏဝိပဿနာကို ရရှိတာ ဖြစ်သောကြောင့် စုဒိတကတို့က အရှင်ဆန္နရဟန်း ဖြစ်စမှ ဘုရားရှင်ပရိနိဗ္ဗာန်စံသည်အထိ ကာလအတွင်း၌ တရုဏဝိပဿနာဖြစ်သည်ဟု ပြောထားသော (က-ခ) စကားရပ်၌ အချိန်ကာလကို လွဲမှားပြောထားသည်ဖြစ်သောကြောင့် အမှတ်(၁) စောဒနာ၌ (က-ခ)ဝါကျစကားရပ်အားလုံး လွဲမှားနေသည်။ အဓမ္မဝါဒသာ ဖြစ်သည်။

**(က-ခ)အမှတ် ဝါကျစကားရပ်အားလုံးကို ဖြုတ်ပစ်ရမည်ဟု နိုင်ငံတော်သီးခြားဝိနည်းမှုရုံးအဖွဲ့အမှတ် (၁၄) နိုင်ငံတော် ဝိနည်းမှုရုံးဆရာတော်ကြီးများက တညီတညွတ်တည်း လက်မှတ်ရေးထိုး၍ ဆုံးဖြတ်တော်မူကြသည်။**

**အမှတ်(၂)စောဒနာ၌-**

၁။ ဒိဋ္ဌိကိုသာဖြုတ်ပြီး ဝိပဿနာအားထုတ်ခဲ့သော အရှင်ဆန္ဒကဲ့သို့ တရုဏဝိပဿနာသာဖြစ်နိုင်သောကြောင့် အမှတ် (၂) စောဒနာ၌ (ဃ)အမှတ်စကားရပ်သည် မမှန်ကန်၊ ဖြုတ်ပစ်ရမည်၊ အဓမ္မဝါဒသာ ဖြစ်သည်။

၂။ ကိလေသာကြားမခိုရင်၊ ကိလေသာကြားမညှပ်လို့ရှိရင်၊ ကိလေသာမဖြစ်ရင်၊ ဥပက္ကိလေသာမဖြစ်ရင် မနက်အားထုတ် ရင် ညနေရတယ်၊ ညနေအားထုတ်ရင် မနက်ရတယ်ဟူသော စကားရပ်ကို **ဗလဝဝိပဿနာဉာဏ်နှင့် ပြည့်စုံသော တိက္ခပညနေယျပုဂ္ဂိုလ်အားသာ ဟောရမည်။** မှန်ကန်ပေသည်။ ဓမ္မဝါဒသာ ဖြစ်သည်။

၃။ ဗလဝဝိပဿနာ ဥဒယဗ္ဗယဉာဏ်နှင့်ပြည့်စုံသော တိက္ခပညနေယျပုဂ္ဂိုလ်အားသာ မနက်အားထုတ် ညနေတရားထူးရမည်၊ ညနေအားထုတ်၊ မနက်တရားထူးရမည်ဟူသော စကားရပ်ကို သုံးစွဲရမည်၊ ဟောပြောရမည်။ ဗောဓိရာဇကုမာရသုတ်လာ စကားနှင့်ညီပေသည်။ ဓမ္မဝါဒသာ ဖြစ်သည်။

၄။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဝိပဿနာဉာဏ်၊ တရုဏဝိပဿနာဉာဏ်တို့တွင် ဉာဏ်တစ်စိတ်တစ်ဝက်နှင့်သာ ပြည့်စုံသောပရိသတ်တို့အား "တရားအားထုတ်ကြပါ၊ မနက် အားထုတ်ရင် ညနေ တရားထူးရမယ်၊ ညနေ အား

ထုတ်ရင် မနက် တရားထူးရမယ်"ဟူ၍ မဟောသင့်၊ မဟောထိုက်၊ မဟောရ၊ မပြောရ၊ အသံသွင်းမထားရ၊ အသံသွင်း၍ ဖွင့်မပြရ၊ နားမထောင်ရ။ အဓမ္မဝါဒသာ ဖြစ်သည်-ဟူ၍

**နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့. အမှတ်(၁၄) နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများက တညီ တညွတ်တည်း လက်မှတ်ရေးထိုး၍ ဆုံးဖြတ်တော်မူကြ သည်။**

## အဓမ္မဝါဒဟု ဆုံးဖြတ်ချက်

၁။ မြင်းမြီးဆွဲမောင်ဆံရဟန်းသည် ဘုရားရှင်ရှိတော်မူနေစဉ် ၄၄-နှစ် ၄၅-နှစ်မျှကြာအောင် ဝိပဿနာဘာဝနာ အလုပ်ကို ကြိုးစားအားထုတ်ခဲ့ပါသော်လည်း တရုဏဝိပဿနာမျှသာ ဖြစ်နေသောကြောင့် နိဗ္ဗာန်တရားထူးကိုမရ ဟူ၍လည်းကောင်း၊ ပဋိစ္စသမုပ္ပာဒ်တရားတော်ကို မကြားနာရသောကြောင့် နိဗ္ဗာန် တရားထူးကိုမရ ဟူ၍လည်းကောင်း မည်သူကမျှ မဟောရ၊ မပြောရ၊ မရေးရ၊

ဤသို့ အဓိပ္ပာယ်ပေါ်ထွက်လာနိုင်သည့် အခြားခြားသော စကားပရိယာယ် တစ်မျိုးမျိုးဖြင့်လည်းကောင်း၊ မဟောရ၊ မပြောရ၊

မရေးရ။

၂။ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ပဋိစ္စ သမုပ္ပာဒ်စက်ဝိုင်းဒေသနာတော်ကို အသေအချာ ကြားနာပြီးနောက် ကိလေသာကြားမခိုစေဘဲ ဝိပဿနာတရားကို ပွားများအားထုတ်ခဲ့သော် နံနက်အားထုတ်က ညနေ နိဗ္ဗာန် တရားထူးကိုရမည်ဟူ၍သော်လည်းကောင်း၊ ထိုသို့ အဓိပ္ပာယ်သက်ရောက်သော စကားပရိယာယ် တစ်မျိုးမျိုးကိုသုံး၍သော်လည်းကောင်း မည်သူမျှ မဟောရ၊ မပြောရ၊ မရေးရ။

ထိုဟောပြောရေးသားမှုအားလုံးသည် ဇဋ္ဌာသုတ်ပါဠိတော်စသည်နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

**အထက်ဆုံးဖြတ်ချက်နှစ်ရပ်၌ ပါရှိသော အကြောင်းအရာများကို ဟောပြောမှတ်တမ်းတင်ထားသော အသံအားလုံးကိုလည်းကောင်း၊ ရေးသားမှတ်တမ်းတင်ထားမှုအားလုံးကိုလည်းကောင်း တစ်လုံးမကျန် လုံးဝ ပယ်ဖျက်ပေးရမည်။**

---

International Dhammacakka Foundation

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၅) ၏ ဆုံးဖြတ်ချက်

# မိုးညှင်းမြို့၊ အရှေ့ရိပ်သာ၊ ဦးခေမိန္ဒဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ် (၁၅/၂၀၀၆) သည် ၁၃၆၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈-ရက် (၁၆-၁၀-၂၀၀၆)၊ တနင်္လာနေ့တွင် စုဒိတကဦးခေမိန္ဒနှင့် မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ(ငါးဘွဲ့ရဓမ္မာစရိယ)တို့၏ဝါဒကို ဝိနည်းတရားတော်နှင့်အညီ အဓမ္မဝါဒအဖြစ် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

### စောဒကဆရာတော်များ

၁။ **ဦးမင်္ဂလာစာရ** (သာသနဓဇဓမ္မာစရိယ)
ရတနာမာရ်အောင်ကျောင်းတိုက်၊ ဟိုပင်မြို့
ကချင်ပြည်နယ်

၂။ **ဦးနာရဒ** (သာသနဝတက္ကသီလဓမ္မာစရိယ)
ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်
ဟိုပင်မြို့၊ ကချင်ပြည်နယ်

 နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

## စုဒိတကပုဂ္ဂိုလ်များ

၁။ **ဦးခေမိန္ဒ**

မဟာသတိပဋ္ဌာန်ရိပ်သာကျောင်းတိုက်၊ မိုးညှင်းမြို့
ကချင်ပြည်နယ်

၂။ **ဦးဝိစိတ္တသာရာဘိဝံသ**

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မြစ်ကြီးနားမြို့
ကချင်ပြည်နယ်

## နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်ကြီးများ

၁။ **ဘဒ္ဒန္တကုမာရာဘိဝံသ** **သဘာပတိ**

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဓမ္မာစရိယ၊ သိရောမဏိ၊ ဝံ့သကာ
ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်းဒေသကြီး

၂။ **ဘဒ္ဒန္တစန္ဒိမာ** **အဖွဲ့ဝင်**

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သ-စ-အ ဓမ္မာစရိယ
မင်းကျောင်းပထမပြန်စာသင်တိုက်၊ သန်လျင်မြို့၊
ရန်ကုန်တိုင်းဒေသကြီး

၃။ **ဘဒ္ဒန္တနန္ဒမာလာ** **အဖွဲ့ဝင်**

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒီဃနိကာယကောဝိဒ၊
ဓမ္မာစရိယ
ရတနာအုဋ်ကျောင်းပရိယတ္တိစာသင်တိုက်
တဂေါင်းဘုရားလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

## အဓမ္မဝါဒဟု ဆုံးဖြတ်ချက်

၁။ မိုးညှင်းမြို့၊ မဟာသတိပဋ္ဌာန်ရိပ်သာဆရာတော် ဦးခေမိန္ဒနှင့် မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ (ငါးဘွဲ့ရ ဓမ္မာစရိယ)တို့၏ ဟောပြော ရေးသားချက်များနှင့်ပတ်သက်၍ စောဒကဆရာတော်များ တင်ပြသောအချက် ၃၄-ချက်သည် ထေရဝါဒပိဋကတ်တော်လာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့နှင့် ညီညွတ်မှု မရှိသောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။

၂။ **ၐင်းအဓမ္မဝါဒ ၄၃-ချက်ကို ဟောပြော ပြသ လက်ခံ လိုက်နာ ကျင့်သုံးသော ပုဂ္ဂိုလ်အားလုံးတို့သည် အဓမ္မဝါဒီများသာ ဖြစ်ကြသည်။**

၃။ သက်သေခံအဖြစ် တင်ပြထားသော စာအုပ်စာတမ်းများ၊

## ၁၂၆ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

ဗွီဒီယိုတိပ်ခွေများ၊ ကက်ဆက်တိပ်ခွေများနှင့် အလားတူ ရိုက်နှိပ်ထားသော စာစောင်စာသည်များသည် အဓမ္မဝတ္ထုပစ္စည်းများသာ ဖြစ်ကြသည်ဟု တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

### အဓမ္မဝါဒ ၄၃ ချက်

၁။ ရိပ်သာဆရာတော်ဦးခေမိန္ဒ၏ **"ဝင်လေထွက်လေ (အာနာပါန)ကို တမင်ချုပ်ပြီး မရှိအောင်လုပ်ပြီး ကျင့်ရမည်"** ဟု ဟောပြောချက်သည် ဘုရားစကားမဟုတ်။ အဋ္ဌကထာ ဋီကာတို့၌လည်း မလာ။ ထို့ကြောင့် အဓမ္မဝါဒသာ ဖြစ်သည်။ ထေရဝါဒသာသနာတော်မှအပ အနှစ်သာရကင်းမဲ့သော အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြသည်။

၂။ ရိပ်သာဆရာတော်ဦးခေမိန္ဒ၏ **"အနိစ္စ ဒုက္ခ အနတ္တ ရှုလို့ နိဗ္ဗာန်မရ"**အစရှိသည်ဖြင့် ဟောကြားချက်သည် ထေရဝါဒ ပိဋကတ်တော်လာ ပါဠိတော် အဋ္ဌကထာများနှင့် ဆန့်ကျင်ဘက် ဖြစ်၍ အဓမ္မဝါဒသက်သက်သာ ဖြစ်သည်ဟု ဆုံးဖြတ် တော်မူကြပါသည်။

၃။ ရိပ်သာဆရာတော် ဟောသကဲ့သို့ **"မျက်စိကို မရှုမှတ်နဲ့၊ မြင်သိစိတ်ကို မဖြစ်စေနဲ့"** စသည့်အချက်အလက်တို့သည်

ဘုရားဟောပါဠိတော်၊ အဖွင့်အဋ္ဌကထာများနှင့် ဖီလာဆန့်ကျင်နေသဖြင့် သာသနာတော် ပျက်စီးရန်သာဖြစ်ရကား အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြပါသည်။

၄။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ထွက်လေဝင်လေတို့ကို ရှုတာဟာ နိဗ္ဗာန်မရနိုင်ပါဘူး။ ဒီတရားတွေဟာ နိဗ္ဗာန် ရောက်ကြောင်းတရားတွေလဲ မဟုတ်ပါဘူး"** စသည်ဖြင့် ဟောပြောချက်များသည် ပါဠိတော် အဋ္ဌကထာ ဟောပြချက်များ၊ ဖွင့်ဆိုချက်များနှင့် မကိုက်ညီဘဲ ဆန့်ကျင်ဘက်ဖြစ်နေကြသည်။ မိမိထင်ရာ မြင်ရာဟောထားသည့် တရားများသာဖြစ်၍ အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၅။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ခန္ဓာငါးပါး၊ ခန္ဓာကိုယ်ကြီးကို ရှုမှတ်နေရင် ကိလေသာတွေဖြစ်တယ်။ အာရုံမပြုရင် သမုဒယမဖြစ်တဲ့အတွက် ကိလေသာတွေကို သတ်တာပဲ"** စသည့် ဟောပြောချက်များသည် ပါဠိတော် အဋ္ဌကထာများနှင့် လုံးဝဆန့်ကျင်ရကား အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၆။ ရိပ်သာဆရာတော်ဦးခေမိန္ဒ၏ **"အာနာပါနကို ရှုတာဟာ ဒိဋ္ဌိပဲ"** စသည့် ဟောပြောချက်များသည် ထေရဝါဒ ပိဋကတ်နှင့်အညီ ဟောပြောချက်များ မဟုတ်။ ပါဠိတော်များနှင့်လည်းကောင်း၊ အဋ္ဌကထာများနှင့်လည်းကောင်း ဆန့်ကျင်နေခြင်း

ကြောင့် သာသနာဖျက်အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၇။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"သင်္ခါရအာရုံနိမိတ်တွေကို ရှုတာဟာ ဒိဋ္ဌိဖြစ်တယ်၊ မာနဖြစ်တယ်"**ဟု ဟောပြောချက်သည် ပါဠိတော်တို့နှင့် ဆန့်ကျင်ရကား အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၈။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"လက္ခဏာရေးသုံးပါး ရှုတာဟာ ဝိပဿနာ မဟုတ်၊ ဝိပဿနာဟာ အနိစ္စရှုတာ မဟုတ်"** စသည့် ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာကြီးများနှင့် ဆန့်ကျင်နေရကား အဓမ္မဝါဒသက်သက်သာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၉။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ခန္ဓာကိုယ်ကို ရှုခြင်းသည် နိစ္စ၊ သမုဒယပယ်မှ အနိစ္စ"**စသည်ဖြင့် ဟောပြောထားသော တရားများသည် အဓမ္မဝါဒသက်သက်သာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၀။ ရိပ်သာဆရာတော် ဦးခေမိန္ဒနှင့် တပည့်ဦးဝိစိတ္တသာရာဘိဝံသတို့၏ **"ဝိပဿနာဉာဏ် မရှိပါဘဲလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြစ်သည်"** စသည့် ဟောပြောချက်များသည် အဓမ္မဝါဒသက်သက်သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၁။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ဝိပဿနာအတွက် ဆိုလျှင် ဓာတ်ကြီးလေးပါးကို မရှုရ"** စသည့် ဟောပြောချက်များသည် အစမ္ပဝါဒသက်သက်သာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၂။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"အာရုံတွေကို ရှုမှတ်ရင် တုန်လှုပ်တယ်။ မရှုမှတ်မှ နိဗ္ဗာန်ရမယ်"**ဟု ဟောပြောချက်သည် အစမ္ပဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၃။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"သင်္ခါရတရားတို့ကို ရှုမှတ်လျှင် ဗောဇ္ဈင် မဖြစ်၊ ရှုမှတ်စရာတစ်ခုခုကို ရှုမှတ်နေရင် ဗောဇ္ဈင်ခုနစ်ပါးစလုံး ပျက်သွားတယ်"**ဟု ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာတို့နှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်ရကား အစမ္ပဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၄။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"အကြောင်းအကျိုးမရှိ သောပဋိစ္စသမုပ္ပါဒ်"**ဟု ဟောပြောချက်သည် ထေရဝါဒ ပိဋကတ်တော်လာ အယူအဆတို့နှင့် မညီညွတ်သောကြောင့် အစမ္ပဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၅။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"သင်္ခါရအာရုံနိမိတ်တွေကို ရှုမှတ်နေရင် အဝိဇ္ဇာအစ ဇရာမရဏအဆုံး ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး လည်နေတာ"**စသည့် ဟောပြောချက်သည် ပါဠိတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်နေသောကြောင့် အစမ္ပ

ဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၆။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"အာရုံသင်္ခါရနိမိတ်တို့ကို ရှုတာဟာ သမုဒယဖြစ်တဲ့အတွက် ခန္ဓာငါးပါးရတယ်"** စသည့် ဟောပြောချက်များသည် ပါဠိတော်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ရကား အဓမ္မဝါဒသက်သက်သာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၇။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"သင်္ခါရပစ္စယာ ဝိညာဏံ=သင်္ခါရကြောင့် ဝိညာဏ် ဖြစ်ပါတယ်။ ဒီနေရာမှာ ဝိညာဉ်အရ ဘာယူရမလဲဆိုတော့ သင်္ခါရအာရုံနိမိတ်တွေကို ရှုတဲ့စိတ်ကို ယူရပါမယ်။ အဲဒီတော့ ခန္ဓာငါးပါးဖြစ်တဲ့ သင်္ခါရအာရုံနိမိတ်တွေကို ရှုတဲ့စိတ်ဟာ ဝိညာဉ်ဖြစ်တဲ့အတွက် သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီး လည်သွားတာပါ"** စသည့် ဟောပြောချက်များသည် ပါဠိ အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်ရကား အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၈။ ရိပ်သာဆရာတော်ဦးခေမိန္ဒ၏ **"ရှုစိတ်ကနာမ်၊ အရှုခံက ရုပ်ပါ။ ဒါကိုပဲ နာမရူပံ=နာမ်ရုပ်လို့ ခေါ်ပါတယ်။ ဒါ့ကြောင့် ဝိညာဏပစ္စယာ နာမရူပံ=ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ စက်ဝိုင်းလည်နေတာပဲ။ ဒီကနေ့ ဘုန်းကြီးတို့ ဒကာဒကာမများ ရှုလိုက်ကြတာက ရုပ်တရားတွေ။**

**အဲဒီတော့ စက်ဝိုင်းကြီး လည်နေပြီပေါ့"** စသည့် ဟောပြောချက်သည် ပါဠိတော်အဋ္ဌကထာဋီကာများနှင့် လုံးဝဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၁၉။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"သဠာယတနံ = အာယတန ၁၂-ပါးဟုဟောခြင်း၊ နာမ်ရုပ်ကိုရှုတဲ့အတွက် အာယတန ၁၂-ပါး၊ ခန္ဓာ ၅-ပါး ဖြစ်တာပဲ"** စသည့် ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၀။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ဖဿဆိုတာ ရှုစိတ်နဲ့ အရှုခံအာရုံ တွေ့ထိတာကိုပဲ ဖဿလို့ ခေါ်တာပဲ"** စသည့် ဟောပြောချက်သည် မြတ်စွာဘုရား၏ ပါဠိတော် ဟောပြချက်နှင့် လုံးဝဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၁။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ဝေဒနာကို လက္ခဏာရေးသုံးပါး ရှုတာဟာ ဝိပဿနာလား။ ဝိပဿနာ လုံးဝ မဟုတ်ဘူး"** ဟု ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၂။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ဝေဒနာကိုရှုလျှင်**

**တဏှာဖြစ်တယ်**"ဟူသောဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၃။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ "**သင်္ခါရအာရုံတွေကို ရှုမှတ်လို့ တဏှာဥပါဒါန် ဖြစ်တာ**"ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၄။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ "**ဉာဏ်စဉ်ကို အထင်ကြီးစရာ မလိုဘူး။ အထင်ကြီးစရာလည်း မရှိဘူး**"ဟု ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၅။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ "**သောတာပန်ဟာ သောတာပန်ဖြစ်မှန်း မသိ။ သကဒါဂါမ်ဟာ သကဒါဂါမ် ဖြစ်မှန်း မသိ**"ဟု ဟောပြောချက်သည် အဋ္ဌကထာများ၏ ဖွင့်ဆိုချက်တို့နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၆။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ "**၇-ရက်နဲ့ အနုလောမဉာဏ်ရောက်အောင် ရိုက်ပို့ပေးတယ်။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို မရှုမှတ်ရ။ မပွားများရ**"စသည့် ဟောပြောချက်များသည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သော

ကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၇။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"အာရုံနှင့်စိတ်ခွဲထုတ်တတ်ရင် အရိယာမဖြစ်ဘူးဟု ပြောလို့မရဘူး"** ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့်လည်းကောင်း၊ သဘာဝဓမ္မနှင့်လည်းကောင်း ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၈။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"နာမရူပပရိစ္ဆေဒဉာဏ်၊ သမ္မသနဉာဏ်တွေ ရအောင် လုပ်စရာမလိုဘူး။ အနုလောမဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်ရောက်ဖို့က အဓိကပါပဲ"** စသည့် ဟောပြောချက်သည် အဋ္ဌကထာလာ ဖားသတ္တဝါ၏ ခုန်ပျံကျော်လွှားသွားခြင်းကဲ့သို့ ဉာဏ်စဉ်တွေကို ခုန်ကျော်ပြီးကျင့်ရန် အဓမ္မတိုက်တွန်းနေခြင်းသာ ဖြစ်ပါသည်။ ၎င်းဝါဒသည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၂၉။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို မရှုရ။ စွန့်ရမည်"** ဟု ပဋိသံဟရတိ-ပုဒ်ကို အနက်မှား အဓိပ္ပာယ်မှားယူ၍ ဟောကြားရေးသားအပ်သော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

(**မှတ်ချက်**။ ။ပဋိသံဟရတိဟူသော သံယုက်ပါဠိကို

အနက်ပေးရာတွင် ရိပ်သာဆရာတော်က ရုပ်သိမ်းသည်။ (ဝါ) ရုပ်နာမ်ခန္ဓာအာရုံအပေါ်မှာ ရှေးရှုမှတ်နေသောစိတ်ကို ရုပ်သိမ်းသည် (ဝါ) ရုပ်နာမ် ခန္ဓာအာရုံကို စွန့်ခွာသည်ဟု အနက်ပေးသည်။

အဋ္ဌကထာ၏အလိုအရ ကြည်ညိုဖွယ်ဗုဒ္ဓါနုဿတိစသော ကြားဖြတ်ကမ္မဋ္ဌာန်းအာရုံမှ စိတ်ကို ရုပ်သိမ်းသည်။ မူလ အားထုတ်နေကျကမ္မဋ္ဌာန်းသို့ ရှေးရှုစိတ်ကိုပြုအံ့ဟု ဘာသာပြန်ရပေမည်။)

၃၀။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ရူပံ ဘိက္ခဝေ န တုမှာကံ တံ ပဇဟထ၊ တံ ဝေါ ပဟီနံ ဟိတာယ သုခါယ ဘဝိဿတိ"** ဟူသော သံယုတ်ပါဠိကို ထုတ်ပြ၍ ဉာနတုမှာက သုတ်၏ ဆိုလိုချက်အကျဉ်းမှာ- ခန္ဓာငါးပါးအာရုံအပေါ်သို့ ကျရောက်တတ်သည့် ထင်မြင်မှုငါ မဖြစ်အောင် ရုပ်နာမ်ဟူသော အာရုံကို စွန့်ခွာထားခြင်းပင် ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူသည်။

ဉာနတုမှာကသုတ်တရားသည် တိုက်ရိုက်ယူအပ်သော နီတတ္ထဒေသနာ မဟုတ်။ ဆောင်၍ ယူအပ်သော နေယျတ္ထဒေသနာ ဖြစ်သည်။

ထို့ကြောင့် သံယုတ်အဋ္ဌကထာ၌ "**ပဇဟထာ**တိ ဆန္ဒရာဂပ္ပဟာနေန ပဇဟထ"ဟု ဖွင့်ပြသည့်အတိုင်း ရုပ်တရားကို နှစ်သက်တပ်စွဲတတ်သော ဆန္ဒရာဂကို ပယ်စွန့်ကုန်လော့" ပြန်ဆိုရပေမည်။

ထို့ကြောင့် ရိပ်သာဆရာတော်၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အဋ္ဌကထာဖွင့်ဆိုချက်နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၁။ ရိပ်သာဆရာတော် ဦးခေမိန္ဒသည် သံယုတ်ပါဠိတော် အရိဋ္ဌသုတ်လာ ပါဠိကိုထုတ်ပြ၍ **"မိမိခန္ဓာငါးပါး သူတစ်ပါးခန္ဓာ ငါးပါးတို့ကို ပယ်စွန့်ရမည်"**ဟု ရေးသားသည်။ စာစပ်မှားသဖြင့် အဓိပ္ပာယ်လွဲနေခြင်းဖြစ်သည်။ စာစပ်အမှန်အတိုင်း အဓိပ္ပာယ်ပြန်ပါက ဒေါသနှင့်ယှဉ်သော သညာတို့ကို ပယ်စွန့်အပ်ပြီးပြီ ဟု အဓိပ္ပာယ်မှန်ရပေမည်။

ထို့ကြောင့် ရိပ်သာဆရာတော်၏ ရေးသားချက်သည် ပါဠိတော်အဆို၊ အဋ္ဌကထာဖွင့်ပြချက်များနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၂။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **"ရုပ်နာမ်ခန္ဓာကို အနတ္တ ရှုရမည်ဟုဆိုရာ၌ ရုပ်နာမ်ခန္ဓာအာရုံကို ရှေးရှုမှတ်နေခြင်းမျိုး မဟုတ်။ ပယ်စွန့်နေသောအားဖြင့် (ဝါ) ရုပ်နာမ်အာရုံပေါ်မှ စိတ်ကို ရုပ်သိမ်းတတ်ခြင်းသာ အနတ္တအရှုအမြင်မျိုးဖြစ်သည်"** ဟူသောရေးသားချက်သည် အကိုးသာဓက ဘာမျှမရှိ၊ သူ၏စိတ်ထင်တိုင်း ရေးသားထားသော ရေးသားချက်သာဖြစ်သည်။ သို့ဖြစ်၍ အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၃။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **“ရုပ်နာမ်ကို မရှုက နိဗ္ဗာန်ရ”** စသည့် နိဗ္ဗာန်နှင့်စပ်၍ ရေးသားချက် ဟောပြောချက်များသည် (ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့်) အဓမ္မဝါဒသက်သက်သာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

**“စသည်” အရ “နိဗ္ဗာန်နှင့်စပ်သွယ်သော ဟောပြောချက်များမှာ-**

(က) နိဗ္ဗာန်ဟူသည် ရုပ်နာမ်ဟူသောအာရုံအပေါ်သို့ ရှေးရှုထင်မှတ်လျက် စိတ်ကိုရုပ်သိမ်းပေးလျက် ရှိသောစိတ်ကို ရုပ်သိမ်း ပေးလိုက်သဖြင့် နာမ်ရုပ်တို့ ချုပ်ငြိမ်းနေသည့် သဘောကို နိဗ္ဗာန်ဟုဆိုသည်။

(ခ) အရှုခံအာရုံနှင့် အရှုစိတ်ခွဲခြင်းကို နိဗ္ဗာန်ဟုလည်းဆိုသည်။

(ဂ) ရုပ်နာမ်ဟူသောအာရုံကို သိတတ်သည့်စိတ်က မသိဘဲ အာရုံမပြုဘဲနေသည်ကို နိဗ္ဗာန်ဟုလည်း ဆိုသည်။

၃၄။ ရိပ်သာဆရာတော် ဦးခေမိန္ဒ၏ **“နိဗ္ဗာန်သည် ခန္ဓာကိုယ်အတွင်းမှာလည်း ရှိသည်”**ဟူသော ရေးသားချက်သည် ပါဠိတော်နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၅။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"ဒုက္ခမဖြစ်ဖို့အတွက် သမုဒယကို ပယ်သတ်ရမည်။ သမုဒယကို ဘယ်လို ပယ်သတ်မလဲဆိုတော့ (၃၁)ဘုံအလုံးစုံသော အာရုံတို့ကို မရှုမှတ်နဲ့။ သင်္ခတအာရုံကို မရှုမှတ်နဲ့။**

**"ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မရှုမှတ်နဲ့။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို ရှုမှတ်ရင် သမုဒယဖြစ်တယ်။ သမုဒယဖြစ်ရင် ဒုက္ခဖြစ်တယ်။ ဒါ့ကြောင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မရှုမှတ်နဲ့။**

**"ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို မရှုမှတ်ရင် သမုဒယ မဖြစ်တော့ဘူး။ သမုဒယမဖြစ်ရင် ဒုက္ခမဖြစ်တော့ဘူး"** ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၆။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"သင်္ခတအာရုံကို မယူရင် အသင်္ခတအာရုံကို ရောက်တယ်။ အသင်္ခတအာရုံကို ယူ။ နိရောဓအာရုံကို ယူ။ နိဗ္ဗာန်ကို အရှုခံထားရမည်"** ဟူသော ဟောပြောချက်ရေးသားချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သည့် သာသနာဖျက် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၇။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"၃၁-ဘုံကို အာရုံပြုရင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဖြစ်တယ်"** ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၃၈။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"ခင်ဗျားတို့က အကျိုးခန္ဓာငါးပါးဖြစ်တဲ့ ပဉ္စက္ခန္ဓာကိုသာ မြင်ကြတာ။ အကြောင်းခန္ဓာဖြစ်တဲ့ ဥပါဒါနက္ခန္ဓာကိုကျတော့ မမြင်ကြဘူး"** ဟူသော ဟောပြောချက်သည် ထေရဝါဒ ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆီလျော်ကိုက်ညီမှု မရှိသောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

(**မှတ်ချက်။** ။ လောကီတရား၊ လောကုတ္တရာတရား အားလုံးကို သာမညအားဖြင့် ပဉ္စက္ခန္ဓာဟုဟောသည်။ လောကီခန္ဓာတို့ကို ဥပါဒါနက္ခန္ဓာဟု ဟောတော်မူသည်။ ဝိပဿနာအရှုခံတရား ဖြစ်သည်။)

၃၉။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"သစ္စာဆိုတာ သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာလို့ နှစ်မျိုးပဲ ရှိတယ်။ သုံးခု**

**ပြောက်သစ္စာကို မရအပ်-လို့ ပြောထားတယ်။ ဘုန်းကြီး ကတော့ ပြောလိုက်ပြီ။ သစ္စာသုံးမျိုးလို့ ပြောလိုက်ပြီ။ မင်္ဂလ သုတ်မှာ အရိယသစ္စာကိုပဲ ပြောတာ။ ပရမတ္ထသစ္စာနဲ့ သမုတိ သစ္စာကို မပြောဘူး။ ဒါကြောင့် သစ္စာသုံးမျိုးရှိတယ်လို့ ပြောလိုက်ပြီ"**ဟူသော ဟောပြောချက်သည် ဘာမှအကျိုးမရှိ၊ ယောဂီအချင်းချင်း အငြင်းပွားဖွယ်-စကားများဖွယ်-လောဘ ဒေါသ မာန်မာနကိလေသာပွားဖွယ်သာ ရှိသည်။ ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်နေသည်။ ထို့ကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၄၀။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"ပရမတ္ထ သစ္စာကို ဝိပဿနာရှုလျှင် မဂ်ဖိုလ်မရ"**ဟူသော ဟောပြော ချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သော ကြောင့် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၄၁။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **"ဥပါဒါ နက္ခန္ဓာ ငါးပါးကို ရှုမှတ်လျှင် တဏှာမာနဒိဋ္ဌိ ဖြစ်တယ်"** ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူ ကြပါသည်။

၄၂။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **“အတွင်းအာရုံဖြစ်တဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်-ကိုရှုမှတ်ရင် အတ္တကိလမထာနုယောဂပဲ။ အပြင်အာရုံ ဖြစ်တဲ့ အဆင်း အသံ အနံ့ အရသာ အတွေ့ ဓမ္မာရုံ-ကိုရှုရင် ကာမသုခလ္လိကာနုယောဂပဲ။ မဇ္ဈိမပဋိပဒါဆိုတာ နောက်ဆုံးသတိကပ်၍ ရှု။ သက္ကာယချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရှုတာဟာ မဇ္ဈိမပဋိပဒါပဲ”** ဟူသော ဟောပြောချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

၄၃။ မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ **“သီလသုတနှင့် ပြည့်စုံသောဓမ္မယောဂီသည် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားကို ပယ်စွန့်ခွာပြီး ရှုမှတ်ပွားများနှလုံးသွင်းရမယ်”** ဟူသော ရေးသားချက်သည် ပါဠိတော် အဋ္ဌကထာ ဋီကာများနှင့် ဆန့်ကျင်သော ရေးသားချက်သာ ဖြစ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြပါသည်။

**(မှတ်ချက်။** ။ သက်သေခံဖြစ်သည့် စာအုပ်စာတမ်း၊ ဗွီဒီယိုတိပ်ခွေ၊ ကက်ဆက်တိပ်ခွေများစာရင်းကို မတွေ့ရပါ။)

---

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့အမှတ် (၁၆) ၏ ဆုံးဖြတ်ချက်

# မြစ်ကြီးနား ဝိစိတ္တသာရဝါဒ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆)သည် မြစ်ကြီးနားဝိစိတ္တသာရဝါဒကို ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈-ရက် (၁၇-၂-၂၀၀၉)နေ့တွင် အစမ္မဝါဒအဖြစ် ဆုံးဖြတ်ချက် ချမှတ်တော်မူသည်။

### စောဒကပုဂ္ဂိုလ်များ

၁။ **ဘဒ္ဒန္တမဏ္ဍလာစာရ**
ရတနာမာရ်အောင်ကျောင်းတိုက်၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်

၂။ **ဘဒ္ဒန္တနာရဒ**
ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဟိုပင်မြို့၊ ကချင်ပြည်နယ်

၃။ **ဘဒ္ဒန္တက္ကန္ဒာစရိယာဘိဝံသ**
သာသနပါရဂူစာသင်တိုက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

### စုဒိတကပုဂ္ဂိုလ်

၁။ **ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ**
ကျောင်းတိုင်ဘုန်းကြီးသင်တန်းကျောင်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

International Dhammacakka Foundation

## (၁၄၂) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

### နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော်များ

၁။ **ဘဒ္ဒန္တကုမာရာဘိဝံသ** သဘာပတိ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊
ဓမ္မာစရိယ၊ သိရောမဏိ ဝဋ္ဋံသကာ
ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးတိုင်း

၂။ **ဘဒ္ဒန္တသြဒါတသိရီဘိဝံသ** အဖွဲ့ဝင်

အဂ္ဂမဟာပဏ္ဍိတ
အဝေရာရာမရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၃။ **ဘဒ္ဒန္တအဂ္ဂဓမ္မ** အဖွဲ့ဝင်

အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ
ဓမ္မရောင်ခြည်ကျောင်းတိုက်
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၄။ **ဘဒ္ဒန္တစန္ဒိမာဘိဝံသ** အဖွဲ့ဝင်

အဂ္ဂမဟာပဏ္ဍိတ
မင်းကျောင်းပထမပြန်စာသင်တိုက်
သန်လျင်မြို့၊ ရန်ကုန်တိုင်း

၅။ **ဘဒ္ဒန္တသုဒ္ဓါစာရာဘိဝံသ** အဖွဲ့ဝင်

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သာသနဇောတာရုံတိုက်၊ အမှတ်(၅)ရပ်ကွက်၊
မတ္တရာမြို့၊ မန္တလေးတိုင်း

## ပေါင်းရုံးသုံးသပ်ချက်

၁။ ဘုရားပယ်သော ဝါဒဖြစ်ခြင်း။

၂။ ဘုရားဟောပါဠိတော်များစွာ၌ အတိတ်ဘဝ, အနာဂတ်ဘဝတွေ များစွာရှိကြောင်း၊ အတိတ်ဘဝက ပြုခဲ့သောကံများနှင့် နောင်အနာဂတ်ဘဝမှာ အကျိုးပေးမည့်ကံများရှိကြောင်း၊ ကံများသည် ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသည့် ကံရှိသကဲ့သို့ နောင်အနာဂတ်ဘဝများ၌ အကျိုးပေးသည့် ကံများလည်းရှိကြောင်း များစွာ ဟောကြားထားပါလျက်-

**ထိုအတိတ်ဘဝ, အနာဂတ်ဘဝနှင့် အတိတ်ကံ, အနာဂတ် အကျိုးပေးမည့်ကံများကို ပစ်ပယ်ခြင်း။**

၃။ နတ်ပြည်, ဗြဟ္မာပြည်နှင့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘုံများရှိကြောင်း ပိဋကတ်သုံးပုံ၌ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောထားသော ဒေသနာတော်များစွာ ရှိပါလျက်-

**နတ်ပြည်, ဗြဟ္မပြည် မရှိ၊ ငရဲ, ပြိတ္တာ, အသုရကာယ် အပါယ်လေးဘုံဟူ၍ သီးခြားမရှိ၊ မိမိ ခန္ဓာကိုယ်ထဲမှာသာရှိသည်ဟု ဟောခြင်း။**

၄။ တိရစ္ဆာန်ဘုံ ထင်ရှားတွေ့နေရပါလျက်-

**တိရစ္ဆာန်ဘုံကို ဒီလူ့ခန္ဓာကိုယ်ထဲမှာ ရှိသည်ဟု ဟောခြင်း။**

၅။ ဓမ္မာစကြာဒေသနာတော်ကို လက်ခံပါသည်ဟု ပြောပါသော်လည်း သမုဒယအရိယသစ္စာ၌ ဟောကြားထားသည့် "ပေါနောဗ္ဘဝိကာ"ဟူသော မြတ်ဗုဒ္ဓစကားကို မသိကျိုးကျွန်ပြု၍-

**နောင်ဘဝမရှိဟု ဟောခြင်း။**

၆။ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကို လက်ခံကြောင်း တဖွဖွ ပြောနေပါသော်လည်း-

**ဝဋ်သုံးပါးလည်ပုံကို မှားယွင်းစွာ ဖော်ပြခြင်း၊**

နောင်ဘဝတွေ များစွာရှိကြောင်း "ဥပါဒါန ပစ္စယာ ဘဝေါ" ဟု ပဋိစ္စသမုပ္ပာဒ်ဒေသနာ အတိအကျ ရှိပါလျက်-

**နောင်ဘဝမရှိဟု ပယ်ခြင်း။**

၇။ မည်သည့်သတ္တဝါကိုမှ မသတ်ရ၊ သတ်ခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဘုရားရှင်က ဟောထားပါလျက်-

**တိရစ္ဆာန်ကိုသတ်လျှင် အပြစ်မရှိဟု ဟောပြောခြင်း။**

၈။ သူတစ်ပါးပိုင်ပစ္စည်းကို သူတစ်ပါးက ကိုယ်နှုတ်ဖြင့် မပေးဘဲ ခိုးယူပါက မည်သူ၏ပစ္စည်းကိုခိုးခိုး အဒိန္နာဒါန အကုသိုလ် ဒုစရိုက်ဖြစ်သည်ဟု ဘုရားရှင်က ဟောထားပါလျက်-

နတ်ပိုင်ပစ္စည်း၊ ရပ်ကွက်ကောင်စီပိုင်ပစ္စည်း၊ မြို့နယ်ကောင်စီပိုင်ပစ္စည်း၊ နိုင်ငံတော်ပိုင်ပစ္စည်းကို ခိုးလျှင် အဒိန္နာဒါန အကုသိုလ်ဒုစရိုက် မဖြစ်ဟုဟောခြင်း။

နိုင်ငံတော်၏ ဥပဒေနှင့်ငြိစွန်းသော သစ်မှောင်ခို၊ ကျောက်စိမ်းမှောင်ခို စသည့်လုပ်ငန်းများကို လုပ်ကောင်းသည်ဟု သူခိုးအားပေးဝါဒကို ဟောပြောခြင်း။

၉။ အချိန်များစွာ, ရက်ပေါင်းများစွာ, လပေါင်းများစွာ, ရာသက်ပန်စောင့်ထိန်းကောင်းသော ရှစ်ပါးသီလကို-

ဘုန်းကြီးအနီးပါး တရားနာနေတုန်းသာ စောင့်ထိန်းကောင်းသောသီလဟု ဟောပြောခြင်း။

၁၀။ **သမ္မာသမာဓိနှင့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတို့၏ သဘောအဓိပ္ပာယ်ကို မှားယွင်းစွာ ဟောပြောခြင်း။**

၁၁။ တိတ္ထိတို့ စွဲယူသည့် အတ္တကို ရည်ရွယ်၍ ပြောဆိုသော "သဿတော လောကော" စသော **အဗျာကတဉာဏ ၁၀-ပါးတို့ကို အမှန်အတိုင်း မဖွင့်ဆိုဘဲ မိမိစွဲယူထားသည့် ပစ္စုပ္ပန်ကမ္မဝါဒနှင့် ကိုက်ညီအောင် မှားယွင်းစွာ ဟောပြော ရေးသားခြင်း။**

၁၃။ ကံကြောင့် သတ္တဝါတွေ ဖြစ်နေကြသည်ဟု ဘုရားရှင်ဟောပါလျက်-

**လူဆိုတာ ကံကြောင့် ဖြစ်တာမဟုတ်၊ လူဆိုတာ မိဘကြောင့်ဖြစ်တာဟု လွဲမှားစွာ ဟောပြောခြင်း။**

၁၄။ ကံအမျိုးမျိုးတို့၏ သဘာဝတို့ကို ဘုရားရှင်များစွာ ဟောထားပါလျက်-

**အတိတ်ကံ, အနာဂတ်အကျိုး ပေးမည့်ကံ မရှိဟု ဟောခြင်း။**

၁၅။ ဓမ္မစာပေတွင်ရော လက်တွေ့ဘဝတွင်ပါ လူဝင်စားများ ထင်ရှားစွာ ရှိနေပါလျက်-

**ထိုလူဝင်စား ဆိုတာမရှိဟု ဟောခြင်း။**

၁၆။ နိဗ္ဗာန်သည် ခန္ဓာကိုယ်ထဲ၌ မရှိ၊ ခန္ဓာမှ အလွတ်ဖြစ်သော ဗဟိဒ္ဓပရမတ္ထတရားဟု ဘုရားရှင်ဟောပါလျက်-

**နိဗ္ဗာန်ကို ခန္ဓာကိုယ်ထဲမှာရှိသည့် အဇ္ဈတ္တတရား၊ ကိုယ်စိုးကိုယ်ပိုင် ဖြစ်သည့် အတ္တတရား (အနတ္တတရား မဟုတ်) ဟု ဟောခြင်း။**

၁၇။ သံယုတ္တပါဠိတော်, အင်္ဂုတ္တရပါဠိတော်တို့၌ လာရှိသော **ရောဟိတဿသုတ်ကို အခြားဗုဒ္ဓါပဒေသတရားတော်တို့နှင့် ညှိနှိုင်းမယူဘဲ လွဲမှားစွာ ယူခြင်း။**

၁၈။ **ရောဟိတဿသုတ်လာ မြတ်ဗုဒ္ဓ၏ "ဣမသ္မိံယေဝ**

ဗျာမ မတွေ့ ကထေ့ဝရေ” စသော စကားကိုယူသော်လည်း ထိုစကားကို နာယူသည့်နတ်သားကိုမူ အသိအမှတ်မပြုဘဲ ဇာတ်မြှုပ်ထားခြင်း။

၁၉။ နောင်ဘဝဆိုတာ မရှိ၍ လူသေရင်ပြီးတာပဲ၊ ဘာဘဝကူးမှု မရှိဘူးဟု ဥစ္ဆေဒဒိဋ္ဌိကို စွဲယူထားခြင်း။

၂၀။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာစသော ရဟန္တာအရှင်မြတ်ကြီးတို့ပင် ပြုလုပ်ခဲ့သော **အမျှဝေခြင်းအလုပ်ကို မိစ္ဆာဒိဋ္ဌိအလုပ်ဟု ဟောခြင်း**။

၂၁။ မိမိပယောဂမပါဘဲ ဈေး၌ရောင်းသော အသားကို ဝယ်စားသူများမှာ ပါဏာတိပါတ အကုသိုလ်ဒုစရိုက် ဖြစ်သည်ဟု မဟုတ်မမှန် ဟောပြောခြင်း။

၂၂။ အာနာပါနကမ္မဋ္ဌာန်းရှုပုံနှင့် စပ်လျဉ်း၍ လွဲမှားစွာ ဟောပြောခြင်း။

၂၃။ တရားဂုဏ်တော် ခြောက်ပါးကို ပစ္စုပ္ပန်ကမ္မဝါဒအမြင်ဖြင့် တင်ပြပြီး မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ် ပသာဒ ငါးမျိုးဖြင့် သိမြင်တွေ့နိုင်မှ တရားဖြစ်သည်။ အတိတ်ဘဝ, အနာဂတ်ဘဝတို့သည် ယခုမျက်မြင် မဟုတ်သောကြောင့်ထို အတိတ်ဘဝ, အနာဂတ်ဘဝနှင့် စပ်လျဉ်း၍ ဟောကြားအပ်သော တရားတော်များသည် တရားမဟုတ်၊ အမေ့တွေသာဟု ပြောကြားခြင်း။

International Dhammacakka Foundation

၂၄။ အဋ္ဌကထာ, ဋီကာတို့နှင့် ဘုရားဟော ပါဠိတော်များစွာကို ပယ်ခြင်း။

၂၅။ အတိတ်ဘဝ, အနာဂတ်ဘဝနှင့် စပ်လျဉ်း၍ ဟောအပ်သောတရားများသည် ဗုဒ္ဓတရားမဟုတ်၊ နိဂဏ္ဌနာဋပုတ္တ ဟောသောတရား, ဟိန္ဒူ ပြာဟ္မဏတို့၏တရားဟု ရှုတ်ချခြင်း။

၂၆။ အဋ္ဌကထာဆရာ, ဋီကာဆရာများကို ဘာမျှမသိသူ၊ မတတ်သူဟု ရှုတ်ချခြင်း။

၂၇။ သမ္မုတိသစ္စာ, ပရမတ္ထသစ္စာ၏ အလွန်လွယ်ကူသော အဓိပ္ပာယ်ကိုပင် အမှန်မသိဘဲ တလွဲတချော် အမှားအယွင်းတွေကိုသာ တင်ပြခြင်း။

၂၈။ ဂေါတမဗုဒ္ဓသည် တစ်ဆူတည်းဖြစ်ပါလျက်-

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သောဘုရားက မိစ္ဆာဒိဋ္ဌိဘုရား၊ ဗောဓိပင်အောက်မှာ ပွင့်တဲ့ဘုရားက သမ္မာသမ္ဗုဒ္ဓဘုရားဟု နှစ်ဆူခွဲယူခြင်း။

၂၉။ ဗုဒ္ဓဂေါတမကိုပင် မိစ္ဆာဒိဋ္ဌိဘုရား၊ အရိယာသစ္စာကို မသိတဲ့ဘုရားဟု ရေးသားခြင်း။

၃၀။ ဗုဒ္ဓဂေါတမက အရိယာသစ္စာကို ဟောပါလျက်

မဟောဟုရေးခြင်း၊ သမ္မုတိသစ္စာ ပရမတ္ထသစ္စာတို့ကို လည်း ဟောပါလျက် မဟောဟုရေးခြင်း။

**၃၁။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီး ဘုရား ဖြစ်သည်ဆိုတဲ့ဘုရား (ဂေါတမဗုဒ္ဓ)ကို မကိုးကွယ် မဆည်းကပ်တော့ပါ။ ထိုဘုရားဟောကြားသည့် အတိတ်ဘဝ, အနာဂတ်ဘဝနှင့်ဆိုင်ရာ, ကံနှင့်ဆိုင်ရာ တရားတော်များကိုလည်း မဆည်းကပ်တော့ပါ (ပယ်စွန့်ပါသည်)ဟု ရေးခြင်း။**

ဤသို့သော ဟောပြောချက်, ရေးသားချက်တို့သည် ဘုရားဟောဖော် ပါဠိတော်များနှင့်လည်းကောင်း၊ ထေရဝါဒ ပိဋကတ်ဝင် အဋ္ဌကထာ, ဋီကာများနှင့်လည်းကောင်း ဆန့်ကျင်နေသည်ကို တွေ့ရပေသည်။


## အဓမ္မဝါဒဟုဆုံးဖြတ်ချက်

ထို့ကြောင့် စောဒကဆရာတော် ၃-ပါးတို့က အမှတ်(၁) စောဒနာမှ အမှတ်(၂၀)စောဒနာအထိ တင်ပြထားသော ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ကျောင်းထိုင်ဘုန်ကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် (ယခုအခါ ထိုကျောင်းအုပ်ရာထူးမှ ဖယ်ရှားပြီးဖြစ်သော) ဓမ္မာစရိယငါးဘွဲ့ရ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ဟောပြောချက် ရေးသားချက်များနှင့်

**စုဒိတက ဦးဝိစိတ္တသာရာဘိဝံသ တင်သွင်းသော သောဓနာလွှာတွင် ပါရှိသည့် ရေးသားချက်များသည် သံဂါယနာခြောက်တန်တင် ထေရဝါဒ ပိဋကတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒများ ဖြစ်ကြသည်ဟုလည်းကောင်း၊**

ထိုဝါဒကို ဟောပြောသူ လက်ခံသူ ဖြန့်ဝေသူတို့သည် အဓမ္မဝါဒီများ ဖြစ်ကြသည်ဟူ၍လည်းကောင်း၊

ထိုဝါဒများကို အသံသွင်းထား ပုံနှိပ်ထား ရေးသားထား, မှတ်တမ်းတင်ထားသော အရာဝတ္ထုတို့သည် အဓမ္မဝတ္ထုများ ဖြစ်ကြသည်ဟုလည်းကောင်း ဝိနည်းဓိုရ်ဆရာတော်များက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။



International Dhammacakka Foundation

## နောက်ဆက်တွဲ ဝိနိစ္ဆယ အကြောင်းအရာများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ အမှတ်(၅၀)

## ဆူးလေဦးမြင့်သိန်းဝါဒ

ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများသည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် စိစစ်ဆုံးဖြတ်သင့်သောတရားများဖြစ်သော်လည်း စုဒိတကပုဂ္ဂိုလ်များမရှိတော့သဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က **ညွှန်ကြားလွှာအမှတ်(၅၀)**ဖြင့် မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားကာ အဓမ္မဝါဒ မပြန့်ပွားရေးအတွက် ညွှန်ကြားဆောင်ရွက်ခဲ့သည်။ ၁၉၈၃-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂-ရက်နေ့စွဲဖြင့် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ထိုညွှန်ကြားလွှာတွင် မြို့နယ်သံဃနာယကအဖွဲ့များက ဆောင်ရွက်ရမည့်အစီအရင်ကို ဖော်ပြထားသော်လည်း ဓမ္မ အဓမ္မဖြစ်သည့်အချက်များကို ထည့်သွင်းဖော်ပြထားသည်ကို မတွေ့ရပေ။

## (၁၅၂) နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့များ

ညွှန်ကြားလွှာအပိုဒ်(၂) (ဃ)တွင်မူ ကျိုက္ကစံထေရဝါဒ သာသနရက္ခိတသံဃာ့အဖွဲ့ချုပ်ဆိုင်းဘုတ်နှင့် ဆိုင်ရာအဖွဲ့ခွဲ ဆိုင်းဘုတ်များမှ ထေရဝါဒဟူသော ဝေါဟာရကို ဖြုတ်ပယ်ရမည့် အချက်ကို တွေ့ရသည်။

ထို့ကြောင့် သာမန်အားဖြင့် ဆူးလေဦးမြင့်သိန်း၏ အဓမ္မဝါဒကို သိရှိရန် ခက်ခဲနိုင်သည်။ ဖော်ထုတ် တင်ပြသူရှိမှသာ သိနိုင်ပေလိမ့်မည်။

**(ယခုအခါ ဆူးလေဦးမြင့်သိန်း၏ အဓမ္မဝါဒကို ပြန်လည် ဖော်ထုတ် ပေါ်ထွက်လာသည်မှာ ထေရဝါဒ ဓမ္မစေတီဆရာတော် ဦးကောသလ္လ ဖြစ်သည်။)**

**မှတ်ချက်။** ။ နိုင်ငံတော်သီးခြားဝိနည်းမှုခိုရ်အဖွဲ့က ဆုံးဖြတ်ပေးသော ဆုံးဖြတ်ချက်မျိုးရှိပါက ပိုမိုပြီးထိရောက်စွာ ကာကွယ်နိုင်ကြပေလိမ့်မည်။

အရှင်ကုန္ဒာစရိယာဘိဝံသက "ဝိဘဇ္ဇဝါဒ ဝိပဿနာကျမ်း ကို ဒေသနာတော်အရ ခွဲခြမ်းစိတ်ဖြာခြင်း"ဆောင်းပါး ၁၆-ပုဒ်၊ ဝိဘဇ္ဇဝါဒီက "ဒဿနသမ္ပဒါ၏လာရာနှင့်လားရာ" ဆောင်းပါး ၁၉-ပုဒ်တို့ဖြင့် ထုတ်ဖော်တင်ပြထားပြီး ဖြစ်ကြောင်း သိရပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ အမှတ်(၅၂)

# ဦးမြတ်သိန်းထွန်းဝါဒ

ဦးမြတ်သိန်းထွန်း၏ဝါဒနှင့်ပတ်သက်၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးရန် မလို။ လက်ပံတန်းမြို့နယ်သံဃနာယကအဖွဲ့၏ ဆုံးဖြတ်ချက်များအတိုင်း အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဆုံးဖြတ်၍ ယင်းဝါဒ မပြန့်ပွားရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ များသို့ ၂၅-၅-၈၃ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၅၂-ဖြင့် ညွှန်ကြားခဲ့သည်။

ညွှန်ကြားလွှာတွင် အရေးယူဆောင်ရွက်ပုံသာ ပါရှိပြီး မြို့နယ်သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဖော်ပြထားခြင်း မရှိပေ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာ အမှတ်(၃၇)

## ဉာဏာစာဂီ ဝါဒ

ဉာဏာစာဂီဆရာတော်၏ဝါဒကို နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ဖြင့် စစ်ဆေးခြင်းမပြုဘဲ ညွှန်ကြားလွှာထုတ်ပြန်ခဲ့သောစာရင်းတွင် ဖော်ပြလိုက်ပါသည်။

ညွှန်ကြားလွှာ ၃၇-တွင်-

ဉာဏာစာဂီဆရာတော်သည် ၁၃၁၅-ခုနှစ်မတိုင်မီ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၌ သီတင်းသုံး နေထိုင်စဉ်က ဟောပြောရေးသားခဲ့သော ဟောပြောချက်များ၊ စာအုပ်များ၊ စာတမ်းများနှင့်ပတ်သက်၍ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော် အမှူးရှိသော နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးငါးပါးတို့က ဆုံးဖြတ်ခဲ့သည့်အတိုင်း ၁၂-၁-၈၂ နေ့လယ် ၁-နာရီအချိန်တွင် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသော အဓမ္မဝါဒစွန့်လွှတ်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များရှေ့မှောက်၌ ဉာဏာစာဂီဆရာတော်က အောက်ပါအတိုင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးခဲ့သည်။

(က) အဓမ္မဝါဒများကို စွန့်လွှတ်ပါကြောင်း။

(ခ) နောင်အနာဂတ်ကာလ၌လည်း ယင်းအဓမ္မဝါဒ

များကိုဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိပ်ခွေဖွင့်ခြင်း စသည်အမှုတို့ကို မိမိကိုယ်တိုင်လည်း ပြုလုပ်မည် မဟုတ်သည့်အပြင် တပည့်ဒါယကာ ဒါယိကာမတို့အားလည်း မပြုလုပ်ကြစေရန် တားမြစ်ဆုံးမသြဝါဒပေးမည်ဖြစ်ကြောင်း။

(ဂ) မိမိ၏ဝါဒဆိုင်ရာ စာအုပ်စာတမ်းများ၊ တိပ်ခွေများ၊ အထိမ်းအမှတ် စသည်များကိုပါ ဖျက်ဆီးခြင်း၊ အပ်နှံခြင်းကို ပြုလုပ်မည် ဖြစ်ပါကြောင်း။

(ဃ) ဥက္ကာစာဂီအမည်ဆိုင်းဘုတ်ဖြုတ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အယူခံတင်ထားပြီးဖြစ်ပါသဖြင့် လာမည့် ၄၅-ပါးစုံညီ သတ္တမအစည်း အဝေးဆုံးဖြတ်ချက်အတိုင်း လိုက်နာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

(င) ယင်းဝန်ခံကတိပြုလွှာကို မြို့နယ်သံဃနာယကအဖွဲ့သို့ ပေးပို့ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

## မှတ်ချက်

(၁) ဥက္ကာစာဂီအမည် ဆိုင်းဘုတ်ကို ဖြုတ်၍ တေဇစက္ကဲ ဟူသော အမည်ဆိုင်းဘုတ်တင်ခဲ့သည်။

(၂) ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ဖော်ပြမထားသဖြင့် မသိရသည့်အပြင် အခမ္မဝါဒပစ္စည်းများ ဖြစ်သည့် စာအုပ်စာတမ်းအမည်များကိုလည်း ဖော်ပြမထားပေ။

## အခမ္မဝါဒနှင့် အခမ္မဝါဒီ

အလှူတကာ့အလှူတွင်
သမ္မာဒိဋ္ဌိတရားတော်များကို ပြန့်ပွားစေသော
ဓမ္မဒါနအလှူသည် အမြတ်ဆုံးဖြစ်သည်။
အကုသိုလ်အပြစ်များတွင်
အကြီးမားဆုံးမှာ
အခမ္မဝါဒကို လက်ခံ ကျင့်သုံး စွဲလမ်းသော
အခမ္မဝါဒီ မိစ္ဆာဒိဋ္ဌိဘဝသို့
ရောက်ရှိနေခြင်းပင် ဖြစ်သည်။
သတိပြုရန်အချက်တစ်ခုမှာ ...
တချို့ အခမ္မဝါဒ အယူအဆများမှာ
အလွန်သိမ်မွေ့လွန်းသဖြင့်
ဘုရားဟောတရားအစစ်ဟုပင်
ထင်မှတ်မှားတတ်ကြသည်။

အခမ္မဝါဒများကို ရှုမြင်ဆင်ခြင်ခြင်းစာတမ်းမှ . . .

# နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၉)
# ဝိနည်းမိုရ် ဆရာတော်များ၏
# ဝိနိစ္ဆယချမှတ်ချက်

## (၁၉၈၃–ခုနှစ်က မိုးပြာဂိုဏ်းအမှုဟောင်း)

၁။ ဤဆိုခဲ့ပြီးသော ၅၀–သောအကြောင်းများကြောင့်–

"လျှောက်ထားပါသည်ဘုရား စစ်ကိုင်းတိုင်း လက်ထောက် သာသနာရေးမှူး ဦးစိုးမြင့်နှင့် စစ်ကိုင်းမြို့နယ် မင်းကွန်းရွာ ရွှေမြင်တင်တောင် တပည့်တော်ရှင်ဉာဏ၊ ရှင်ဂုဏတို့၏ နိုင်ငံတော်သံဃမဟာ နာယကထံ သာသနာတော်ရေး လျှောက်ထားတောင်းဆိုလွှာ၌ ဖြစ်ပွားသော ဝိနည်းခမ္မကံမှုခင်းအမှတ်(၂/၈၂)ကို စစ်ကိုင်းတိုင်း သံဃနာယကအဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဝိနိစ္ဆယအဖွဲ့က ၁၃၄၃–ခု၊ နှောင်းတန်ခူးလဆန်း ၆–ရက်နေ့က အဆုံးအဖြတ်ပြုမှားများကို ဖယ်ရှား၍ ဆုံးဖြတ်ပေးပါရန်"

ဟူသော နိုင်ငံတော်သံဃမဟာနာယကထံ ၁၃၄၄-ခု၊ ကဆုန်လဆန်း ၂–ရက် (၂၄-၄–၈၂)နေ့စွဲပါ အယူခံ စာ၁နာ

ဝင်လွှာကို အထောက်အထား အကြောင်းပြချက်များဖြစ်သော (က–ခ–ဂ–ဃ–င–စ–ဆ) တို့နှင့်တကွ ပယ်ဖျက်ပလပ်တော်မူကြ၍––

ရှင်ဉာဏ(က–၁) အယူခံစောဒနာဝင် စောဒက၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ ရွှေမြင်တင်တောင်နှင့် ရှင်ဂုဏဝန္တ (က–၂) အယူခံ စောဒနာဝင်စောဒက၊ ဝက်လက်မြို့နယ်၊ ယင်းမာတောရွာ၊ အနုပါဒါယဉ်ကျေးမှုကျောင်း **နှစ်ပါးစလုံးပင် စတုတ္ထပါရာဇိကအာပတ် သင့်ရောက်ကြသည်ဟု စစ်ကိုင်းမြို့နယ်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၁)** ဝိနယဓရဆရာတော်များက တညီတညွတ်တည်း သဘောတူ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ဆုံးဖြတ်ချက် ချမှတ်ပေးလိုက်ကြသည် ဟူသော ဆုံးဖြတ်ချက်သည် ဓမ္မဝိနယနှင့် ညီညွတ်သည်ကို တွေ့ရှိရသောကြောင့်

**စစ်ကိုင်းတိုင်းသံဃဝိနိစ္ဆယအဖွဲ့အမှတ်(၂) ဝိနယဓရဆရာတော်များကလည်း အဆိုပါ ရှင်ဉာဏ၊ ရှင်ဂုဏဝန္တနှစ်ပါးတို့အား စတုတ္ထပါရာဇိက သင့်ရောက်ကြသည်ဟု** တညီတညွတ်တည်း သဘောတူ ကိုယ်တိုင်လက်မှတ် ရေးထိုးတော်မူကြလျက်

မြို့နယ်ဝိနိစ္ဆယအဖွဲ့(၁)၏ အမိန့်အတိုင်းတည်စေရန် ဆုံးဖြတ်ချက် ချမှတ်တော်မူသည်ဟူသော ဆုံးဖြတ်ချက်များသည် ထေရဝါဒသာသနာတော်၌လာသော ဓမ္မဝိနယနှင့် မသွေမဖည် ညီညွတ်ကြသည် ဖြစ်သောကြောင့်

**နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၉) ဝိနယဓရ**

**ဆရာတော်များကလည်း အဆိုပါ ရှင်ဉာဏနှင့်ရှင်ဂုဏဝန္တ နှစ်ပါးတို့အား စတုတ္ထပါရာဇိက သင့်ရောက်ကြသည်ဟု** တညီတညွတ်တည်း သဘောတူညီစွာ ကိုယ်တိုင်လက်မှတ်ရေးထိုး၍

စစ်ကိုင်းမြို့နယ် ဝိနိစ္ဆယအဖွဲ့(၁)၏ အမိန့်အတိုင်းပင် တည်စေရန် ထပ်ဆင့်၍ ဆုံးဖြတ်ချက် ချမှတ်တော်မူကြသည်။

၂။ ရှင်ဉာဏနှင့်ရှင်ဂုဏဝန္တတို့ ရေးသားထားသော သာသနာတော်လျှောက်ထားတောင်းဆိုလွှာနှင့် ဓမ္မပူဇာစာအုပ်ငယ်များသည်

**မြတ်စွာဘုရား ဟောထားတော်မူသည့်အတိုင်း မထေရ်အဆက်ဆက်တို့ ဆောင်ယူခဲ့သည်ဖြစ်၍ မပျက်မစီးခဲ့သော ထေရဝါဒ သာသနာတော်လာ ဓမ္မဝိနယများနှင့်ဆန့်ကျင်ဘက်ပြု၍ ရေးသားထားသောကြောင့်လည်းကောင်း၊**

ထို့ပြင် ထေရဝါဒသာသနာတော်ကို (မပျက်မစီးအောင် ထမ်းဆောင်ခဲ့၍ ထိုသာသနာတော်ကို) မသိရှိသေးသော ပုဂ္ဂိုလ်များ သိရှိစေရန် အကျယ်ရေးသားဖွင့်ပြထားကြသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာနှင့် မိလိန္ဒပဉှာပါဋ္ဌိများကို သာသနာရေးလျှောက်ထားတောင်းဆိုလွှာ (၁၇)၌ ဝိသုဒ္ဓိမဂ်ဘယ်လဲ၊ မိလိန္ဒပဉှာဘယ်လဲဟူသော အမည်တပ်၍ ရေးသားထားသောစာအုပ်များနှင့်

လယ်တီဆရာတော်ဘုရားကြီး ထေရဝါဒသာသနာတော်နှင့်ညီစွာ အကျယ်ရေးသားထားသော နိဗ္ဗာနဒီပနီကျမ်းကို ၎င်းတို့

၏ ဘဝမရှိဟူသောအယူနှင့် ဆန့်ကျင်နေသဖြင့် **နိဗ္ဗာနဒီပနီ ဘယ်လဲဟု** အမည်တပ်၍ ရေးသားထားသောစာအုပ်များနှင့် တိပ်ခွေများသည်

**မသိ နားပါးမလည်သေးသော ပုဂ္ဂိုလ်များကို ဘဝ မရှိဟူသော အမြင်မှား အယူမှားသို့ ရောက်အောင် ပို့ဆောင် နေသော စာအုပ်များ၊ တိပ်ခွေများဟု** ဝိနည်းဓိုရ်ဆရာတော် များက ယူဆကြသဖြင့်

ထိုစာအုပ်များနှင့် တိပ်ခွေများ ဟောပြောဖြန့်ချိခွင့်ကို တားမြစ်ကြောင်း တညီတညွတ်တည်းဆုံးဖြတ်တော်မူကြပါသည်။

**(၎င်းဝိနိစ္ဆယကျမ်းစာအုပ်၊ စာမျက်နှာ ၁၊ ၇၃-၇၄)**

## နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့အမှတ်(၉)

## ဝိနည်းဓိုရ်ဆရာတော်များ

၁။ **ဆရာတော်ဦးကေလာသာဘိဝံသ** **သဘာပတိ**

သကျသီဟနှင့်အစိုးရဓမ္မာစရိယ သိက္ခာ (၄၃)

သမ္မတစာချကျောင်း၊ မြတောင်တိုက်၊ မန္တလေးမြို့

၂။ **ဆရာတော်ဦးဉာဏ** **အဖွဲ့ဝင်**

ပါဠိပါရဂူ၊ အစိုးရဓမ္မာစရိယ၊ သိက္ခာ (၄၃)

စည်သာကျောင်း၊ မိုးထိတိုက်၊ မန္တလေးမြို့

၃။ **ဆရာတော်ဦးကုဏ္ဍလ** အဖွဲ့ဝင်

အစိုးရဓမ္မာစရိယ၊ ဘီ–အေ၊ သိက္ခာ (၄၃)

အလယ်တိုက်ကြီး၊ ဆင်တဲတိုက်၊ မန္တလေးမြို့

၄။ **ဆရာတော်ဦးသံဝရ** အဖွဲ့ဝင်

သက်္ကျသီဟမူလဓမ္မာစရိယနှင့် အစိုးရဓမ္မာစရိယ

သိမ်ကျောင်း၊ တောင်ထီးလင်းတိုက်၊ မန္တလေးမြို့

၅။ **ဆရာတော်ဦးကုသလ** အဖွဲ့ဝင်

အစိုးရဓမ္မာစရိယ၊ သိက္ခာ (၄၀)

အောင်မင်္ဂလာကျောင်း၊ မာရ်အောင်တိုက်၊ မန္တလေးမြို့

နေ့စွဲ။ ။ ၁၃၄၄–ခုနှစ်၊ ပြာသိုလ်လဆုတ် ( ) ရက်

၁၉၈၃–ခုနှစ်၊ ဖေဖေါ်ဝါရီလ ( ) ရက်

---

အဓမ္မဝါဒဝိနိစ္ဆယကျမ်း (အကျဉ်းချုပ်)

ပြုစုတင်ပြသူ

ဦးညွန့်မောင်(ဓမ္မာစရိယ၊ ဘီအေ၊ အာရ်အယ်လ်)

သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူး(ငြိမ်း)

International Dhammacakka Foundation

## အဓမ္မဝါဒ ဝိနိစ္ဆယဆိုင်ရာ ညွှန်ကြားလွှာများ

၁။ ၂၃ (၂၂-၅-၈၁) ကျောက်သဘော်ဝါဒကို စွန့်လွှတ်ပြီးဖြစ်သော ရဟန်းသံဃာတော်များအား ဆိုင်ရာသံဃနာယကအဖွဲ့အစည်းများ၌ ထည့်သွင်းဖွဲ့စည်းရေး (အကျယ်-၈၅-၈၇)

၂။ ၃၅ (၇-၁-၈၂) လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒနှင့် ရွှေအဘိဓမ္မာဝါဒတို့ကို စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးခြင်း (အကျယ်-၁၂၂-၁၂၅)

(၎င်းဝါဒီပုဂ္ဂိုလ်များစာရင်းအကျယ်-၁၂၆-၁၂၉)

၃။ ၃၇ (၆-၂-၈၂) ဉာဏစာဂီဆရာတော် အဓမ္မဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးခြင်း (အကျယ်-၁၃၂-၁၃၄)

၄။ ၄၀ (၂၂-၅-၈၂) ကြောင်ပန်းတောရဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးခြင်း (အကျယ်-၁၃၉-၁၄၀)

(၎င်းဝါဒီပုဂ္ဂိုလ်များစာရင်းအကျယ်-၁၄၁-၁၄၂)

၅။ ၄၆ (၂၉-၁၁-၈၂) ကျောက်ပုံတောရဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးခြင်း (အကျယ်-၁၇၅-၁၇၈)

(၎င်းဝါဒီပုဂ္ဂိုလ်များစာရင်းအကျယ်-၁၇၉-၁၈၅)

၆။ ၅၀ (၂၂-၂-၈၃) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံတရားဓမ္မများနှင့်ပတ်သက်၍ညွှန်ကြားခြင်း
(အကျယ်-၁၉၆-၁၉၉)

၇။ ၅၂ (၂၅-၅-၈၃) ဦးမြတ်သိန်းထွန်း၏ တရားဓမ္မများနှင့် ပတ်သက်၍ညွှန်ကြားခြင်း (အကျယ်-၂၀၅-၂၀၇)

၈။ ၅၃ (၂၇-၅-၈၃) ရေတာရှည်ဦးမာလာဝရဝါဒ စွန့်လွှတ် ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးစေရေး
(အကျယ်-၂၀၈-၂၁၀)

၉။ ၅၄ (၂၈-၇-၈၃) မိုးညိုဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း (အကျယ်-၂၁၀-၂၁၃)

၁၀။ ၅၅ (၂၈-၇-၈၃) ဓမ္မနီတိဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း (အကျယ်-၂၁၃-၂၁၅)

၁၁။ ၇၀(၇-၁-၈၆) ထွန်တုံးလက်ကျန်ဦးထင်၏ဝါဒကို စွန့်လွှတ်ကြောင်းပဋိညာဉ်ပြုလက်မှတ်ရေးထိုးခြင်း
(အကျယ်-၂၆၁-၂၆၃)
(၎င်းဝါဒီပုဂ္ဂိုလ်များစာရင်းအကျယ်-၂၆၄-၂၇၈)

၁၂။ ၇၆ (၂၇-၂-၈၈) ကွဲတေးမြို့နယ် ဦးပုညာစာရ သိမ်သမုတ်ခြင်းဆိုင်ရာဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်ကိစ္စ

## ၁၆၄ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

(အကျယ်-၃၀၁-၃၀၄)

၁၃။ ၇၈ (၁၂-၇-၈၉) မော်လမြိုင်မြို့ ရွှေဝါမြိုင်ကျောင်း နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာ ဝိနည်းဓိုရ် အဖွဲ့အမှတ်(၁၀)၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်ကိစ္စ (အကျယ်-၃၁၅-၃၁၇)

၁၄။ ၈၆ (၂၅-၃-၉၈) စမ်းကလေးဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရေးကိစ္စ (အကျယ်-၃၄၃-၃၄၅)

၁၅။ ၉၄ (၉-၁၁-၀၉) ညွှန်ကြားလွှာ

(အကျယ်-၃၇၂-၃၇၇?)

၁၆။

၁၇။

၁၈။

၁၉။

## အဓမ္မဝါဒနှင့် စပ်လျဉ်း၍ ညွှန်ကြားလွှာ (နမူနာ)

### ညွှန်ကြားလွှာအမှတ် (၅၀)

### ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခြင်း။

(၂၂၊ ၂၊ ၈၃) (၁၀၊ ၁၁၊ ၄၄)

၁။ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများသည် ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများ အခန်း(၇) အပိုဒ်(၅၇) အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် စိစစ်၍ ဆုံးဖြတ်ပေးသင့်သော တရားဓမ္မများ ဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် စုဒိတကများ မရှိတော့၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဖြင့် မစိစစ်တော့ဘဲ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၁၃) အပိုဒ်(၈၉)နှင့် သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၁၆) အပိုဒ် (၁၃၁)၊ (ဆ) (ဈ) (ည) (ဋ)တို့အရ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများကို ပထမအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ ဒသမအစည်းအဝေးက ဆွေးနွေးစိစစ်၍ အဓမ္မဝါဒ၊ အဝိနယဝါဒများအဖြစ် ဆုံးဖြတ်

သတ်မှတ်ပြီး ယင်းအဓမ္မဝါဒများကို နိုင်ငံတစ်ဝန်းလုံး၌ တားမြစ်ပိတ်ပင်စေရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့များသို့ ညွှန်ကြားရန်နှင့် ထေရဝါဒဟူသောအမည်ကို ဖျက်ပယ်စေရန် ဆုံးဖြတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ မြို့နယ်သံဃနာယကအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း၌ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံတရားဓမ္မများကို ဟောပြောခွင့်၊ ဖြန့်ချိခွင့် မပြုကြရန်နှင့် ထိုတရားဓမ္မများ၌ သက်ဝင် ယုံကြည်ကြသော ရဟန်း၊ သာမဏေများနှင့် လူပုဂ္ဂိုလ်များရှိပါက ထိုပုဂ္ဂိုလ်များကို မြို့နယ်သံဃနာယကအဖွဲ့တည်ရာဌာနသို့ ပင့်ဆောင်ခေါ်ယူ၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။ -----

(က) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မတို့ကို အဓမ္မဝါဒ၊ အဝိနယဝါဒအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၅-ပါးစုံညီ ဒသမအစည်းအဝေးက ဆုံးဖြတ်ထားသည့်အတိုင်း လိုက်နာ၍ ထိုဝါဒကိုစွန့်လွှတ်ပါကြောင်း၊

(ခ) ယခုအချိန်မှစ၍ နောင်အနာဂတ်ကာလ၌လည်း ထိုအဓမ္မဝါဒ၊ အဝိနယဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိပ်ခွေဖွင့်ခြင်း၊ သင်တန်းပေးခြင်း-စသည်တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည်မဟုတ်သည့်အပြင် မိမိတို့နှင့် ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည် မဟုတ်ပါကြောင်း၊

(ဂ) ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မ

ဆိုင်ရာ စာအုပ်စာတမ်းများ၊ တိပ်ခွေများ၊ အထိမ်းအမှတ်များ-စသည်တို့ကို မိမိတို့ဆိုင်ရာ သံဃနာယကအဖွဲ့သို့ အပ်နှံမည်ဖြစ်ပါကြောင်း၊

(ဃ) ကျိုက္ကစံထေရဝါဒ သာသနရက္ခိတသံဃာ့အဖွဲ့ချုပ်ဆိုင်းဘုတ်နှင့် ဆိုင်ရာအဖွဲ့ခွဲဆိုင်းဘုတ်များမှ ထေရဝါဒဟူသောဝေါဟာရကို ဖြုတ်ပယ်မည်ဖြစ်ပါကြောင်း၊

(င) ထိုဝါဒနှင့်ပတ်သက်၍ ဖွဲ့စည်းခဲ့သော အသင်းအဖွဲ့များရှိပါက ထိုအသင်းအဖွဲ့များကို ဖျက်သိမ်းကြမည် ဖြစ်ပါကြောင်း၊

**မှတ်ချက်**။ ။(၁) အထက်ပါအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဆိုင်ရာ အဓမ္မဝါဒီ၊ အဝိနယဝါဒီပုဂ္ဂိုလ်များအား မြို့နယ်သံဃနာယကအဖွဲ့ရှေ့မှောက်၌ ကိုယ်တိုင်ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရမည် ဖြစ်ပါသည်။

အကယ်၍ထိုဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်း သက်သေခံအထောက်အထားအရ မထင်ရှား၍ "မိမိတို့သည် ထိုဝါဒ၌ သက်ဝင်ယုံကြည်သူများ မဟုတ်ကြပါ" ဟု ငြင်းဆိုနေပါက ထိုဝါဒ၌ သက်ဝင်ယုံကြည်သူ မဟုတ်ကြောင်း လက်မှတ်ရေးထိုးစေရမည် ဖြစ်ပါသည်။

သို့သော် မူလကပင် ဆူးလေဦးမြင့်သိန်းဝါဒ၌ သက်ဝင်ယုံကြည်သူအဖြစ် စာရွက်စာတမ်းသက်သေခံ အထောက်အထားအရ ထင်ရှားပါလျက် လက်မှတ်ထိုးရမည်ကို ကြောက်၍ ယခုမှငြင်းဆိုသူများကိုမူ ဤညွှန်ကြားချက်အတိုင်း လက်မှတ်ထိုးစေရ

မည်သာ ဖြစ်ပါသည်။

(၂) ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီနှင့်ညှိနှိုင်း၍ ဆောင်ရွက်ရန် ဖြစ်ပါ သည်။

၃။ မိမိတို့မြို့နယ်အတွင်းတွင် ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒအမည်ခံ တရားဓမ္မများ၌ သက်ဝင်ယုံကြည်ကြသော ရဟန်းရှင်လူတို့ ရှိကြသဖြင့် ဤညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးဖြစ်ကြောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားပြီး မိမိတို့ဆိုင်ရာ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့သို့ မိတ္တူပေးပို့ရန် ထပ်မံညွှန်ကြားလိုက်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တကုဏ္ဍလာစာရ | ဘဒ္ဒန္တတေဇောဘာသာဘိဝံသ |
| (အဘိဓဇမဟာရဋ္ဌဂုရု) | တွဲဖက်အကျိုးတော်ဆောင် |
| ဥက္ကဋ္ဌဆရာတော် | ဆရာတော် |

---

အစမ္ပဝါဒ ဝိနိစ္ဆယကျမ်း ၁၆၉

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# မဟာနာယကကျောင်းဆောင်တော်ကြီး
# ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့


တယ်လီဖုန်း- ဥက္ကဋ္ဌဆရာတော် ၆၅၁၀၀၇
ဝိနိစ္ဆယအဖွဲ့ငယ်- ၆၆၁၀၀၅
ဒုဥက္ကဋ္ဌဆရာတော်- ၆၆၁၀၀၆၊ ၆၆၁၇၄၆
သာသနာရေးရာအဖွဲ့ငယ်- ၆၆၀၇၉၉
အကျိုးတော်ဆောင်ဆရာတော်- ၆၅၁၀၀၀
ပညာရေးရာအဖွဲ့ငယ်- ၆၆၀၇၆၆၊ ၆၆၄၄၆၅
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်- ၆၆၀၀၀၄၊ ၆၆၄၁၅၇


စာအမှတ် ၁၈၆/ (နိုင်-သီးခြား) ၁၂/၁/ဝိ-မဟန
ရက်စွဲ၊ ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်
၂၀၁၀-ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်

ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်
ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့ (ဂိုဏ်းစုံ) အားလုံး
.................. ပြည်နယ်/တိုင်း
.................. မြို့နယ်

အကြောင်းအရာ။ ။ <u>ဆုံးဖြတ်ပြီးသော အစမ္ပဝါဒများ</u>

# ( ၁၇၀ ) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

<u>အား ဟောကြားရေးသားဖြန့်ဝေနေမှုကို တားမြစ်ရန်ကိစ္စ။</u>

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၁၅-၂-၂၀၁၀ နေ့ ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(၄၇)ပါးစုံညီ ဒသမအစည်းအဝေးက ဖော်ပြပါ အတိုင်း ဆုံးဖြတ်ခဲ့ပါသည်ဘုရား-

**<u>ဆုံးဖြတ်ချက်</u>**

ဆုံးဖြတ်ပြီးသော အဓမ္မဝါဒများအား ဟောကြားရေးသားဖြန့်ဝေနေမှု တားမြစ်ပေးရန်ကိစ္စ တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ -

(က) ဆုံးဖြတ်အပ်ပြီးသော အဓမ္မဝါဒစာရင်းကို အဓမ္မဝါဒအဖြစ် တစ်သာသနာလုံးသိရှိနိုင်ရန် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က တောရွာမြို့ပါ ဖြန့်ဝေအသိပေးရန်၊

(ခ) အဓမ္မဝါဒရှင်များ၏ ဟောပြောခွင့်၊ ရေးသားဖြန့်ဝေခွင့် အားလုံးတို့ကို လုံးဝပိတ်ပင်ရန်၊

(ဂ) သာသနာတော်ကြီးတစ်ရပ်လုံး၏ ဘေးရန်ကြီးဖြစ်သော အဓမ္မဝါဒများ မပြန့်ပွားအောင် အရေးတယူ တားမြစ်ပိတ်ပင်ရေး နိုင်ငံတော်အစိုးရကို မေတ္တာရပ်ခံရန်

(ဃ) အထက်ပါအချက် ၃-ချက်ကို မြို့နယ်သံဃ နာယကအဖွဲ့သည် အာဏာပိုင်အဖွဲ့အစည်း၏ ပံ့ပိုးမှုကို ရယူ၍ ဆောင်ရွက်ရန်၊

၂။ ထိုဆုံးဖြတ်ချက်အရ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့(ဂိုဏ်းစုံ)သည် မိမိတို့ပြည်နယ်/တိုင်း အတွင်းရှိ မိမိ တို့ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့များထံ ဆက်လက် အသိပေးဖြန့်ဝေ၍ မြို့နယ်သံဃနာယက အဖွဲ့များက လည်း ဆုံးဖြတ်ချက်(ဃ)ပါ အကူအညီကို ရယူ၍ မိမိတို့ မြို့နယ်အတွင်း အခမ္မဝါဒရှင်များ၏ ဟောပြောခွင့်၊ ရေး သားဖြန့်ဝေခွင့်အားလုံးကို လုံးဝပိတ်ပင်ပြီး ဆိုင်ရာ ရပ်/ ကျေးသံဃနာယကအဖွဲ့များထံ ဆက်လက်အသိပေး ဖြန့်ဝေခြင်းပြုကြရန် ဖြစ်ပါသည်။ ဆိုင်ရာ ရပ်/ကျေး သံဃနာယကအဖွဲ့များကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာ၊ ကျေးရွာအုပ်စုအတွင်း အားလုံးသိရှိအောင် ဆက်လက်ဖြန့်ဝေအသိပေးကြရန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ပါညွှန်ကြားချက်အတိုင်း လိုက်နာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုကို ပြန်လည် တင်ပြကြရန် အကြောင်းကြားပါသည်။

၄။ ဆုံးဖြတ်အပ်ပြီးသော အခမ္မဝါဒစာရင်းကို ပူးတွဲပေးပို့ ပါသည်။

# ၁၇၂ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

(လက်မှတ်)
ဘဒ္ဒန္တဂုဏောသန
အဂ္ဂမဟာပဏ္ဍိ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓ
ဒုတိယဥက္ကဋ္ဌဆရာတော်

(လက်မှတ်)
ဘဒ္ဒန္တမာနိတသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
တွဲဖက်အကျိုးတော်ဆောင်ဆရာတော်

မိတ္တူကို-

- ပြည်နယ်/တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအားလုံး
- သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန၊ နေပြည်တော်
- ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နေပြည်တော်
- ပါမောက္ခချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်မြို့
- ညွှန်ကြားရေးမှူး၊ သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ ရန်ကုန်မြို့
- ပြည်နယ်/တိုင်း၊ ခရိုင် သာသနာရေးမှူးများ အားလုံး

## ဆုံးဖြတ်အပ်ပြီးသောအဓမ္မဝါဒစာရင်း(ပူးတွဲ)

၁။ **ကျောက်သင်္ဘောဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁)က
(၂၃-၂-၈၁)နေ့တွင်"အဓမ္မဝါဒအဖြစ်" ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၂၃)တွင် ကြည့်ပါ။

၂။ **လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနနှင့် ရွှေအဘိဓမ္မာဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၂)က
(၂၉-၁၀-၈၁)နေ့တွင်"အဓမ္မဝါဒအဖြစ်" ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၃၅) တွင်ကြည့်ပါ။

၃။ **ကြောင်ပန်းတောရဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၃)က
(၂၇-၄-၈၂) နေ့တွင် "ဓမ္မဝါဒ" "အဓမ္မဝါဒ"ဟု
နှစ်ပိုင်းခွဲပြီး ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၄၀)တွင် ကြည့်ပါ။

၄။ **ကျောက်ပုံတောရဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄)က
(၉-၁၀-၈၂)နေ့တွင် "အဓမ္မဝါဒ"အဖြစ် ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၄၆)တွင် ကြည့်ပါ။

၅။ **ဦးမာလာဝရဝါဒ**

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၅)က
(၁-၄-၈၃)နေ့တွင် "အဓမ္မဝါဒ"နှင့် "တိတ္ထိယပက္ကန္တက" အဖြစ်
ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၅၃)တွင် ကြည့်ပါ။

၆။ **ဓမ္မနီတိဝါဒ**

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၆)က
(၁၅-၃-၈၃)နေ့တွင် "အဓမ္မဝါဒ" "အဝိနယဝါဒ"အဖြစ်
ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၅၅)တွင် ကြည့်ပါ။

၇။ **မိုးညိုဝါဒ**

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၇)က
ဆ(၇-၃-၈၃)နေ့တွင်"အဓမ္မဝါဒ"အဖြစ်ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၅၄)တွင် ကြည့်ပါ။

၈။ **ထွန်တုံးလက်ကျန်ဝါဒ**

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၈)က
(၃၁-၁၂-၈၅)နေ့တွင်"အဓမ္မဝါဒ"အဖြစ် ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၇၀)တွင် ကြည့်ပါ။

၉။ **တွံတေးဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာဝါဒ**

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၉)က
(၂၅-၂-၈၈)နေ့တွင်"အဓမ္မဝါဒ" "အဝိနယဝါဒ"အဖြစ်
ဆုံးဖြတ်သည်။

ညွှန်ကြားလွှာအမှတ်(၇၆)တွင် ကြည့်ပါ။

၁၀။ **မော်လမြိုင်မြို့၊**
**ရွှေဝါမြိုင်ကျောင်း၊နယ်သိမ်းသိမ်သမုတ်မှုဆိုင်ရာဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၁၀)က
(၇-၆-၈၉)နေ့တွင် "အဓမ္မဝါဒ" "အဝိနယဝါဒ"အဖြစ်
ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၈၇)တွင် ကြည့်ပါ။

၁၁။ **စမ်းကလေးဝါဒ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၁)က
(၁၆-၃-၉၈)နေ့တွင်"အဓမ္မဝါဒ"အဖြစ် ဆုံးဖြတ်သည်။
ညွှန်ကြားလွှာအမှတ်(၈၆)တွင် ကြည့်ပါ။

၁၂။ **မိုးကုတ်ဝိနိစ္ဆယ**
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၂)က
(၂၈-၃-၀၅)နေ့တွင် ဟောစဉ်တရားစာအုပ်နှင့် အသံသွင်းတိပ်ခွေရှိ ဟောတရားများမှ အချို့သောအချက်များကို သဘောတူ ဝန်ခံကတိပြုထားသည့်အတိုင်း ပယ်ဖျက်၊ ပြင်ဆင်၊ ဖြည့်စွက်ရန် ဆုံးဖြတ်ပါသည်။
မိုးကုတ်ဝိနိစ္ဆယတွင် ကြည့်ပါ။

၁၃။ **ဘိက္ခုနီဘာဝါဘာဝဝါဒ**
မသစ္စဝါဒီ (ပေါက်စေတီကျောင်း)
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

International Dhammacakka Foundation

## ၁၇၆ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၃)က
(၂၇-၅-၀၅)နေ့တွင် "အဓမ္မဝါဒ"အဖြစ် ဆုံးဖြတ်သည်။

၁၄။ **ပဋိစ္စသမုပ္ပာဒ်ဖြတ်လမ်း(၁၀)ရက်စခန်း၊ အထူးသင်တန်းကျမ်း၌ ပါသော အမှားကြီး(၂)ရပ်**

ဦးကိတ္တိသာရ၊ အောင်ဆန်းတောရတပ်ဦးကျောင်း၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၄)က
(၂၂-၆-၂၀၀၆)နေ့တွင် "အဓမ္မဝါဒ" အဖြစ် ဆုံးဖြတ်သည်။

၁၅။ **မိုးညှင်းမြို့ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရာဘိဝံသတို့၏ဝါဒ**

၁။ ဦးခေမိန္ဒ ၊ မဟာသတိပဋ္ဌာန်ရိပ်သာကျောင်း
မိုးညှင်းမြို့၊ ကချင်ပြည်နယ်။
၂။ ဦးဝိစိတ္တသာရာဘိဝံသ (ကျောင်းအုပ်ဟောင်း)
ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၅)က
(၁၆-၁၀-၀၆)နေ့တွင်"အဓမ္မဝါဒ"အဖြစ်ဆုံးဖြတ်သည်။

၁၆။ **မြစ်ကြီးနားဝိစိတ္တသာရဝါဒဝိနိစ္ဆယ**

ဦးဝိစိတ္တသာရာဘိဝံသ
ကျောင်းအုပ်ဟောင်း၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၁၆)က
(၁၇-၂-၀၉)နေ့တွင်"အဓမ္မဝါဒ"အဖြစ် ဆုံးဖြတ်သည်။

၁၇။ **ဉာဏာစာဂီဆရာတော်၏ အဓမ္မဝါဒ**

နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ လေသာဆရာတော် အမှူးရှိ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီး(၅)ပါးတို့က ဆုံးဖြတ်သည်။

(၁၂-၁-၈၂)နေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ရှေ့မှောက်၌ အဓမ္မဝါဒကို စွန့်လွှတ်သည်။

ညွှန်ကြားလွှာအမှတ်(၃၇)တွင် ကြည့်ပါ။

၁၈။ **ဆူးလေဦးမြင့်သိန်း၏ထေရဝါဒအမည်ခံဝါဒ**

ဦးမြင့်သိန်း မရှိတော့၍

ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၅)ပါးစုံညီ ဒသမအစည်းအဝေးက "အဓမ္မဝါဒအဖြစ်" ဆုံးဖြတ်၍ ထေရဝါဒ ဟူသော ဝေါဟာရကို ဖြုတ်ပယ်စေသည်။

ညွှန်ကြားလွှာအမှတ်(၅၀)တွင် ကြည့်ပါ။

၁၉။ **ဦးမြတ်သိန်းထွန်းဝါဒ**

၁၃၂၄-ခုနှစ်တွင် လက်ပံကန်းမြို့နယ်သံဃာဝိနိစ္ဆယအဖွဲ့က "အဓမ္မဝါဒအဖြစ်" ဆုံးဖြတ်သည်။

ပထမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၅)ပါးစုံညီ ဧကာဒသမအစည်းအဝေးက အတည်ပြု ပိတ်ပင်သည်။

ညွှန်ကြားလွှာအမှတ်(၅၂)တွင် ကြည့်ပါ။

---

(၁၇၈) နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များ

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# တိုင်းသံဃနာယကအဖွဲ့
# ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ဥက္ကဋ္ဌဆရာတော် - ၃၇၉၃၄၂ (ရုံး) ၅၇၂၈၀၄ (ကျောင်း)

ဒုဥက္ကဋ္ဌဆရာတော် - ၂၆၉၅၄၂

အကျိုးတော်ဆောင်ဆရာတော် - ၂၂၀၈၀၉ (ကျောင်း)

စာအမှတ် ၁၁၃၀/ တနက /(ဝိ-ထွေ)/၂၀၁၀

ရက်စွဲ၊ ၂၀၁၀-ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်

ဆက်ကပ်ပါရန်

ဥက္ကဋ္ဌဆရာတော်

မြို့နယ်သံဃနာယကအဖွဲ့ အားလုံး

. . . . . . . . . . . . . . . . . . မြို့နယ်

အကြောင်းအရာ။ ။ ဆုံးဖြတ်ပြီးသော အဓမ္မဝါဒများအား ဟောကြားရေးသားဖြန့်ဝေနေမှုကို တားမြစ်ရန်ကိစ္စ။

ရည်ညွှန်းချက်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ (၁၈-၆-၂၀၁၀) ရက်စွဲပါ စာအမှတ် ၀၈၆/ (နိုင်-သီးခြား)-၁၂/ဝိ-မဟာန

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၁၅-၂-၂၀၀၀ နေ့ ကျင်းပသော ဆဋ္ဌအကြိမ်နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ဒသမအစည်းအဝေး၏ ဆုံးဖြတ်ချက်ကို မြို့နယ်၊ ရပ်/ ကျေး သံဃနာယကအဖွဲ့များထံ ဆက်လက်အသိပေး ဖြန့်ဝေသွားရန် ရည်ညွှန်းပါစာဖြင့် ညွှန်ကြားလာပါသည်-

**ဆုံးဖြတ်ချက်**

ဆုံးဖြတ်ပြီးသော အဓမ္မဝါဒများအား ဟောကြားရေးသားဖြန့်ဝေနေမှု တားမြစ်ပေးရန်ကိစ္စ တင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ဆုံးဖြတ်အပ်ပြီးသော အဓမ္မဝါဒစာရင်းကို အဓမ္မဝါဒအဖြစ် တစ်သာသနာလုံးသိရှိနိုင်ရန် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က တောရောမြို့ပါ ဖြန့်ဝေအသိပေးရန်

(ခ) အဓမ္မဝါဒရှင်များ၏ ဟောပြောခွင့်၊ ရေးသားဖြန့်ဝေခွင့်အားလုံးတို့ကို လုံးဝပိတ်ပင်ရန်

(ဂ) သာသနာတော်ကြီးတစ်ရပ်လုံး၏ ဘေးရန်ကြီးဖြစ်သော အဓမ္မဝါဒများ မပြန့်ပွားအောင် အရေးတယူတားမြစ်ပိတ်ပင်ရေး နိုင်ငံတော်အစိုးရကို မေတ္တာရပ်ခံရန်

(ဃ) အထက်ပါအချက်(၃)ချက်ကို မြို့နယ်သံဃနာယကအဖွဲ့သည် အာဏာပိုင်အဖွဲ့အစည်း၏ ပံ့ပိုးမှုကိုရယူ၍

ဆောင်ရွက်ရန်

၂။ သို့ဖြစ်ပါ၍ အထက်အပိုဒ်(၁)ပါ ဆုံးဖြတ်ညွှန်ကြားမှုများကို မိမိတို့ မြို့နယ်အတွင်းရှိ ရပ်/ကျေး သံဃနာယကအဖွဲ့များထံ ဆက်လက်အသိပေး ဖြန့်ဝေမှု ပြုပေးတော်မူနိုင်ပါရန် ထပ်ဆင့်အကြောင်းကြား လျှောက်ထားအပ်ပါသည်ဘုရား။

ပူးတွဲ - ညွှန်ကြားစာပါ(၃)ရွက်။

(လက်မှတ်)
ဘဒ္ဒန္တကုဏ္ဍလ
အကျိုးတော်ဆောင်
တိုင်းသံဃနာယကအဖွဲ့

မိတ္တူကို -

-ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
-ဥက္ကဋ္ဌ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်တိုင်း
-တိုင်းသာသနာရေးမှူး၊ ရန်ကုန်တိုင်း
-ခရိုင်သာသနာရေးမှူး၊
-အရှေ့/အနောက်/တောင်/မြောက်၊ ရန်ကုန်
-အမိကစာတွဲ/လက်ခံစာတွဲ

# အဓမ္မဝါဒများကို ရှုမြင်ဆင်ခြင်ခြင်း

(သာသနာရေးစာတမ်း)

## နိဒါန်း

ဗုဒ္ဓသာသနာတော်သမိုင်းတွင် သာသနာ့ဘေးအန္တရာယ် အကြိမ်ကြိမ်ကျရောက်ခဲ့ရာ ထေရဝါဒ မူရင်းဓမ္မများကို ထိမ်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် သင်္ဂါယနာပွဲများကိုလည်း ခြောက် ကြိမ်တိုင်တိုင်တင်၍ ထေရ်သံဃာဆရာစဉ်ဆက် အမြော်အမြင် ကြီးမားစွာဖြင့် ဆောင်ရွက်ခဲ့ကြရသည်။

သာသနာတော်နှစ် ၃-လ ၄-ရက်တွင် **ပထမသင်္ဂါယနာ**၊ သာသနာတော်နှစ်-၁၀၀ တွင် **ဒုတိယသင်္ဂါယနာ**၊ သာသနာတော် နှစ် -၂၃၅ တွင် **တတိယသင်္ဂါယနာ** တင်ခဲ့ကြရသော သင်္ဂါယနာ ပွဲများဖြင့် ရဟန်းပုဂ္ဂိုလ်များ၏ ဝိနည်းကျင့်ဝတ် ဖောက်ဖျက်လိုမှုကို အကြောင်းပြု၍ သာသနာ့ အန္တရာယ်ကို ကာကွယ်ခဲ့ရသကဲ့သို့ သာသနာတော်နှစ်-၄၅၀ တွင် **စတုတ္ထသင်္ဂါယနာ**၊ သာသနာ တော်နှစ်-၂၄၁၅ တွင် **ပဉ္စမသင်္ဂါယနာ**၊ သာသနာတော်နှစ် ၂၅၀၀ တွင် **ဆဋ္ဌမသင်္ဂါယနာ**တင်ပွဲတို့ဖြင့် ပိဋကတ်တော်များ သန့်စင် တည်တံ့စေရန် သာသနာ့ဟာဝန်ကို ကျေပွန်စွာ ထမ်း ဆောင်ခဲ့ကြပါသည်။

## ၁၈၂ နိုင်ငံတော်သီးခြားဝိနည်းခိုရ်အဖွဲ့များ

ပြင်ဆင်ရန်လည်း မလို၊ ဖြည့်စွက်ရန်လည်း မရှိ၊ မူရင်းအတိုင်း ထေရ်သံဃာအဆက်ဆက်တို့ စောင့်ရှောက်တော်မူခဲ့ကြသည့် ပိဋကတ်တော်သုံးပုံတို့တွင် ပုဂ္ဂိုလ် စရိုက် အခြေအနေကိုလိုက်၍ အကြောင်းအားလျော်စွာ ဆုံးမတတ်သော 'ယထာနုလောမ သာသနာ' ဟုခေါ်တွင်သည့် **သုတ္တန္တပိဋက**၊ ပရိသတ်လေးပါးတို့အတွက် အပြစ်အားလျော်စွာ ဆုံးမတတ်သော 'ယထာပရာဓ သာသနာ' ဟုခေါ်တွင်သည့် **ဝိနယပိဋက**၊ သဘာဝတရားအရှိကိုအရှိအတိုင်း တရားသဘောအားလျော်စွာ ဟောကြားဆုံးမတတ်သော 'ယထာဓမ္မသာသနာ' ဟုခေါ်တွင်သည့် **အဘိဓမ္မာပိဋက**တို့ကို မြတ်စွာဘုရားရှင် သာသနာတော်နှစ် ၂၆၀၀ခန့် အထိ နှစ်ပေါင်းများစွာ တည်တံ့ခိုင်မာ ထိန်းသိမ်းလာခဲ့ကြသည်။

သို့သော်လည်း သာသနာ့သမိုင်းကြောင်းတစ်လျှောက်တွင် အသားထဲမှ လောက်ထွက်သည့်ပမာ သာသနာတော်တွင် မှီခိုနေထိုင်ပြီး အရိပ်နေနေ အခက်ချိုးချိုး၊ ခင်းအိပ်သည့်သားရေကို ကိုယ်ပြန်စားသကဲ့သို့ သာသနာတော်၏ အသက်သဖွယ်ဖြစ်သော ဝိနည်းပိဋကတော်များကို အလေးမထားဘဲ ဖောက်ဖျက်လွန်ကျူးမှုများနှင့် ပိဋကတ်တော်ကျမ်းစာများကို ဝေဖန်ဆန့်ကျင်ကိုယ်ထင်ရာ ဖော်ပြသော အတ္တနောမတိဖြင့် ဖျက်ဆီးနေကြသူများသည် ခေတ်အဆက်ဆက် ပေါ်ပေါက်ခဲ့ကြသည်။

မူရင်းသာသနာတော်မှ မဟာယာနစသော ဂိုဏ်းသစ်ထူထောင်၍ သီးခြားအယူဝါဒတီထွင်သူများသည် ကွဲပြားခြားနား

သော သဘာဝကို သိသာမြင်သာသဖြင့် အန္တရာယ်မများလှပေ။

သို့ရာတွင် ထေရဝါဒဗုဒ္ဓဘာသာအမည်ခံကာ ပိဋကတ်တော်များကို ဆန့်ကျင်ဝေဖန်တိုက်ခိုက်၍ အနီးကပ် ပူးသတ်နေသည့် အတွင်းရန်သူများ၏ဘေးရန်က အလွန်အန္တရာယ် ကြီးမားလှပေသည်။

တချို့က ဂိုဏ်းဂဏစွဲ၊ ဆရာစွဲ၊ ပုဂ္ဂိုလ်စွဲဖြင့် ဆံန့်ကျင်မှုပြုကြသည်။ တချို့က အယူဝါဒစွဲ၊ ဒဿနအတွေးအကြံ လွန်ကဲစွာဖြင့် ဝေဖန်ဆန့်ကျင်ကြသည်။ တချို့က ရုပ်ဝါဒလွှမ်းမိုးမှုဖြင့် ဗုဒ္ဓဒေသနာတော်များကို ရုပ်ဝါဒဘောင်ထဲသို့ အတင်းအဓမ္မ သွတ်သွင်းရန် မိုက်မဲစွာ ကြိုးစားကြသည်။ တချို့က မိရိုးဖလာယောင်ယောင်၊ သိဒ္ဓိရှင်-တန်ခိုးရှင်ဝါဒယောင်ယောင်၊ အမျှော်အကြောက်ကိုးကွယ်မှုများဖြင့် အတ္တဝါဒကို အသက်သွင်းနေကြသည်။

**ထိုကဲ့သို့ သာသနာတော်ကြီးတွင် မြင်ရ-မမြင်ရသည့် အန္တရာယ်များ ဝိုင်းရံနေလေရာ ဘုရားရှင်သာသနာတော် အဆုံးအမအစစ်၊ ဓမ္မအစစ်များကို မသိရှိ မကျင့်သုံးဖြစ်ခဲ့လျှင် လမ်းပေါ်မှာ လမ်းပျောက်သူကဲ့သို့ ဘဝသံသရာအတွက် ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ရပေလိမ့်မည်။**

အလျှုတကာ့အလျှုတွင် သမ္မာဒိဋ္ဌိတရားတော်များ ပြန့်ပွားစေသော ဓမ္မဒါနအလှူသည် အမြတ်ဆုံး ဖြစ်သည်။ သတိပြုရန်အချက်တစ်ခုမှာ အကုသိုလ်အပြစ်များတွင် အကြီးမားဆုံးမှာ အဓမ္မဝါဒကို လက်ခံကျင့်သုံးစွဲလမ်းသော အမမ္မဝါဒီမိစ္ဆာဒိဋ္ဌိဘဝသို့

ရောက်ရှိနေခြင်းပင် ဖြစ်သည်။ တချို့ အဓမ္မဝါဒ အယူအဆများမှာ အလွန်သိမ်မွေ့လွန်းသည်။ ထို့ကြောင့် ဘုရားဟော တရားအစစ်ဟု ထင်မှတ်မှားကာ ပြန့်ပွားအောင် ဖြန့်ချိမိတတ်ကြသည်။

ယခင်ခေတ်ကာလတစ်ခုကဆိုလျှင် အယူဝါဒ ဂိုဏ်းဂဏကို စွဲ၍ သံဃာ့ဂိုဏ်းများစွာ ကွဲပြားပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ သိမ်အတူမဝင်၊ ဆွမ်းအတူ မစားသည်အထိ စိတ်ဝမ်းလည်း ကွဲပြားခဲ့ကြဖူးသည်။ထိုအခြေအနေများကြောင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကျင်းပကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဖွဲ့စည်းခဲ့သည်။ သံဃာ့ညီညွတ်ရေးနှင့် ဓမ္မ-အဓမ္မဝိနိစ္ဆယ ဆုံးဖြတ်ချက်များကိုချမှတ်ခဲ့သည်။ သာသနာတွင်း ပြုပြင်သန့်ရှင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်တော်မူခဲ့ကြသည်။

သို့ရာတွင် သာသနာ့ဘေးရန် အယူအဆဝါဒ ပေါင်းစုံတို့ကလည်း သိသိသာသာရော မသိမသာပါ ပုံစံအမျိုးမျိုးဖြင့် သွေးတိုးစမ်းနေကြသည်။ ဆုံးဖြတ်ပြီးသား အဓမ္မဝါဒများကလည်း စာအုပ်၊ စီဒီ၊ အင်တာနက်၊ သင်တန်းများဖြင့် ပြန်လည် ခေါင်းထောင်လာကြသည်။ ဝါဒအဟောင်းကို ပြုပြင်မွမ်းမံထားသော ဒဿနဝါဒအသစ် စွဲကိုင်ထားကြသူများကလည်း တိတ္ထိဘုရားကြီးများ ပွင့်သကဲ့သို့ ပေါ်ပေါက်လာကာ နည်းမျိုးစုံဖြင့် လူအများကို စည်းရုံးသိမ်းသွင်းနေကြသည်။

ယနေ့ခေတ်အချိန်အခါတွင် ဘာသာရေး၊ သာသနာရေးကို စိတ်ပါဝင်စားစွာ လေ့လာသူများပြားလျက်ရှိရာ ပထမဦးဆုံး

တွေ့သောဆရာသည် ဓမ္မလမ်းစဉ်မှ သွေဖည်နေသော အဓမ္မ အယူ ရှိနေသူ ဖြစ်ပါက ထိုဝါဒ၏ တရားအစွဲဝင်သွားလျှင် ဘုရားကိုပင် ဆန့်ကျင်ဝေဖန်ရန် ဝန်မလေးတော့သည်ကို တွေ့နေရသည်။ **ထို့ကြောင့် အဓမ္မဝါဒီများ များလာလေလေ လူအများအတွက် သံသရာဘေးတွေ့စေမည့် အန္တရာယ်များ များလေလေပင် ဖြစ်သည်။**

ယနေ့ခေတ်တွင်တွေ့မြင်နိုင်သော သာသနာတော်၏ ဘေးအန္တရာယ်များကို လေ့လာကြည့်လျှင် ၃-မျိုးခွဲခြားနိုင်သည်။

## (၁) ပုဂ္ဂိုလ်အမှား သာသနာ့အန္တရာယ်များ

ပုဂ္ဂိုလ်ဟူသည်မှာ သာသနာတော်၏ပရိသတ် ၄-မျိုး ဖြစ်သော ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပသိကာတို့ ဖြစ်ကြသည်။ ရဟန်းတော်များသည် သာသနာတော်၏အသက်ဟု ခေါ်ဆိုရမည့် ဝိနည်းတရားတော်နှင့်အညီ နေထိုင်မှု အားနည်းလာလျှင်လည်းကောင်း၊ ဘိက္ခုနီမများနေရာတွင် အစားထိုးထားသည့် သာသနာ့နွယ်ဝင် သီလရှင်များ စည်းကမ်းမရှိ ဖြစ်လာလျှင်သော်လည်းကောင်း၊ သာသနာတော်ကို အထောက်အပံ့ကောင်း ပြုရမည့် ဒကာ-ဒကာမများသည် ဓမ္မအသိအမြင် အားနည်းလာပြီး ဆရာဒကာ ဆက်ဆံရေးများ နည်းလမ်းမကျ ပျက်ယွင်းဟောလျှင်သော်လည်းကောင်း သာသနာ့ဂုဏ်သိက္ခာညှိုးနွမ်းကာ ထေရဝါဒဓမ္မ၏ အနှစ်သာရများ ပျက်စီးသွားရပေလိမ့်မည်။

 နိုင်ငံတော်သီးခြားဝိနည်းစိုရ်အဖွဲ့များ

(ဝိနည်းတော်နှင့် မညီညွတ်ရုံမက လူမျိုး ဘာသာ သိက္ခာ ကျဆင်းစေမည့် နေထိုင်ပြုမူမှုများ၊ လမ်း ဈေး တို့တွင် စည်းကမ်းမဲ့ အလှူခံနေမှုများ၊ ဗေဒင် လက္ခဏာ ဟောခြင်း၊ စီးပွားရေးလုပ်နေခြင်းများကို ဓမ္မစက်+ အာဏာစက်တို့ဖြင့် တားမြစ်ရန် လိုအပ်နေပေပြီ။

ထို့ပြင် သာသနာပြုအမည်ခံပြီး သာသနာပ အဝိဇ္ဇာ လမ်းစဉ်လိုက်ကာ လူအများကို အသိမှား၊ အယူမှားများ ဖြန့်ဝေနေသော ဝိဇ္ဇာဘုန်းကြီးများနှင့် ဘိုးတော်၊ မယ် တော်၊ နတ်ကတော်များကိုလည်း ဝေးဝေးက ရှောင်နိုင်မှ သရဏဂုံ ပျက်စီးခြင်းဘေး၊ ယခုဘဝ လူဖြစ်ရှုံးခြင်းဘေး ကင်းဝေးနိုင်ပေလိမ့်မည်။)

## (၂) ကိုးကွယ်ယုံကြည်မှုအမှား သာသနာ့အန္တရာယ်များ

ယုံကြည်မှုဟူရာ၌ မိရိုးဖလာ ကိုးကွယ်ယုံကြည်မှုနှင့် စိတ် ဓာတ်ပိုင်းဆိုင်ရာ အားနည်းချက်ကြောင့် အသစ်အဆန်းများကို ယုံကြည်မှုဟု နှစ်ပိုင်း ခွဲခြားနိုင်သည်။

ဗုဒ္ဓဝါဒသည် အတ္တဝါဒကို ပယ်ရှားသော အနတ္တဝါဒဖြစ် သည်။ မိမိကိုယ်ပိုင်ဖြစ်သော ဆင်ခြင်တုံတရားကို လက်ကိုင်ပြု၍ ဝေဖန်သိအမြင်ဖြင့် ရှုမြင်သော ဝိဘဇ္ဇဝါဒ ဖြစ်သည်။ ကောင်းမှုနှင့် ကောင်းကျိုးတရား၊ မကောင်းမှုနှင့်ဆိုးကျိုးတရားတို့၏ ဆက်စပ်

မှု အကြောင်းအကျိုးသဘာဝကို လက်ခံသည့် ကမ္မဝါဒဖြစ်သည်။

ထိုကဲ့သို့ အကြောင်းအကျိုး ဆင်ခြင်တုံတရားများမှ ကင်းလွတ်သော အယူဝါဒများဖြစ်သော ရိုးရာနတ်စိမ်းများကို ယုံကြည်ကိုးကွယ်ခြင်းသည် သရဏဂုံသီလကို ညစ်နွမ်းပျက်စီးစေသည်။ ဘုရား၊ တရား၊ သံဃာမှလွဲပြီး တခြားကိုးကွယ်ရာဟူ၍ မရှိပါ ဟူသော ဘုရားရှေ့ဝန်ခံမှုကိုလည်း လိမ်လည် ဖောက်ဖျက်ရာရောက်သည်။ ကိုးကွယ်သူအတွက်လည်း ငွေကြေးကုန်ကျရမှု၊ ထိတ်လန့်ကြောက်ရွံ့ရမှု စသော ဝန်ထုပ်ဝန်ပိုးကို ဖြစ်စေသည်။

ထို့ပြင် အသစ်အဆန်းဖြစ်သော နတ်များ၊ ပုဂ္ဂိုလ်ထူးများ ကိုးကွယ်မှု၊ "ငွေကြေး၊ ရာထူးအဆင်ပြေရင်လဲ အမြတ်ပဲ၊ ဖြစ်မလာလဲ အရှုံးမရှိပါဘူး"ဟု ဆိုကာ မစားရဝခမန်း အပြောကောင်းသမျှ ယုံကြည်ပြီး အန်းကုန်း၊ ကွမ်ရင်၊ မဟိန္ဒရာ၊ သူရဿတီ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်မျိုးစုံ၊ ဘိုးတော်ရောင်စုံ၊ ရှင်ဥပဂုတ်နှင့် ရုပ်တုဆန်းပေါင်းမျိုးစုံ၊ အဆောင်အင်းကွက်ပေါင်းမျိုးစုံ ကိုးကွယ်မှုတို့သည်လည်း အိမ်ဦး ဘုရားခန်းတွင်းသို့ ကျူးကျော် ဝင်ရောက်နယ်ချဲ့လျက် ရှိကြသည်။

"ကိုးကွယ်တာ အကျိုးပေးရင် အမြတ်၊ အကျိုးမပေးလဲ အရှုံးမရှိပါဘူး"ဟု အကြောင်းပြကြသည်။ **အမှန်တွင် တန်ဖိုးအရှိဆုံး အစားထိုးမရသော သရဏဂုံသီလနှင့် သမ္မာဒိဋ္ဌိအယူဝါဒ ပျက်စီးဆုံးရှုံးသွားခြင်းကိုမူ သတိမထားမိလိုက်ပေ။**

လောကတွင် ငွေကြေးဥစ္စာပစ္စည်း ဆုံးရှုံးရခြင်းထက်

စိတ်ဓာတ်ပျက်စီးဆုံးရှုံးခြင်းသည် ပို၍ ဆိုးဝါးလှသည်။ ပို၍လည်း အပြစ်ကြီးလှပေသည်။

(ထို့ကြောင့် လူတိုင်းလူတိုင်း မိမိကိုယ်တွင်းတွင် ဗုဒ္ဓ အဆုံးအမများ တည်ရှိလာအောင် ရှေးဦးစွာ သာသနာ ပြုသင့်ကြသည်။ ထိုမှတစ်ဆင့် မိသားစုကို တရားနှင့် အညီ ဘဝနေနည်းတတ်အောင် အိမ်တွင်းသာသနာပြုပြီး ပတ်ဝန်းကျင် မိတ်ဆွေများကို မျှဝေကြရပေမည်။)

## (၃) အယူဝါဒအမှား သာသနာ့အန္တရာယ်များ

ဤအပိုင်းသည် ဤကျမ်းစာအုပ်တွင် ဖတ်ရှုခဲ့ကြရသည့် အကြောင်းအရာများပင်ဖြစ်ကြသည်။

ဓမ္မနှင့်အဓမ္မ၊ အမှန်နှင့်အမှား၊ ကုသိုလ်နှင့်အကုသိုလ် သည် ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိ (အယူမှန် နှင့်အယူမှား)သည်လည်း လုံးဝဆန့်ကျင်ဘက် ဖြစ်သည်။

ယနေ့ ထေရဝါဒသာသနာတော်ကို ဆန့်ကျင်တိုက်ခိုက် လျက်ရှိသော အဓမ္မဝါဒများ၏ အတွင်းသရုပ်ကိုကြည့်လျှင် အများ စုသည် ၃၁-ဘုံနှင့် ဘဝသံသရာကို လက်မခံသော ရုပ်ကြွမ်းဝါဒနှင့် ဆက်စပ်နေသည်ကို တွေ့မြင်နိုင်သည်။ တစ်ချိန်က တိုးတက်သော အတွေးအမြင်သစ်အဖြစ် ကွန်မြူနစ်ရုပ်ဝါဒ ပေါ်ပေါက်ခဲ့သည်။ ၎င်းဝါဒီတို့က အလွန်နက်နဲသော ဗုဒ္ဓတရားတော်များကို ရုပ်ဝါဒ

<u>အယူအဆနှင့် ကိုက်ညီအောင် ကြံစည်တွေးခေါ်ခဲ့ကြသည်။ ထိုမှ သာသနာဖျက်အန္တရာယ်များ ဖြစ်ပေါ်လာခဲ့ရသည်ဟု လေ့လာတွေ့ရှိရသည်။</u>

အဓမ္မဝါဒအဖြစ် ကြေငြာခဲ့ရသော ကျောက်သင်္ဘောဝါဒ၊ လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနအဖွဲ့၊ ရွှေအဘိဓမ္မာဝါဒ၊ ဦးမာလာဝရဝါဒ၊ ဓမ္မနီတိဝါဒ၊ မိုးညှင်းမြို့ ဦးခေမိန္ဒဝါဒ၊ မြစ်ကြီးနား ဦးဝိစိတ္တသာရဝါဒနှင့် ယင်း၏ဆရာဖြစ်သော မိုးပြာဂိုဏ်း ရှင်ဉာဏ၏ ပစ္စုပ္ပန်ကမ္မဝါဒတို့သည် ရုပ်ဝါဒအတွင်းသို့ ဗုဒ္ဓဝါဒကို အတင်းထည့်သွင်းထားသော အယူမှား(မိစ္ဆာဒိဋ္ဌိ)များ ဖြစ်ကြသည်။

ကျန်သောအဓမ္မဝါဒများမှာ မူရင်းပိဋကတ်တော်များ၏ ဆိုလိုရင်းအဓိပ္ပာယ်များကို မိမိစိတ်ကူးရသလို ဖွင့်ဆိုကာ ကိုယ်ပိုင်တရားဆန်းများအဖြစ် အထူးထူး ကြံစည်ပြီး ငါ့တရားဖြစ်အောင် မရိုးဖြောင့်သောအကြံဖြင့် ဟောကြားကြခြင်း၊ ယူဆကျင့်သုံးကြခြင်း ဖြစ်ကြောင်း တွေ့ရသည်။

အထူးသဖြင့် ယနေ့အချိန်အခါတွင် ပရိယတ္တိပိဋကတ်တော်ကို ဆန့်ကျင်မှုသာမက ပဋိပတ္တိအကျင့်လမ်းနှင့် ပတ်သက်၍လည်း ဝေဖန်မှုများ ဖြစ်ပေါ်လာသည်။

ထင်ရှားသော ဓမ္မကထိက တရားဟောပုဂ္ဂိုလ်တချို့သည် **"တရားထိုင်ဖို့မလိုပါဘူး၊ ငါတို့ဟောသည့် တရားနာလျှင် တရားရမည်"**ဟု လှုံ့ဆော် ဟောပြောနေကြသည်။ ကမ္မဋ္ဌာန်းနည်း-၄၀ နှင့် မဟာသတိပဋ္ဌာနသုတ်တို့ကို ဘေးဖယ်ထားကြ

သည်။ ယခင်က ပေါ်ခဲ့ဖူးသော စမ်းကလေးဝါဒနှင့် သဘောချင်း တူနေသည်။

တချို့တရားစခန်းများသည် ဓမ္မရိပ်သာ အမည်ခံသော်လည်း တရားမထိုင်ရပေ။ တရားကိုသာ နာရသည်။ တရားနာခြင်းသည် အလွန်လိုအပ်သော်လည်း ဝိပဿနာသတိပဋ္ဌာန်လုပ်ငန်းကို ရှုတ်ချသောတရားမျိုး ဟောနေလျှင်တော့ ဘုရားဟောတရားကို ဝေဖန် ဆန့်ကျင်ရေး လှုံ့ဆော်ခြင်းသာ ဖြစ်ပေမည်။

တရားရိပ်သာတချို့တွင်လည်း ဘုရားဟောတရားတော်နှင့်မညီသော ကိုယ်ပိုင်ကြံစည်တီထွင်မှုနည်းလမ်းများကို အသုံးပြုကာ မိမိအဖွဲ့အစည်း ထင်ရှားရေးအတွက် ထူးဆန်းသောနည်းလမ်းများကို အသုံးပြု ဆောင်ရွက်လာကြသည်။

တချို့က အတိတ်ဘဝများကို စိတ်ကူးယဉ်နိုင်မှ တရားရသည်ဟု အစွဲသွင်းသည်။ တချို့က မဂ်ရ-မရ စမ်းသပ်သည်ဟုဆိုကာ လက်များကို လေတွင် ဆန့်တန်းခြင်း စသော ထူးဆန်းမှုများဖြင့် အံ့သြတတ်သူများကို စည်းရုံးသည်။ တချို့က ဘုရားထိုင်ထိုင်နည်းဖြင့် ထိုင်စေပြီး အထိုင်အောင်သည်ဟု သတ်မှတ်ပေးသည်။

တချို့က နိဗ္ဗာန်အကြောင်း တွင်တွင်ပြောပြီး ဂိုဏ်းဖွဲ့လူစု ထင်ရာကို ပြုကြသည်။ တချို့က ၁၅-ရက်ဖြင့် သောတာပန်လုံးဝ ဖြစ်စေရမည်ဟု အာမခံဖြင့် လူစိတ်ဝင်စားအောင် ဆွဲဆောင်စည်းရုံးကာ လစ်ခနဲ ဟာခနဲ ဖြစ်လျှင် မဂ်ကျပြီဟု ဆုံးဖြတ်ပေးခြင်းဖြင့် ယောဂီများကို မြှောက်ပင့် သတ်မှတ်ပြီး အရိယာဂိုဏ်း ထူထောင်နေကြသည်။

(လူ၏စိတ်သည် လှည့်စားရ အလွန်လွယ်ကူခြင်း သဘော ရှိ၍ သမထဆန်ဆန် ဆောင်ရွက်ခိုင်းပြီး စိတ်ဓာတ် ပြောင်းလဲမှုများကို တရားအဖြစ် သတ်မှတ်ပေးခြင်းဖြင့် ယောဂီများ၏ အထင်ကြီး ကြည်ညိုမှုအစွဲကို ရယူကာ အဖွဲ့အင်အား ကြီးမားအောင် ဆောင်ရွက်လေ့ရှိကြသည်။ တချို့နေရာများတွင် လူပုဂ္ဂိုလ်ရဟန္တာဟုပင် မိမိကိုယ်ကို ဝန်ခံနေသည်။ စိစစ်ဖို့ အချိန်ရောက်ပေပြီ။)

ဖော်ပြခဲ့သည့် အကြောင်းအရာများအပြင် သာသနာတော်ကို ထိခိုက်စေမည့် ဘေးအန္တရာယ်များသည် ပုံစံအမျိုးမျိုးဖြင့် ရှုထောင့်ပေါင်းစုံတွင် ရှိနေကြပါသည်။

အမှန်တကယ်တွင်မူ ဗုဒ္ဓဒေသနာတော်များသည် သူ့အတိုင်းပင် ရှင်းလင်းတိကျစွာ ရှိနေကြပါသည်။ သာသနာတော်သန့်ရှင်းရေးဟု သုံးနှုန်းကြသော်လည်း ဘုရားရှင် အဆုံးအမတည်းဟူသော သာသနာတော်မှာ မူလကတည်းကပင် သန့်ရှင်းပြီးသား ဖြစ်ပါသည်။ သာသနာတော်တွင်း အန္တရာယ်ပြုနေသည်မှာ လူပုဂ္ဂိုလ်များနှင့် ယင်းတို့၏အဓမ္မဝါဒများသာ ဖြစ်ကြသည်။

မြတ်ဗုဒ္ဓ မိန့်မှာတော်မူခဲ့သော ဓမ္မစကားတစ်ခွန်းကို အမှတ်ရခြင်းဖြင့် ဤသာသနာရေးစာတမ်းငယ်ကို နိဂုံးချုပ်ပါမည်။

**"သာသနာတော်မှာ အဓမ္မကိုအဓမ္မမှန်း သိလျက်နဲ့ ဓမ္မဖြစ်အောင် မပြုပြင် မဆောင်ရွက်ဘဲ ကိုယ်နဲ့မဆိုင်**

သလို ရေငုံနှုတ်ပိတ်လုပ်ပြီး မသိချင်ယောင် ဆောင်နေမယ်ဆိုရင် အဲဒီလို တာဝန်မသိဘဲ အချောင်လိုက်နေသူဟာ အပြစ်ကင်းတယ်လို့ မဆိုနိုင်ဘူး” ဟု အဓိပ္ပာယ်ရသည်။

“တာဝန်သိသူမှာ တာဝန်ရှိသည်” ဟူသော ဆိုရိုးစကားတစ်ခု ရှိပါသည်။ “တာဝန်သိသူက ပိုအလုပ်ရှုပ်ပြီး ပင်ပန်းလို့ တာဝန် မသိသူသာ ဖြစ်ချင်တယ်”ဟု တွေးလျှင် ပညာမဲ့ လူညံ့တစ်ယောက်ဘဝသို့ ရောက်ရှိသွားပေလိမ့်မည်။

တာဝန်သိစိတ်သည် ပညာရှိ လူကောင်း လူတော် မြင့်မြတ်သူတစ်ဦး၏ စိတ်ထားဖြစ်သည်။

ကျွန်ုပ်တို့သည် ပညာမဲ့ လူညံ့တစ်ယောက်၏ဘဝနှင့် ပညာရှိ သူမြတ်တစ်ယောက်၏ဘဝတွင် မည်သည်ကို ရွေးချယ်ကြမည်နည်း. . . ။

ဤမေးမြန်းချက်ကို ရဲရင့်ပြတ်သားစွာ ဖြေကြားရန် အချိန် ကျရောက်လာပါပြီ။

ဓမ္မစက္က ဦးမောင်မောင်

အမှတ် ၂၇၃၀၄
ရက်စွဲ

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့များမှ ဆုံးဖြတ်အပ်ပြီးသော အဓမ္မဝါဒ စာရင်း


၁။ ကျောက်သဘော် ဝါဒ
၂။ လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသန နှင့် ရွှေအဘိဓမ္မာ ဝါဒ
၃။ ကြောင်ပန်းတောရ ဝါဒ
၄။ ကျောက်ပုံတောရ ဝါဒ
၅။ ဦးမာလာဝရ ဝါဒ
၆။ ဓမ္မနီတိ ဝါဒ
၇။ မိုးညို ဝါဒ
၈။ ထွန်တုံးလက်ကျန် ဦးထင်ဝါဒ
၉။ တွံတေး ဦးပုညာစာရ၏ သိမ်သမုတ်ခြင်းဆိုင်ရာ ဝါဒ
၁၀။ မော်လမြိုင်မြို့ ရွှေဝါမြိုင်ကျောင်း၊ နယ်သိမ်းသိမ်သမုတ်မှု ဆိုင်ရာ ဝါဒ
၁၁။ စမ်းကလေးဝါဒ
၁၂။ မိုးကုတ်ဝိနိစ္ဆယ
၁၃။ ဘိက္ခုနီဘာဝါဘာဝ ဝါဒ
၁၄။ ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်း (၁၀)ရက်စခန်း၊ အထူးသင်တန်းကျမ်း၌ ပါသော အမှားကြီး (၂)ရပ်
၁၅။ မိုးညှင်းမြို့ ဦးခေမိန္ဒနှင့် ဦးဝိစိတ္တသာရာဘိဝံသတို့၏ ဝါဒ
၁၆။ မြစ်ကြီးနား ဝိစိတ္တသာရ ဝါဒဝိနိစ္ဆယ


(နောက်ဆက်တွဲ)


၁။ ဉာဏစာဂီ ဆရာတော်၏ အဓမ္မဝါဒ
၂။ ဆူးလေဦးမြင့်သိန်း၏ ထေရဝါဒ အမည်ခံဝါဒ
၃။ ဦးမြတ်သိန်းထွန်း ဝါဒ
၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာများ


၂